လွတ်လပ်ပြီး အမှီအခိုကင်းသော ရီပိုတာ

# The Reporter NEWS JOURNAL

အတွဲ (၁) အမှတ် (၁၉)
၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့တွင် စတင်ထုတ်ဝေသည်
၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၂ ရက်

**ပဲစာရင်းအမှားနှင့် ရွေးကောက်ပွဲ တရားမျှတမှု** စာ - ၁၉

## ပါတီပဲဆွယ်ဆိုင်းဘုတ်များ ဖျက်ဆီးခံရမှုက ဆူပူမှုဆီ ဦးတည်နေသလား စာ - ၃

**ပြည်သူ့အကျိုးစီးပွား ကာကွယ်မည့်သူများ ဆယ်သက်စာ စီးပွားဖြစ်ပြီးနောက် ပြည်သူ့အကျိုးမေ့ပျောက်ဟု ဝေဖန်** စာ - ၂





## ဘာသာရေးကြောင့် မတည်ငြိမ်မှုများ မဖြစ်ပေါ်စေရေး အာဏာပိုင်များ လေးလေးနက်နက် စဉ်းစားဆောင်ရွက်သင့် စာ - ၂

**ပါတီအောင်နိုင်ရေးယာဉ်မှ ဗွီနိုင်းနှင့်အလံ ဖျက်ဆီးသည်ဟု ယူဆရသူကို ဖမ်းဆီး** စာ - ၁၄

**အာဏာရှင်စနစ်မချုပ်ငြိမ်း သရွေ့ထောင်တွင်းတိုက်ပွဲများရှိနေ ဦးမည်ဆို** စာ - ၁၀

**မဲစာရင်းမပါသေးလျှင် ဘော့ပင်ဆောင်ထားပြီးလက်ဖြင့်ရေးဖြည့် သေဆုံးသူ နာမည်ပါလျှင် ဆော့ပင်အပြာဖြင့်သာ ခြစ်ပစ်လိုက်ဟုရာဝတီတိုင်းကော်မရှင် ဥက္ကဋ္ဌပြော** စာ - ၃၂






**ရှေ့နေများကို ကာကွယ်ရန် ဥပဒေမရှိဟု ရှေ့နေများကွန်ရက်ဆို** စာ - ၅

**တရားမဝင်ရွှေ့ပြောင်းလုပ်သားများ ဆန္ဒမဲပေးရန်ပြန်လာစဉ် လဝက အရေးယူပါက တာဝန်မယူနိုင်ဟု ဦးတင်အေးပြော** စာ - ၂

## လစဉ်ဆန်နှင့်ဆီအလကားပေးမည်ဟု တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီမဲဆွယ် စာ - ၁၅

# ဘာသာရေးကြောင့်မတည်ငြိမ်မှုများမဖြစ်ပေါ်စေရေးအာဏာပိုင်များလေးလေးနက်နက်စဉ်းစားဆောင်ရွက်သင့်

**ရန်ကုန်၊ စက်တင်ဘာ ၂၉**

လာမည့် ရွေးကောက်ပွဲတွင် ဘာသာရေးကို နိုင်ငံရေးတွင်အသုံးချကာ နိုင်ငံရေးမတည်ငြိမ်မှုများ ဖြစ်ပေါ်မှုမရှိစေရန် အုပ်ချုပ်ရေးအာဏာပိုင်များအနေဖြင့် လေးလေးနက်နက်စဉ်းစားသင့်ကြောင်း စက်တင်ဘာ ၂၉ ရက်တွင် ရန်ကုန်မြို့ Park Royal ဟိုတယ်၌ ကျင်းပသည့် ``Electroal Mangament for Free and Fair Election`` ဆွေးနွေးပွဲတွင် ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးကိုကိုကြီးက ပြောသည်။

``ရွေးကောက်ပွဲမတိုင်သေးဘူး သက်ဆိုင်ရာဘာသာအလိုက်စည်းရုံးတာ၊ ဆော်ဩတာ အဲဒီအထိ ဘာပြဿနာမှ မရှိသေးဘူး။ သို့သော် နိုင်ငံရေးအတွက်ဘယ်သူ့ကို မဲမပေးပါနဲ့ ဘယ်သူ့ကို မဲပေးပါဆိုရင်တော့ ဥပဒေရှုထောင့်အရ ပြောရရင် ဒါချိုးဖောက်တာ။ ဒီကိစ္စတွေကို အကြောင်းပြုပြီးတော့ မတည်ငြိမ်မှုတွေဖြစ်လာရင် ဘယ်လိုရှင်းမလဲ။ ဒါတွေကို အုပ်ချုပ်ရေးအာဏာပိုင်တွေအနေနဲ့ ရွေးကောက်ပွဲမတိုင်ခင်မှာ လေးလေးနက်နက်စဉ်းစားပြီး တုံ့ပြန်သင့်တယ်`` ဟု ၎င်းက ပြောသည်။




နိုင်ငံရေးတွင် ဘာသာရေးကို အသုံးချသည့် ပြဿနာများကို မြို့ပြနှင့် ဝေးသော နယ်မြို့များတွင် ပိုမိုမြင်တွေ့လာရသဖြင့် တစ်ဘက်နှင့်တစ်ဘက်မကျေနပ်မှုများမှ တစ်ဆင့် မတည်ငြိမ်မှုများ ဖြစ်ပေါ်မလာစေရန် ဂရုတစိုက်ထိန်းသိမ်းဆောင်ရွက်ပေးရန်လိုအပ်ကြောင်း ၎င်းက ဆို သည်။

``ဘာသာရေးနဲ့ နိုင်ငံရေးဆိုတာ ရောယှက်သင့်တဲ့အရာမဟုတ်ဘူး။ နိုင်ငံရေးဆိုတာ ပြည်သူအားလုံးနဲ့ဆိုင်တယ်။ ဘာသာဆိုတာကတော့ ကိုယ်အစုအဖွဲ့နဲ့ကိုယ်ဆောင်ရွက်ကြတာ။ ဘယ်ဘာသာက ခုတုံးလုပ်နေတာလဲ၊ အများစုကိုးကွယ်ရာဘာသာကို မူတည်ပြီးလုပ်တယ်ဆိုရင် အကြံအစည်ကဘာလဲ။ ဒါဟာ လက်တွေ့ ရွေးကောက်ပွဲမှာ ထိခိုက်လာမယ့်အရာ၊ လစ်ဘရယ်ဒီမိုကရေစီသဘောတရားအရ နိုင်ငံရေးနဲ့ ဘာသာရေး ကင်းရှင်းနေတာအကောင်းဆုံးပဲ`` ဟု ရန်ကုန်နိုင်ငံရေးသိပ္ပံကျောင်းမှ အမှုဆောင်ဒါရိုက်တာ ဦးမြတ်ကိုကိုက ပြောသည်။

လာမည့် ရွေးကောက်ပွဲတွင် ပါတီအချင်းချင်းပြဿနာမဖြစ်စေရန် နိုင်ငံရေးပါတီများက ထိန်းသိမ်းဆောင်ရွက်နေကြသော်လည်း ပြင်ပအဖွဲ့အစည်းများက ဘာသာရေးကို အကြောင်းပြု၍ ဖြစ်ပေါ်လာနိုင်သဖြင့် ဆူပူမှုမဖြစ်ပေါ်စေရန် အစိုးရတွင် တာဝန်ရှိကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာမင်းက ပြောသည်။

**တေဇလင်း**

# ပြည်သူ့အကျိုးစီးပွားကာကွယ် မည့်သူများ ဆယ်သက်စာ စီးပွားဖြစ် ပြီးနောက် ပြည်သူ့အကျိုးမေ့ပျောက်ဟု KNU ဗိုလ်ချုပ်ဆေထင်ဝေဖန်



**ရန်ကုန်၊ စက်တင်ဘာ ၂၉**

တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် (NCA) နှင့် ပတ်သက်၍ တိုင်းရင်းသားလက်နက်ကိုင် ခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေးကျင်းပရာ ချင်းမိုင်မြို့တွင် ကရင်အမျိုးသားအစည်းအရုံး KNU မှ ဗိုလ်ချုပ်စေထင်က ပြည်သူ့အကျိုးစီးပွားကာကွယ်မည့်သူများက ဆက်သက်စာစီးပွားဖြစ်ကာ ပြည်သူ့အကျိုးမေ့ပျောက်နေဟု ဝေဖန်ပြောဆိုခဲ့သည်။

``ပြည်သူ့အတွက် အကျိုးစီးပွားကို ကာကွယ်မယ်ဆိုတဲ့ လူတွေဟာ နောက်ပိုင်းကျတော့ ချမ်းသာကြွယ်ဝတဲ့ သူတို့ဆယ်သက်စာစားဖို့ ဖူလုံတဲ့ စီးပွားရေးတွေ ရှိတဲ့နောက်ပိုင်းမှာ ပြည်သူတွေရဲ့ အကျိုးကိုမေ့ပျောက်သွားပါတယ်`` ဟု ၎င်းက ပြောသည်။

ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့ရှိ The Park ဟိုတယ်၌ စက်တင်ဘာ ၂၉ ရက်က သဘာပတိအဖွင့်မိန့်ခွန်းတွင် ဗိုလ်ချုပ် ဆေထင်က ထည့်သွင်းပြောဆိုခဲ့ခြင်းဖြစ်သည်။

အဆိုပါထိပ်သီးအစည်းအဝေးကို စက်တင်ဘာ ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး NCA လက်မှတ်ရေးထိုးရန် အစိုးရဖိတ်ခေါ်ထားသည့် လက်နက်ကိုင်အဖွဲ့ ၁၅ ဖွဲ့နှင့် အခြားလက်နက်ကိုင် သုံးဖွဲ့တက်ရောက်ခဲ့ကြောင်း သိရသည်။

NCA စာချုပ်လက်မှတ်ထိုးရေး မထိုးရေးကို အဓိကထားဆွေးနွေးနေကြပြီး စက်တင်ဘာ ၂၉ ရက်တွင် ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ကရင်ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA) ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA)၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ (PNLO)၊ ရခိုင်လွတ်မြောက်ရေးပါတီ (ALP) နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) အဖွဲ့ ၇ ဖွဲ့တို့က (NCA) ကို လက်မှတ်ရေးထိုးရန် သဘောတူခဲ့ကြောင်း ယင်းထိပ်သီးအစည်းအဝေးမှ သိရ သည်။

လတ်တလောတွင် တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ် (KIA) တို့ ကချင်ပြည်နယ်ဗန်းမော်ခရိုင်၊ မန်စီမြို့၌တိုက်ပွဲများ ပြင်းထန်နေ ကြောင်း သတင်းများအရ သိရသည်။

**ယဉ်အေး**

# သတင်းမီဒီယာနှင့် တပ်မတော် ဒုတိယအကြိမ်တွေ့ဆုံရန်ရှိ

ရန်ကုန်၊ စက်တင်ဘာ ၂၉

တပ်မတော်နှင့်ပတ်သက်သော သတင်းများဖော်ပြရာတွင်အတည်ပြုချက်ရနိုင်ရေးအတွက် တပ်မတော်ထိပ်ပိုင်းခေါင်းဆောင်များနှင့် ပြည်တွင်းရှိသတင်းမီဒီယာတို့အောက်တိုဘာ ၁ရက်ရန်ကုန်မြို့၌ ဒုတိယအကြိမ် တွေ့ဆုံမည်ဖြစ် ကြောင်းမြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) အတွင်းရေးမှူးဦးကျော်မင်းဆွေက ပြောသည်။

``သတင်းလက်တွေ့စီးဆင်းမှု မြန်ဆန်ရေးကို အဓိကထားဆွေးနွေးကြမှာပါ။ ဆွေးနွေးတဲ့အခါမှာ ဘာတွေလုပ်မယ်။ တပ်မတော်ဘက်ကလည်းသူတို့ရဲ့လုပ်ပေးနိုင်တဲ့အခြေအနေတွေ။ စည်းမျဉ်းတွေကိုပြောမှာပေါ့`` ဟု ၎င်းက ပြောသည်။

စက်တင်ဘာ ၂၉ရက်ရန်ကုန်မြို့ရှိမြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) ရုံးခန်းတွင်တပ်မတော်နှင့် သတင်းမီဒီယာများ တွေ့ဆုံရေးအကြိုဆွေးနွေးပွဲကိုပြုလုပ်ခဲ့ပြီးတပ်မတော်နှင့်ပတ်သက်၍သတင်းရယူမှုအခက်အခဲများ၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) ကို အကြောင်းမကြားဘဲတရားစွဲဆိုခံရမှုများနှင့်ပြည်နယ်နှင့်တိုင်းဒေသကြီးရှိနယ်စပ်ရေးရာဝန်ကြီးများအား သတင်းမီဒီယာများ၏ ပြောရေးဆိုခွင့်ရှိသူအဖြစ်ထားရှိပေးနိုင်ရေးကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

``သတင်းမီဒီယာတွေကတပ်မတော်နဲ့ပတ်သက်လို့အခက်ခဲတွေရှိတယ်။ ပထမပေးထားတဲ့တပ်မတော်အရာရှိတွေရဲ့ဆက်သွယ်ရမယ့်ဖုန်းနံပါတ်တွေကလည်းအဆင်မပြေဘူး။ ပြောင်းလဲဖို့လိုပါတယ်`` ဟု ပြည်တွင်းထုတ် ပုဂ္ဂလိက ဂျာနယ်တိုက်မှ သတင်းထောက်တစ်ဦးက ပြောသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်သတင်းမီဒီယာများပြီးခဲ့သည့်ရက်ပိုင်းအတွင်းကတွေ့ဆုံခဲ့ကြပြီး ယခုတွေ့ဆုံမည့် ဆွေးနွေးပွဲတွင် တပ်မတော်ကြည်း၊ ရေ၊ လေမှ အရာရှိများတက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ကျော်သက်အောင်



# တရားမဝင်ရွှေ့ပြောင်းလုပ်သားများ ဆန္ဒမဲပေးရန်ပြန်လာစဉ် လ.ဝ.က. အရေးယူပါကတာဝန်မယူနိုင်ဟုဦးတင်အေးပြော

**တာချီလိတ်၊ စက်တင်ဘာ ၂၉**

ထိုင်းနိုင်ငံ၌ တရားမဝင်နေထိုင်သည့် ရွှေ့ပြောင်းမြန်မာလုပ်သားများ ဆန္ဒမဲပေးရန် ပြန်လာစဉ် လူဝင်မှုကြီးကြပ်ရေး အက်ဥပဒေဖြင့် တရားစွဲဆိုမှုများရှိပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် တာဝန်ယူမည်မဟုတ်ကြောင်း ကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးက ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့၌ ရွေးကောက်ပွဲဝင်မည့် ပါတီများနှင့် စက်တင်ဘာ ၂၉ ရက်က တွေ့ဆုံစဉ်ပြောဆိုလိုက်သည်။

``ကျွန်တော်တို့ ရွေးကောက်ပွဲကော်မရှင်အနေနဲ့ နိုင်ငံသားတိုင်း ဆန္ဒမဲပေးနိုင်အောင်တော့ လုပ်နိုင်တယ်။ ဒါပေမယ့် နိုင်ငံရဲ့တည်ဆဲဥပဒေအရ ပြည်ပကိုတရားမဝင်သွားရောက်ရင် ဥပဒေအရအရေးယူနိုင်တာကြောင့် တရားမဝင်ရွှေ့ပြောင်းအလုပ်သမားဆန္ဒမဲပေးရေးကို ကျွန်တော်တာဝန်မယူနိုင်ဘူး`` ဟု ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးက ပြောသည်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ အတွင်းရေးမှူး ဦးမောင်မောင်က ရွှေ့ပြောင်းလုပ်သားများ ဆန္ဒမဲပေးရေးကို မေးမြန်းရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးက ဖြေကြားခြင်းဖြစ်သည်။

``လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနရဲ့ လ.ဝ.က(အက်)ဥပဒေမှာ နိုင်ငံသားတစ်ယောက်က တိုင်းတစ်ပါးကိုတရားမ ဝင်သွားရောက်ရင် ထောင်ဒဏ်ချမှတ်ပြီး အရေးယူလို့ရပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ဒေသခံတွေကိုမလုပ်ပါဘူး။ သူတို့ကတရားဝင်လမ်းကြောင်းက သွားတာဆိုရင် သက်ဆိုင်ရာ သံရုံးမှာ ဆန္ဒမဲပေးလို့ရပါတယ်``ဟု တာချီလိတ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ခရိုင် လ.ဝ.က မှူး ဦးကျော်စွာလင်းက ပြောသည်။

တရားမဝင်ရွှေ့ပြောင်းမြန်မာလုပ်သားများ ဆန္ဒမဲပေးရန် ဇာတိနေရပ်သို့ပြန်ပါက လဝက ဥပဒေအရ ပြစ်ဒဏ်များကျခံနိုင်ဖွယ်ရှိသဖြင့် ဆန္ဒမဲလာရောက် ပေးကြမည်မဟုတ်ကြောင်း နိုင်ငံရေး ပါတီများကလည်း သုံးသပ်ထားသည်။

ထိုင်းနိုင်ငံ ချင်းယိုင်၊ မယ်ဆိုင်၊ ချင်းမိုင်မြို့များ၌ ရွှေ့ပြောင်းမြန်မာအလုပ်သမား ၂ သိန်းခန့်သည် တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်နေကြသည်ဟု တာချီလိတ်ဒေသခံများက ခန့်မှန်းထားသည်။

**ကိုမင်း**

2.10.2015, / Vol-1, No-19
The Reporter NEWS JOURNAL

## အယ်ဒီတာ့အာဘော်

# ပြည်သူတွေအာဏာပြရမည့်အချိန်

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ၂၀၁၅ ခုနှစ်အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီအသီးသီးမှ ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းတို့၏ မဲဆွယ်စည်းရုံးလှုပ်ရှားမှုများ အတော်အတန်ခရီးရောက်လာချိန်တွင် ပကတိမြင်တွေ့ရသည့် အနေအထားအရ အမှန်တကယ်လွတ်လပ်သန့်ရှင်းပြီး တရားမျှတသော ရွေးကောက်ပွဲသာဖြစ်ခဲ့မည်ဆိုပါက မည်သည့်ပါတီအနိုင်ရနိုင်သည်ကို အကဲဖြတ်သုံးသပ်၍ရလောက်သည့် အခြေအနေရှိနေပါသည်။

သို့ရာတွင် ယခုမြင်တွေ့နေရသော ပကတိမြေပြင်အနေအထားနှင့် ရွေးကောက်ပွဲအပြီး ထွက်ပေါ်လာမည့် ရလဒ်တို့ တစ်ထပ်တည်းကျ၊ မကျဆိုသည်မှာမူ ရွေးကောက်ပွဲတွင် ဒိုင်လူကြီးအဖြစ် တာဝန်ယူဆောင်ရွက်ရမည့်ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ သမာသမတ်ကျမှုပေါ်တွင်များစွာ မူတည်နေပါသည်။

အဘယ်ကြောင့်ဆိုသော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကို လက်ရှိအာဏာရပါတီအစိုးရအကြီးအကဲဖြစ်သူ သမ္မတကိုယ်တိုင်ခန့်အပ်ထားခြင်းကြောင့်ဖြစ်ပြီး ၎င်းတို့ကိုယ်တိုင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့၏အကြီးအကဲနေရာများတွင် ခန့်အပ်တာဝန်ပေးခြင်းခံရသူများမှာလည်း အရပ်ဝတ်လဲ စစ်ဘက်အငြိမ်းစားများသာဖြစ်နေရာ ယခင် စစ်အစိုးရကို ဆက်ခံသည့် အရပ်သားအသွင်ပြောင်း စစ်မှုထမ်းဟောင်းအစိုးရနှင့် ယင်းအစိုးရက ခန့်အပ်သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အပေါ် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ယုံကြည်မှုအားနည်းနေသည်မှာ သဘာဝကျပါသည်။

အပြန်အလှန်အားဖြင့် အတိုက်အခံအင်အားကြီးပါတီအနေဖြင့်လည်း ရွေးကောက်ပွဲအနိုင်ရပြီး အစိုးရဖွဲ့နိုင်ပါက ထိုအခွင့်အရေးမျိုးကို ရရှိနိုင်မည်ဖြစ်သော်လည်း ယခုစိုးရိမ်နေရသည့် ပြဿနာမှာ ယင်းအနေအထားရောက်နိုင်၊ မရောက်နိုင်ဆိုသည့် သံသယများ တိုးပွားလာခြင်းပင်ဖြစ်သည်။

ကနဦး သံသယဖြစ်စေသည့်ဖြစ်ရပ်မှာ မဲစာရင်းအမှားများဖြစ်သည်။ မဲဆန္ဒရှင်အမည်နေရာတွင် တက္ကသိုလ်ရိပ်သာလမ်းဆိုသည့်မှားယွင်းမှုမျိုးက ကော်မရှင်၏ အရည်အချင်းကိုမေးခွန်းထုတ်စရာဖြစ်နေသကဲ့သို့ နောက်ဆုံးအကြိမ်ထုတ်ပြန်သည့် မဲစာရင်းတွင်မူလအခြေခံမဲစာရင်း၌ အမည်ပါပြီးသူ အချို့ပင် ပြန်ပါမလာတော့သည့်အပြင် ထပ်တိုးမဲစာရင်းများလည်း ဒေသအချို့၌ ထွက်ပေါ်ခဲ့ရာ မဲမသမာမှုများဖြစ်လာနိုင်သလားဆိုသည့် စိုးရိမ်စိတ်များဖြစ်ပေါ်လျက်ရှိသည်။

ထို့အပြင် ရာနှုန်းပြည့်မဟုတ်သည့်တိုင် ရာနှုန်းပြည့်နီးပါး မှန်ကန်ရန်လိုအပ်သည့် မဲစာရင်းနှင့်ပတ်သက်၍ ၃၀ ရာခိုင်နှုန်းသာ အာမခံနိုင်ကြောင်းနှင့် နောက်ဆုံးထုတ်ပြန်သည့် မဲစာရင်းအမှားမှာ ဆော့ဖ်ဝဲကြောင့်ဖြစ်ရသည်ဟု ဆင်ခြေပေးထားသူကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၏ပြောဆိုမှုများက မဲဆန္ဒရှင်များ၏ သံသယကို ချေဖျက်နိုင်စွမ်းမရှိသည့်အပြင် စိုးရိမ်မှုများကိုပါ ထပ်မံမြင့်တက်စေခဲ့သည်။

ထိုအခြေအနေများက ရွေးကောက်ပွဲကော်မရှင်၏ အရည်အချင်းနှင့် ဂုဏ်သိက္ခာထိခိုက်ပွန်းရှမှုကို ဖြစ်ပေါ်စေခဲ့သည့်အပြင် ပြည်နိုင်ဖြိုးကိုယ်စားလှယ်လောင်း မဲဆွယ်စည်းရုံးရေးသွားရောက်ပြီးဖြစ်သည့် ကိုကိုးကျွန်းမဲဆွယ်ဆန္ဒနယ်မြေသို့ အတိုက်အခံပါတီမှ ကိုယ်စားလှယ်လောင်းများ စက်တင်ဘာလကုန်အထိ သွားရောက်ခွင့်မရသေးသည့် ကိစ္စအပါအဝင် ဘာသာရေးခုတုံးလုပ်၍ ပုဂ္ဂိုလ်ရေးအပုပ်ချတိုက်ခိုက်နေမှုများနှင့် လတ်တလောမဲဆွယ်စည်းရေးကာလအတွင်း ဖြစ်ပွားပေါ်ပေါက်နေသည့် အငြင်းပွားဖွယ်ဖြစ်ရပ်များအတွက် ကော်မရှင်၏ ရပ်တည်ဆုံးဖြတ်ချက်တို့ကိုလည်း ထည့်သွင်းစဉ်းစားရန်ရှိလာပါသည်။

ဤနေရာတွင် မဲဆန္ဒရှင်များစာရင်းပြုစုသည်မှ အစပြု၍ ရွေးကောက်ပွဲကျင်းပခြင်း၊ ဆန္ဒမဲရေတွက်အတည်ပြုခြင်း၊ ရွေးကောက်ပွဲရလဒ်ထုတ်ပြန်ကြေညာခြင်းနှင့် ရွေးကောက်ပွဲအငြင်းပွားမှုများအတွက် အပြီးအပြတ်ဆုံးဖြတ်ပိုင်ခွင့်အာဏာများရရှိထားသည့် ကော်မရှင်၏လုပ်ပိုင်ခွင့်က အပြန်အလှန်ထိန်းကျောင်းမှုများနှင့် ကင်းလွတ်လျက်ရှိရာ ထိုအခြေအနေကတရားမျှတသောရွေးကောက်ပွဲဖြစ်နိုင်ပါ့မလားဆိုသော စိုးရိမ်မှုများအတွက် အားကောင်းသော အထောက်အပံ့ဖြစ်စေပါသည်။

မည်သို့ပင်ဖြစ်စေ အစိုးရအပြောင်းအလဲတစ်ရပ် ဖြစ်ပေါ်လာဖွယ်ရှိသည့် နိုဝင်ဘာ ၈ ရက်ရွေးကောက်ပွဲတွင် တိုင်းပြည်၏ပင်ရင်းအာဏာပိုင်ရှင်အစစ်ဖြစ်သည့် မဲဆန္ဒရှင်ပြည်သူများက မိမိတို့၏ အမြင့်ဆုံးအာဏာဖြစ်သည့် ဆန္ဒမဲပြားကို တန်ဖိုးရှိစွာအသုံးပြု၍ မလိုချင်သောအစိုးရကိုဖယ်ရှားကာ လိုချင်သောအစိုးရတင်မြှောက်နိုင်ရေးအတွက် လတ်တလောကြုံတွေ့နေရသည့် မဲစာရင်းအမှားများကို စိတ်ပျက်လက်လျှော့ခြင်းမပြုဘဲ အမှန်ရောက်အောင်ပြင်ဆင်ပြီး ထပ်မံရင်ဆိုင်ရဖွယ်ရှိသည့် အခက်အခဲနှင့် စိန်ခေါ်မှုများကို ညင်သာသိမ်မွေ့စွာ ရန်းကန်ကျော်ဖြတ်ရန်အသင့်ရှိနေရေး တိုက်တွန်းလိုခြင်းဖြစ်ပါသည်။

အယ်ဒီတာ

## The Reporter ကာတွန်း




## စာမူနှင့် ပေးစာကိစ္စ ဆက်သွယ်ရန်

ရီပိုတာဂျာနယ်သို့စာမူနှင့်ပေးစာကိစ္စဆက်သွယ်လိုပါကအမှတ်၉၉/အေ၊ ၄၂လမ်း၊မဟာဗန္ဓုလလမ်းနှင့်ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၃၈၀၁၆၉၊ ၀၁-၃၇၁၂၃၄၊သို့ဆက်သွယ်ရန်နှင့် ပေးစာကဏ္ဍအတွက်အမည်၊နိုင်ငံသားအမှတ်နှင့်နေရပ်လိပ်စာအပြည့်အစုံ ဖော်ပြပေးရန် လိုအပ်ပါသည်။

## အဆိုအမိန့်

လူတိုင်းအတိုက်အခိုက်ဒဏ်ကိုခံနိုင်ကြသော်လည်း အာဏာဒဏ်ကိုမခံနိုင်။ လူတစ်ယောက်၏သီလကိုစမ်းသပ်လိုလျှင် အာဏာပေးလိုက်ပါ။

အမေရိကန်သမ္မတကြီး အေဗရာဟင် လင်ကွန်း

## အယ်ဒီတာ့ထံပေးစာ

### ပညာရေးဝန်ထမ်းများအတွက်တာဝန်ကျရာကျောင်းများတွင် ဝန်ထမ်းအိမ်ရာထားပေးစေချင်

ပညာရေးဝန်ထမ်းများတချို့မှာ အိမ်ရာမရှိကြပါ။ ပြောင်းရွှေ့လာသော ပညာရေးဝန်ထမ်းများအနေဖြင့် တာဝန်ကျရာကျောင်းများတွင် ဝန်ထမ်းအိမ်ရာမရှိသောကြောင့် အခက်တွေ့နေကြရပါသည်။

နေအိမ်လိုအပ်နေသော ပညာရေးဝန်ထမ်းများက ပြင်ပတွင် ဈေးကြီးကြီးပေး၍အိမ်ငှားနေရကာ ကျောင်းနှင့်အိမ်ဝေးနေသဖြင့် အိမ်လခက တစ်မျိုးကုန်ကာ၊ အသွားအပြန် ခရီးစရိတ်များ ထပ်မံကုန်ကြရပါသည်။

နေအိမ်နှင့် ကျောင်းဝေးနေသဖြင့် ကျောင်းနောက်ကျသည့်အခါတွင် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများကို တောင်းပန်၍ စိတ်သောကများစွာဖြင့် သင်ကြားပို့ချနေကြရပါသည်။

ပညာရေးဝန်ထမ်းများအနေဖြင့် အိမ်လည်းမဆောက်နိုင်၊ ခြံဝိုင်းလည်းမရှိသောကြောင့် လစဉ်ရသည့်ငွေမှ အိမ်လခနှင့် နေ့စဉ်ခရီးစရိတ် အဖြစ် ကျပ် ၃၀၀၀ ခန့် ကုန်ကျနေရပါသည်။

ထိုသို့သော ပညာရေး ဝန်ထမ်းများကို တာဝန်ကျရာကျောင်းဝင်းအတွင်း ဝန်ထမ်းအိမ်ရာထားပေးစေလိုပါသည်။ အချို့သော ပညာရေးဝန်ထမ်းများက ပြင်ပမှ ငွေတိုးယူကာ တာဝန်ကျရာ ကျောင်းဝင်းအတွင်း နေအိမ်ဆောက်လုပ်နေထိုင်ကြပါသည်။

အဆိုပါ အခက်အခဲများ ရှိနေပါသဖြင့် ပညာရေးဝန်ထမ်းများ နေထိုင်ရန် လိုအပ်သော ဝန်ထမ်းအိမ်ရာများကို အစိုးရက ဆောက်လုပ်ပေးစေလိုပါသဖြင့် အယ်ဒီတာမှ တစ်ဆင့်သက်ဆိုင်ရာ တာဝန်ရှိသူများ သိစေရန် တင်ပြအပ်ပါသည်။

ခိုင်လေး(မန္တလေး)



### မီးပွိုင့်တွင် ခရီးသည်တင်ယာဉ်ကြီးဂိတ်မရှိသင့်

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ အမှတ် ၁၈ ရပ်ကွက်ကွေ့မှ မော်တင်သို့ ပြေးဆွဲနေသည့် ခရီးသည်တင်အမှတ် ၈၈ ယာဉ်လိုင်းသည် မောင်းမကန်လမ်းနှင့် စည်ပင်လမ်းမီးပွိုင့်တွင် ဂိတ်အ ဖြစ်ပြုလုပ်၍ ရပ်နားခဲ့သည်မှာ မြို့သစ်စတင်သည့်နေ့မှ ယနေ့အထိ ဖြစ်ပါသည်။

ထိုလမ်းဆုံမီးပွိုင့်သည် ယာဉ်အသွားအလာရှုပ်ပြီး ယာဉ်မတော်တဆဖြစ်မှုအများဆုံးဖြစ်လေ့ရှိပါသည်။

မောင်းမကန်လမ်းသည် အမှတ် ၂ အဝေးပြေးလမ်းပေါ်သို့ တက်သောလမ်းဖြစ်၍ ကွန်တိန်နာယာဉ်ကြီးများနှင့် သစ်လုံးတင်ကားများပါ ဖြတ်သည့်လမ်းလည်းဖြစ်ပါသည်။

ထို့ကြောင့် လမ်းဖြတ်ကူးသူ ပြည်သူများမှာ ယာဉ်မတော်တဆမှုနှင့် ပွတ်တိုက်မိခြင်းတို့ မကြာခဏဖြစ်ပေါ်နေပါသည်။ အမှတ် ၈၈ သန်မြန်သူ ယာဉ်လိုင်းက လမ်းဆုံမီးပွိုင့်တွင် ဂိတ်ထိုးထားသည့်အတွက် ယာဉ်တိုက်မှုနှင့် လူတိုက်မှုတို့မကြာ ခဏဖြစ်ရသည့်အကြောင်းရင်းတစ်ခုဖြစ်နေပြီး ခရီးသည်တင်ယာဉ်ကြီးများ ဂိတ်ထိုးသည့်နေရာမဟုတ်ဘဲ ယာဉ်ရပ်နားခြင်းကြောင့် ယာဉ်ကြောကျပ်တည်းခြင်းများဖြစ်ပေါ်နေပါသည်။

ယင်းကြောင့် အမှတ် ၈၈ သန်မြန်သူ ဂိတ်အားသင့်တော်သည့်နေရာ တစ်ခုသို့ ပြောင်းရွှေ့ပေးပါရန်ရန် အယ်ဒီတာမှတစ်ဆင့် သက်ဆိုင်ရာ တာဝန်ရှိသူများသိစေရန် တင်ပြအပ်ပါသည်။

ကိုကြီးစိုး (ဆိပ်ကမ်း)

# နိုင်ငံရေးလှုပ်ရှားမှုများတွင် ကျောင်းသားမပါလျှင် အသက်မဝင်ဟုဆို

**ရန်ကုန်၊ စက်တင်ဘာ ၂၈**

မြန်မာ့နိုင်ငံရေး လှုပ်ရှားမှုများတွင် ကျောင်းသားများမပါဝင်ပါက လှုပ်ရှားမှုသည်အသက်မဝင်ဟု ရွှေဝါရောင်သံဃာတော်များက စက်တင်ဘာ ၂၇ ရက်တွင် မိန့်ကြားသည်။

¨ဦးဇင်းတို့နိုင်ငံသမိုင်းတွေရဲ့ အခြေခံအုတ်မြစ်ကို ပြန်ကြည့်ရင် မြန်မာပြည်လွတ်မြောက်ရေးတိုက်ပွဲတွေမှာ ကျောင်းသားတွေက စခဲ့တာကို အထင်အရှားတွေ့ရတယ်။ ကျောင်းသားတွေဟာ ပေါင်းစည်းပြီး အမျိုးသားရေးစိတ်ဓာတ်နိုးကြားအောင်နှိုးဆွပေးခဲ့သလို ပြည်သူလူထုရဲ့ နယ်ချဲ့ဆန့်ကျင့်ရေးနဲ့ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲကိုနား၊ မျက်စိတွေဖွင့်ပေးခဲ့တယ်။ ကျောင်းသားမပါတဲ့ နိုင်ငံရေး၊ နိုင်ငံရေးမပါတဲ့ ကျောင်းသားလှုပ်ရှားမှုဟာ အသက်မဝင်သလို တိုင်းပြည်ရဲ့ ပြုပြင်ပြောင်းလဲရေးမှာ ကျောင်းသားတွေဟာ အရေးကြီးတယ်။ ကျောင်းသားနဲ့ နိုင်ငံရေးဟာ ခွဲခြားလို့မရဘူး¨ ဟု မန္တလေးရွှေဝါရောင်တော်လှန်ရေး ဦးဆောင်သံဃာတစ်ပါးဖြစ်သူ ဦးစိန္တိတက မိန့်သည်။

မြန်မာ့နိုင်ငံရေးလှုပ်ရှားမှုများတွင် ကျောင်းသားများက အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲများကို ဦးဆောင်ဦးရွက်ပြုနိုင်ခဲ့ကြောင်း၊ ကျောင်းသားအာဇာနည်အမြောက်အမြားပေါ်ထွက်ခဲ့ပြီး နိုင်ငံ့ခေါင်းဆောင်ကောင်းများကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ ပညာရေးစနစ်တစ်ခုပြုပြင်ပြောင်းလဲဖို့ တောင်းဆိုခဲ့ကြသည့် ကျောင်းသားလူငယ်များကို ထောင်ထဲထည့်ထားခြင်းမှာမဖြစ်သင့်ကြောင်းနှင့် ၎င်းတို့ကိုအမြန်ဆုံးပြန်လွှတ်ပေးရန်တောင်းဆိုကြောင်း ဆရာတော်က ထပ်မံမိန့်ကြားခဲ့သည်။

¨ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံတွေထဲကမှ ဦးဇင်းတို့နိုင်ငံရဲ့ ထူးခြားချက်ဟာ ကျောင်းသားမပါတဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေဟာ ဘယ်တုန်းကမှ အသက်ဝင်ခဲ့တာမရှိဘူး။ နိုင်ငံတစ်နိုင်ငံရဲ့ အပြောင်းအလဲဟာ ကျောင်းသားလှုပ်ရှားမှုနဲ့ တိုက်ရိုက်အချိုးကျတယ်။ နိုင်ငံရေးမှာ ကျောင်းသားအင်အားစုများဟာ တက်တက်ကြွကြွမပါဝင်ဘူးဆိုရင် ဦးဇင်းတို့ နိုင်ငံရဲ့ အပြောင်းအလဲဟာ ဖြစ်လာမှာမဟုတ်ဘူး¨ ဟု ရွှေဝါရောင် ဦးဆောင်သံဃာတစ်ပါးဖြစ်သူ ဦးဆန္ဒာသီရိက မိန့်သည်။

မြန်မာနိုင်ငံလွတ်လပ်ရေးမရမီနှင့် လွတ်လပ်ရေးရပြီးနောက် ကျောင်းသားလှုပ်ရှားမှုများတွင် ဖြစ်ပေါ်ခဲ့သော ကျောင်းသားလှုပ်ရှားမှုများကိုအစိုးရအဆက်ဆက်က အကြမ်းဖက်ဖိနှိပ်ခဲ့သော်လည်း ယနေ့အချိန်အထိ ကျောင်းသားလှုပ်ရှားမှုများသည် ရပ်တန့်သွားခြင်းမရှိကြောင်း၊ မတရားမှုများကြုံလာတိုင်း ကျောင်းသားများက ရင်ဆိုင်တွန်းလှန်ခဲ့ကြောင်းနှင့် မြန်မာနိုင်ငံရှိ အစိုးရအဆက်ဆက်သည် ကျောင်းသားလှုပ်ရှားမှုများပေါ်ပေါက်မည်ကို အင်မတန်စိုးရိမ်ကြောင်းရွှေဝါရောင်ဦးဆောင် သံဃာ ဦးအဂ္ဂက မိန့်သည်။

ထို့အပြင် ပြီးခဲ့သည့် စက်တင်ဘာ ၁၈ ရက်ရွှေဝါရောင်တော်လှန်ရေး ၈ နှစ်ပြည့်အခမ်းအနားတွင် အမျိုးသားပညာရေးဥပဒေပြင်ဆင်ရန် သပိတ်မှောက်တောင်းဆို ဆန္ဒပြခဲ့ကြသည့် ကျောင်းသားများနှင့် ဝန်းရံပြည်သူများကို အမြန်ဆုံးပြန်လွှတ်ပေးရန်သဘောထားကြေညာချက်ထုတ်ကာ တောင်းဆိုထားကြသည်။

**ဖြိုးကိုနိုင်**



# မဲဆွယ်ကာလ လှည့်လည်ဟောပြောမှုများအတွက် ငြိမ်း၊ စု၊ စီ တင်ရန်မလို

**ပုသိမ်၊ စက်တင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ရွေးကောက်ပွဲမဲဆွယ်ကာလအတွင်း ပါတီမဲဆွယ်ရန် စုဝေးလှည့်လည်မှုများ အတွက် ပါတီနှင့်ဆိုင်သော စုဝေးလှည့်လည်မှုပြုလုပ်သူများအနေဖြင့် ရဲတပ်ဖွဲ့သို့ သီးခြားတင်ပြစရာမလိုဘဲ ရွေးကောက်ပွဲကော်မရှင်သို့ တင်ပြပြီး ကော်မရှင်၏ညွှန်ကြားချက် အမှတ် ၁/၂၀၁၄ ဖြင့်သာဆောင်ရွက်သွားရမည်ဟု ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးထံမှ သိရသည်။

¨ငြိမ်း၊ စု၊ စီ သီးခြားခွင့်ပြုချက်တောင်းစရာမလိုဘဲနဲ့ ကော်မရှင်ရုံးကို တင်ပြပြီးတော့မှ ကော်မရှင်ရဲ့ ညွှန်ကြားချက်နဲ့ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်¨ဟု ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက ပြောသည်။

ပါတီနှင့်မဲဆွယ်ခြင်းနှင့်ဆိုင်သော စုဝေးလှည့်လည်ဟောပြောခြင်းများကို စက်တင်ဘာ ၈ ရက်နေ့မှ နိုဝင်ဘာလ ၆ ရက်နေ့အထိသတ်မှတ်ထားပြီး ထိုကာလအတွင်း ရွေးကောက်ပွဲကော်မရှင်သို့ ပါတီများမှ တင်ပြသော လှည့်လည်မှုများကို ကော်မရှင်မှတစ်ဆင့် ရွေးကောက်ပွဲကော်မရှင် လုံခြုံရေးအဖွဲ့သို့ မိတ္တူပေးပို့သွားရမည် ဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်မှ သိရသည်။

သို့မှသာ ရဲတပ်ဖွဲ့ဝင်များ ပါဝင်ဖွဲ့စည်းထားသော ရွေးကောက်ပွဲကော်မရှင်လုံခြုံရေးအဖွဲ့မှ ဟောပြောမည့်နေရာနှင့် စုဝေးသည့်နေရာများတွင် လိုအပ်သည့် လုံခြုံရေးဝန်ထမ်းများကို ချထားပေးသွားရမည်ဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ သိရသည်။

¨အိမ်တွေ၊ ခြံတွေထဲမှာပဲ လုပ်ရင်တော့ တင်ပြစရာမလိုဘူးဗျ၊ လူထုနဲ့ဆိုင်တဲ့ နေရာတွေမှာ လှည့်လည်ရင်တော့ ဘယ်နေရာမှာ ဟောပြောမယ်။ ဘယ်လိုလှည့်လည်မယ်ဆိုတာကြို တင်ထားရတယ်။ ကျွန်တော်တို့ကတော့ သူတို့လည်းလုပ်လို့ အဆင်ပြေအောင် ခုနစ်ရက်လောက်ကြိုတင်မယ် စဉ်းစားထားတယ်¨ ဟု အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီမှ ကြံခင်းမြို့နယ် ကိုယ်စားလှယ်လောင်း ဦးသော်ဇင်ဝင်းက ပြောသည်။

လာမည့် ရွေးကောက်ပွဲ၌ ဧရာဝတီတိုင်းဒေသကြီးအတွင်း ပြည်သူ့လွှတ်တော် ၂၆ နေရာ၊ အမျိုးသားလွှတ်တော် ၁၂ နေရာ၊ တိုင်းဒေသကြီးလွှတ်တော် ၅၂ နေရာနှင့် ကရင်တိုင်းရင်းသားဝန်ကြီး ၁ နေရာ၊ ရခိုင်တိုင်းရင်းသား ဝန်ကြီး ၁ နေရာတို့အတွက် ရွေးချယ်တင်မြှောက်ရန် မဲဆန္ဒရှင် ပြည်သူပေါင်း ၄ ဒသမ ၂ သန်းကျော်ရှိကြောင်း ဧရာဝတီတိုင်းဒေသကြီး ရွေးကောက်ကော်မရှင်မှ သိရသည်။

**မျိုးမင်းထွန်း**

# ရခိုင်အမျိုးသားပါတီ ရွှေပြည်သာမြို့နယ်အတွင်း မဲဆွယ်စည်းရုံးမှုစတင်

**ရန်ကုန်၊ စက်တင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ် ရခိုင်အမျိုးသားပါတီက စက်တင်ဘာလ ၂၆ ရက်မှစတင်ကာ မြို့နယ်အတွင်း မဲဆွယ်စည်းရုံးရေးစတင် ဆောင်ရွက်နေပြီဖြစ်ကြောင်းသိရသည်။

¨ကျွန်တော်တို့ရခိုင်အမျိုးသားပါတီက ရွှေပြည်သာမြို့နယ်မှာ ဝင်ရောက်ယှဉ်ပြိုင်မယ့် ကိုယ်စားလှယ်လောင်း သုံးဦးနဲ့ ဝန်ကြီးဦးဇော်အေးမောင် ဦးဆောင်ပြီး ပြည်သူတွေကို ဒီနေ့ကစပြီးတော့ မဲဆွယ်စည်းလုံးရေးပြုလုပ်နေတာပါ။ မြို့နယ်အတွင်းမှာ နေထိုင်ကြတဲ့ ရခိုင်မိသားစုဝင်များနဲ့ ပါတီကို စိတ်ဝင်စားတဲ့ ကျန်တိုင်းရင်းသားများကိုလည်း ဖိတ်ခေါ်ပြီး မဲပေးခွင့်ရရှိအောင် စည်းရုံးရေးဆောင်ရွက်သွားမှာပါ¨ဟု ရွှေပြည်သာမြို့နယ် (ANP) ပါတီမှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း ဦးအေးကျော်ကပြောသည်။

ရွှေပြည်သာမြို့နယ်တွင် ပုံစံ ၆၆/၆ဖြင့်နေထိုင် မဲပေးပိုင်ခွင့်ရှိသူ ၁၃၂၂၀၀ ကျော်ရှိပြီး ဧည့်စာရင်းဖြင့်နေထိုင်သူနှင့် ကျူးကျော်နေထိုင်သူ ၈၀၀၀၀ ကျော်ရှိကြောင်း၊ ပုံစံ ၆၆/၆ ဖြင့်နေထိုင်သူ ရခိုင်တိုင်း ရင်းသားစုစုပေါင်း ၃၂၀၀ ဦးကျော်ရှိကြောင်း၊ ယခုလက်ရှိ ဧည့်စာရင်းဖြင့် နေထိုင်သော ရခိုင်တိုင်း ရင်းသားများ မဲပေးခွင့် ရရှိရေး (ANP) ပါတီမှ တစ်အိမ်တက်ဆင်းဖြင့် မဲစာရင်းပြန်လည်လျှောက်ထားသည့် ပုံစံ ၃(က)များကို လိုက်လံဝေပေး နေကြောင်း ရွှေပြည်သာမြို့နယ် (ANP) ပါတီ ဥက္ကဋ္ဌ ဦးလှမောင်ထံမှ သိရှိရသည်။

¨ဒီမနက်လှိုင်သာယာမှာ မဲဆွယ်စည်းလုံးရေးပြုလုပ်ပြီး ရွှေပြည်သာမှာ နေလယ်ပိုင်းပြုလုပ်တာပါ၊ မဲပေးပိုင်ခွင့်ရှိတဲ့ ရခိုင်တိုင်းရင်းသားများအားလုံးကို မဲပေးခွင့်ရရှိအောင် ပြုလုပ်သွားမှာပါ၊ ပြည်သူတွေ မဲပေးရာမှာ လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ရှိပါတယ်။ တိုင်းရင်းသား ပြည်သူတွေအားလုံးတန်းတူညီမျှ အခွင့်အရေးရရှိဖို့လိုပါတယ်¨ ဟု ရခိုင်တိုင်းရင်းသားရေးရာ ဝန်ကြီးဦးဇော်အေးမောင်က ပြောဆိုပါသည်။

ရွှေပြည်သာ (ANP) ပါတီက ပြည်သူ့လွှတ်တော် တစ်နေရာ၊ ရွှေပြည်သာမဲဆန္ဒနယ် (၁)၊ (၂) တိုင်းဒေသကြီးလွှတ်တော်နေရာတွင် နှစ်နေရာဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းသိရသည်။

**ကိုစောမင်း(ရွှေပြည်သာ)**




# မိုးသည်းသည်းကြား နိုင်ငံရေးပါတီများ မဲဆွယ်စည်းရုံးရေးမပျက်

**ရေးမြို့၊ စက်တင်ဘာ ၂၈**

မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ နိုင်ငံရေးပါတီများသည် မိုးများ သည်းထန်စွာရွာသွန်းနေသည့်ကြားကပင် မဲဆွယ်စည်းရုံးရေးလုပ်ငန်းများကို ကျေးရွာအနှံ့သို့သွားရောက်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိနေကြောင်း သိရှိရသည်။

¨ကျွန်တော်တို့ရရှိတဲ့ မဲဆွယ်စည်းရုံးရေးကာလကအချိန်တိုတောင်းလွန်းတာကြောင့် ခုလို မိုးထဲ၊ လေထဲ၊ ရေထဲတွေတောင်မှ မရှောင်နိုင်တော့ဘူး။ အချို့ရွာတွေကလမ်းတွေ ပျက်ပြီး ဗွက်တွေထနေတာတွေရှိတယ်။ ပါတီဝင်တွေ၊ ဝန်းရံပြည်သူတွေ ပင်ပင်ပန်းပန်းနဲ့ လှုပ်ရှားကြရတယ်။ ဒါကြောင့် မိုးထဲရေထဲမှာပဲ စည်းရုံးရေးဆင်းနေရတာပေါ့။ ဒီဒေသကမိုးကလည်းအလွန်ကောင်းတဲ့ဒေသလဲဖြစ်တယ်¨ ဟု ရေးမြို့နယ် မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီမှ မင်းနိုင်စိုးက ပြောသည်။

ရေးမြို့နယ်ရှိပါတီများအနေဖြင့် မဲမဆွယ်ရကန့်သတ်နယ်မြေဖြစ်သည့် အစိုးရနှင့် ဘာသာရေးဆိုင်ရာအဆောက်ဦး၊ ဘုရားကျောင်းများအတွင်းမှအပ နေ့စဉ်ကားကြီးကားငယ်များဖြင့် တစ်ရွာဝင်တစ်ရွာထွက်လိုက်လံမဲဆွယ်စည်းရုံးခြင်းများကို နေ့စဉ်ရက်ဆက်ပြုလုပ်နေခြင်းဖြစ်သည်။

¨မိမိတို့ပါတီအောင်နိုင်ရေးအတွက် မိုးရွာရွာနေပူပူပြည်သူတွေ အကျိုးကို ဆောင်ရွက်စေချင်တဲ့အတွက် စည်းရုံး ရေးဆင်းနေခြင်းဖြစ်ပါတယ်¨ ဟု ရေးမြို့နယ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်း ဦးအောင်စိုးနိုင်က ပြောသည်။

ရေးမြို့နယ်အတွင်းပါဝင်ယှဉ်ပြိုင်ကြမည့် ပါတီများမှာ ပြည်ခိုင်ဖြိုးပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ၊ မွန်အမျိုးသားပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ တို့ဖြစ်ပြီးပြည်ခိုင်ဖြိုးပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီတို့သည် လှုပ်ရှားမှုအားအကောင်းဆုံးဖြစ်နေကြောင်း လာမည့်အောက်တိုဘာလအတွင်းတွင်လည်း ရေးမြို့နယ်အတွင်းရှိပါတီများအနေဖြင့် စည်းရုံးရေးလုပ်ငန်းများကို ပြည်သူများစိတ်ပါဝင်စားလာစေရန် ထပ်မံအရှိန်အဟုန်မြှင့်တင်၍ လုပ်ဆောင်ကြမည်ဖြစ်ကြောင်း သိရသည်။

¨ဘယ်ပါတီကိုမဲပေးရမလဲဆိုတာကိုတော့ ကွဲလွဲချက်တွေအမျိုးမျိုးပါ။ မူကိုကြည့်သူရှိသလို လူကိုကြည့်သူတွေ လည်းရှိနေကြတာပေါ့။ ဒါပေမယ့် လက်ရှိ ရေးမြို့နယ်အနေအထားက ဘယ်ပါတီ၊ ဘယ်ကိုယ်စားလှယ်တွေ အများစု အနိုင်ရမယ်ဆိုတာ ခန့်မှန်းဖို့ရာ ခဲယဉ်းပါတယ်¨ ဟု ရန်မျိုးအောင် ရပ်ကွက်နေ နိုင်ငံရေးလေ့လာသုံးသပ်သူ ဒေသခံတစ်ဦးက ပြောသည်။

ရေးမြို့နယ်အတွင်း ပြည်သူ့လွှတ်တော် ၁ နေရာ၊ အမျိုးသားလွှတ်တော် ၂ နေရာနှင့် ပြည်နယ်လွှတ်တော်၂ နေရာခွဲတမ်းရရှိထားပြီး ပါတီ ၅ ခုမှ ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော်အတွက် တစ်သီး ပုဂ္ဂလကိုယ်စားလှယ်တစ်ဦး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

**ဝင်းနိုင်သက်**

The Reporter NEWS JOURNAL

**အယ်ဒီတာချုပ်**
ခင်ဝင်း

**အယ်ဒီတာ**
တင်မောင်ထွေး၊
နေမင်းကျော်

**ဘာသာပြန်**
ငါးလေး

**တပြင်**
ကိုတိုး

**သတင်းအဖွဲ့**
ကျော်သက်အောင်၊ တေဇလင်း၊
မြင့်မြတ်ထက်၊ ယဉ်အေး၊ ဖြိုးကိုနိုင်၊ MMK

**အလွတ်သတင်းထောက်**
မောင်လေး

**နယ်သတင်းထောက်**
ပွင့်ထူး(တောင်တွင်းကြီး)၊
ဟိန်းသူရဆွေ၊
ကျော်သိန်းဦး(နတ်မောက်)

**ဒီဇိုင်း**
ရန်ပိုင်

**တာဝန်ခံ/စာစီစာရိုက်**
မောင်မျိုး၊ သဲသဲ

**ထုတ်ဝေသူ**
ဦးတင့်အောင် (၀၀၃၈၉)

**ပုံနှိပ်**
ခွန်ပြည်အေး(၀၀၈၉၂)
၁၆၃၊ မဟာဗန္ဓုလလမ်း၊
ဗိုလ်တထောင်မြို့နယ်။

**စောင်ရေ – ၁၀၀၀**

**တန်ဖိုး – ၃၅၀ကျပ်**

**လိပ်စာ**
အမှတ်(၉၉/အေ)၊ ၄၂လမ်း၊
မဟာဗန္ဓုလလမ်းနှင့်
ကုန်သည်လမ်းကြား၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၀၁၆၉၊
၀၁-၃၇၁၂၃၄၊ ၀၉၂၅၂၂၂၆၁၄၄
Email -reporter.journal.mm@gmail.com
facebook.Reporter News Journal

# ဘတ်စ်ကားမှတ်တိုင်၌ အခြားယာဉ်များဝင်ရောက်ရပ်တန့်ခြင်း အရေးယူမှုအားနည်း

**ရန်ကုန်၊ စက်တင်ဘာ ၂၇**

ရန်ကုန်မြို့တွင်း ခရီးသည်တင် မထသ ဘတ်စ်ကားများ ယာဉ်စည်းကမ်း လမ်းစည်းကမ်းများကို မလိုက်နာခြင်းကို အရေးယူခြင်းရှိသော်လည်း ဘတ်စ်ကားမှတ်တိုင်၌ အခြားယာဉ်များဝင်ရောက်ရပ်တန့်ခြင်းကိုမူအရေးယူမှုအားနည်းနေကြောင်း မထသ ယာဉ်မောင်းများက စက်တင်ဘာ ၂၆ ရက်တွင် ပြောသည်။

''မော်တော်ယာဉ်ဥပဒေအသစ်ပြဋ္ဌာန်းပြီးတာနဲ့ ကျွန်တော်တို့ယာဉ်လိုင်းကားတွေကို ယာဉ်ထိန်းရဲတွေက တင်းတင်းကျပ်ကျပ်အရေးယူမှုတွေ ရှိတယ်။ ကျွန်တော်တို့မှာဖြစ်နေတာက သတ်မှတ်ထားတဲ့ အခေါက်ရေပြည့် အောင်လည်း မောင်းရသေးတယ်။ လမ်းပိတ်ဆို့မှုဒဏ်လည်းခံရတယ်။ ကျွန်တော်တို့ ရပ်ရမယ့်မှတ်တိုင်မှာဝင်ရပ်နေတဲ့ Taxi ယာဉ်တွေ၊ အိမ်စီးကားတွေကိုတော့ အရေးယူတာမတွေ့ဘူး'' ဟု ၁၂၄ ယာဉ်လိုင်းမှ ယာဉ်မောင်းတစ်ဦးက ပြောသည်။

''မှတ်တိုင်တွေမှာ တစ်ခါတလေတက္ကစီတွေ၊ ကိုယ်ပိုင်ယာဉ်တွေနှစ်စီး၊ သုံးစီးထပ်ပြီး ရပ်ထားလို့ ကျွန်တော်တို့က မှတ်တိုင်ကျော်ရပ်လို့မိရင် ရဲက မှတ်တိုင်ကျော်လို့ ဖမ်းတယ်။ အနောက်ကရပ်ရင်လည်း မှတ်တိုင်မရောက်ခင်ရပ်လို့ဆိုပြီး အဖမ်းခံရတယ်။ ကျွန်တော်တို့မှာ အဖမ်းအဆီးတွေများလွန်းလို့ ကားမောင်းဖို့တောင်တော်တော်စိတ်ပျက်နေပြီ။ ကျွန်တော်တို့ကိုပဲ ပစ်မှတ်ထားအရေးယူနေသလားလို့တောင် ထင်ရတယ်'' ဟု ၃၃ ယာဉ်လိုင်းမှ ယာဉ်မောင်းတစ်ဦးက ပြောသည်။

ယခင်က မော်တော်ယာဉ် ဥပဒေတွင် အမှုသေး (မှတ်တိုင်ကျော် ရပ်မှုနှင့် မှတ်တိုင်မရောက်ခင်ရပ်မှုများ) ကို ဒဏ်ကြေးငွေ ကျပ် ၁၅၀၀ သာပေးဆောင်ရသော်လည်း စက်တင်ဘာ ၇ ရက်က အတည်ပြုခဲ့သော မော်တော်ယာဉ် ဥပဒေသစ်တွင် ဒဏ်ကြေးငွေ ၃၀၀၀၀ ကျပ်အထိတိုးမြှင့်အရေးယူခဲ့ကြောင်း သိရသည်။

''ရန်ကုန်မြို့ဟာ မနက်မိုးလင်းတာနဲ့ လမ်းတွေကစပိတ်တော့တာလေ။ကျွန်တော်တို့အငှားယာဉ်မောင်းတွေကလည်း အိုးနာခ၊ ဆီဖိုး၊ မိသားစုစရိတ်အတွက် ရှာဖွေရတာပါပဲ။ တစ်ခါတလေ မှတ်တိုင်မှာ လူတင်ရတဲ့ အဖြစ်အပျက်မျိုးတွေရှိပါတယ်။ ဒါပေမယ့် မထသယာဉ်တွေလောက်ပြိုင်မောင်း၊ အတင်းဝင် အတင်းထွက်ပြီး မမောင်းကြပါဘူး။ ကျွန်တော်တို့ စည်းကမ်းဖောက်ရင် လည်း ယာဉ်ထိန်းရဲတွေက အရေးယူတာပါပဲ'' ဟု အငှားယာဉ်မောင်း တစ်ဦးဖြစ်သူ ဦးထွန်းမြင့်က ပြောသည်။

ယင်းကဲ့သို့ မထသယာဉ်များ ရပ်တန့်ရမည့်နေရာများတွင် အခြားယာဉ်များ ရပ်တန့်နေမှုကို အရေးယူမှုအားနည်းခြင်းများနှင့် ပတ်သက်၍ မြန်မာနိုင်ငံယာဉ်ထိန်းရဲ တပ်ဖွဲ့မှူးရုံးသို့ဆက်သွယ်မေးမြန်းရာ ''ကျွန်တော်တို့ကတော့ စည်းကမ်းချိုးဖောက်တဲ့ ကားတိုင်းကိုဥပဒေအရ အရေးယူပါတယ်။ ဘတ်စ်ကားမှတ်တိုင်မှာ ကိုယ်ပိုင်ကားတွေရပ်ရင် ၁၉၈၉ မော်တော်ယာဉ်ဥပဒေပုဒ်မ ၁၅၃ အရ အရေးယူတယ်။ ဒီလိုပဲ ဘတ်စ်ကားမှတ်တိုင်မဟုတ်တဲ့နေရာ မှာ ဘတ်စ်ကားရပ်ရင် အရေးယူတယ်။ အားလုံးကိုတစ်ပြေးညီပဲ ကျင့်သုံးတယ်'' ဟု ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲမှူးဝင်းလွင်က ပြန်လည်ဖြေဆိုခဲ့သည်။

ယာဉ်ကြောလမ်းများချဲ့ထွင် ခြင်းမပြုဘဲ ကားတင်သွင်းခွင့်မူဝါဒပြောင်းလဲခဲ့သဖြင့် ရန်ကုန်မြို့တွင် ကားစီးရေများပြားလာကာ ယာဉ်ကြောကြပ်ခြင်း နေ့စဉ်ဖြစ်ပေါ်လာနေပြီး လမ်းဘေးဝဲယာများ၌ ယာဉ်များစည်းကမ်းတကျရပ်နားခြင်းမရှိကြောင်း တွေ့ရသည်။

**လင်းယုန် (ဟံသာဝတီ)**

# ဂျပန်မှလှူဒါန်းသည့် RBE ရထားတွဲ ၆ စီးဖြင့် မြို့ပတ်ရထား အစားထိုးပြေးဆွဲ




**ရန်ကုန်၊ စက်တင်ဘာ ၂၈**

ဂျပန်နိုင်ငံမှ လှူဒါန်းသည့် RBE ရထားတွဲ ၆ စီးဖြင့် မြို့ပတ်ရထားလမ်းတွင် အစားထိုးပြေးဆွဲမည်ဖြစ်ကြောင်း စက်တင်ဘာ ၂၈ ရက်နေ့က မြန်မာ့မီးရထားတွင် ကျင်းပသည့် ဂျပန်နိုင်ငံမှ ရထားတွဲပေးအပ်လှူဒါန်းသည့် အခမ်းအနားမှ သိရသည်။

''ဂျပန်နိုင်ငံကနေပေးတဲ့ ရထားတွဲ ၆ စီးကို မြို့ပတ်ရထားပြေးဆွဲတဲ့ လမ်းပိုင်းမှာ အစားထိုးပြေးဆွဲ ပေးသွားမှာပါ။ ရထားပို့ဆောင်ရေးစနစ်နဲ့ပတ်သက်ပြီး အခြေခံအဆောက်အအုံ တွေအတွက် အချိန်ယူရပါတယ်။ လက်ရှိမှာ ရထားလမ်းပိုင်း အခြေခံအဆောက်အအုံ အဆင့်မြှင့်တင်တာတွေ လုပ်ဆောင်နေပါတယ်'' ဟု ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ပြောသည်။

ဂျပန်နိုင်ငံမှ ရထားတွဲ ၆ စီးကို လှူဒါန်းထားပြီး၊ ရောက်ရှိလာသည့် ရထားတွဲ ၆ စီးဖြင့် ယခုတစ်ပတ်အတွင်း အစားထိုးပြေးဆွဲသွားမည်ဖြစ်ရာ ရထားလက်မှတ်ခ ကျပ် ၂၀၀ ဖြစ်ပြီး ရိုးရိုးတွဲများဖြစ်ကြောင်း သိရသည်။

''ခရီးသွားလာတဲ့ ကိုယ်ဝန် ဆောင်တွေ မသန်စွမ်းတွေအတွက် ဒီတွဲအသစ်မှာပါတဲ့ ခုံတွေက အဆင်ပြေမှာပါ။ ကျန်ခရီးသွားတွေအတွက်လည်း သက်တောင့်သက်သာစီးနင်းနိုင်မှာပါ။ ဂျပန်နိုင်ငံကပေးတဲ့ရထားတွဲဆိုင်းတွေက မြန်မာ့မီးရထားအတွက် အထောက်အကူဖြစ်ပါတယ်'' ဟု မြန်မာ့မီးရထားလက်ထောက်အထွေထွေမန်နေဂျာ (စက်မှု) ဦးထွန်းလွင်က ပြောသည်။

ယခုအစားထိုးပြေးဆွဲမည့် ရထားတွဲဆိုင်း ၆ စီးတွင် ထိုင်ခုံဖြင့် စီးနိုင်သည့် ခရီးသည် ၃၇၀ နှင့် မတ်တပ်ရပ်လျက်ခရီးသည် ၃၀၀ ကျော် စီးနင်းနိုင်ကြောင်း သိရသည်။ ရန်ကုန်မြို့ရှိ ခရီးသွားလာသူ ၂ဒသမ၅ သန်းကျော်တွင် နေ့စဉ် ရထားခရီးသည် ရှစ်သောင်းမှ တစ်သိန်းကြားအထိ စီးနင်းလျက်ရှိကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**ထက်ထက်**

# စစ်တွေမြို့တွင်းရှိမီးပွိုင့်အပျက်များ ပြန်လည်ပြုပြင်ခြင်းမရှိ

**စစ်တွေ၊ စက်တင်ဘာ ၂၈**

ရခိုင်ပြည်နယ်၏မြို့တော် စစ်တွေမြို့လမ်းဆုံများ၌ တပ်ဆင်ထားသည့် မီးပွိုင့်များအားလုံး ပျက်စီးနေသည်မှာ ၄လခန့် ကြာမြင့်နေပြီဖြစ်သော်လည်း ပြန်လည်ပြုပြင်ခြင်းမရှိသေးကြောင်း ဒေသခံများထံမှ သိရှိရသည်။

''ပြည်နယ်အစိုးရအဖွဲ့ကို တင်ပြထားတယ်။ မီးပွိုင့်က စည်ပင်နဲ့ဆိုင်တယ်ဆိုလို့ စည်ပင်သွားပြောတော့ ဆက်သွယ်ရေးနဲ့ လုပ်ရမယ်လို့ပြောတယ်။ မီးပွိုင့်တွေက အကုန်လုံးပျက်နေတာ။ အဓိကတော့ ဆားကစ်ပြားတွေ ပျက်သွားနေတာပါ'' ဟု အမှတ် ၅ ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စစ်တွေမြို့တွင် အဓိကလမ်းဆုံများဖြစ်သည့် လောကနန္ဒာလမ်းဆုံ၊ လေဆိပ်လမ်းဆုံ၊ ဆေးရုံထောင့်၊ ဦးဥတ္တမလမ်း၊ လမ်းမတောင်မြောက်တို့တွင် တပ်ဆင်ထားသည့် မီးပွိုင့်များအားလုံးပျက်ဆီးနေခြင်းဖြစ်ပြီး အဆိုပါမီးပွိုင့်များကို၂၀၁၄ ခုနှစ်ဒီဇင် ဘာလအတွင်းတပ်ဆင်ခဲ့ပြီး ပြန်လည်ပြုပြင်ရန် တတ်ကျွမ်းပညာရှင်များ ခေါ်ထားဆဲဖြစ်ကြောင်း အမှတ် ၅ ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲရုံးမှ သိရသည်။

''လမ်းမကြီးကတော်တော်လေးကို ယာဉ်ကြောပိတ်ဆို့တယ်။ မီးပွိုင့်တွေကလည်း ပျက်နေတာ ၄လ နီးပါး ရှိတော့မယ်။ မီးပွိုင့်ရှိရင် ယာဉ်ကြောတွေကလည်း မပိတ်ဆို့တော့ဘူး'' ဟု ဒေသခံ ကိုမောင်မောင်စိန်က ပြောသည်။

အထက်ပါမီးပွိုင့်များကို မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိစတွင် တပ်ဆင်ခဲ့ခြင်းဖြစ်ကြောင်း၊ စစ်တွေမြို့တွင် မီးပွိုင့် ၅ ခုနှင့် မှိတ်တုတ် မီးဝါနေရာတပ်ဆင်ထားကြောင်း သိရသည်။



''မီးပွိုင့်တွေပျက်တာကလည်း လျှပ်စစ်မီးအတက်အကျများတဲ့အတွက် ဆားကစ်တွေ ပျက်သွားတာပါ'' ဟု အမှတ် ၅ ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**မိုးဝေ**

# ရွေးကောက်ပွဲဝင် နိုင်ငံရေးပါတီများနေသဖြင့် ရခိုင်ဒေသခံများ မဲပေးရန်ဝေခွဲမရဖြစ်

**စစ်တွေ၊ စက်တင်ဘာ ၂၈**

ရခိုင်ပြည်နယ်အတွင်း ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီပေါင်း ၂၀ ဝင်ရောက်အရွေးခံ မည်ဖြစ်ပြီး ရခိုင်ပါတီ ၃ ခု ရှိနေသည့်အတွက် မည်သည့်ပါတီကို မဲပေးရမည်ကို ဝေခွဲမရဖြစ်နေကြကြောင်း ဒေသခံများထံမှ သိရှိရသည်။

''၂၀၁၀ တုန်းကထက်ပိုပြီး ပါတီမဲဆွယ်စည်းရုံးမှုတွေ ပိုများလာတာရှိတယ်။ တသီးပုဂ္ဂလတွေလည်း တွေ့ရတယ်။ ၂၀၁၀ တုန်းကလည်း ကျွန်မတို့ရခိုင်ပါတီကို မဲထည့်ခဲ့တယ်။ အခုရွေးကောက်ပွဲမှာ ပညာတတ်အသိုင်းအဝိုင်းတွေလည်းပါလာတယ်။ အဓိကတော့ ပြည်သူအတွက်အမှန်တကယ်လုပ်ပေးနိုင်မယ့်သူကိုရွေးရမှာ'' ဟုစစ်တွေမြို့မှ အထက်တန်းပြကျောင်းဆရာမ ဒေါ်မလှမေက ပြောသည်။ ၂၀၁၀ ရွေးကောက်ပွဲကာလအတွင်းအမတ်များမှာ ဒေသများအတွင်းသို့ လာရောက်ခဲ့ခြင်းမရှိသော်လည်း ၂၀၁၅ ရွေးကောက်ပွဲအတွက် ပါတီအသီးသီးမှ မဲဆွယ်စည်းရုံးနေကြကြောင်း စစ်တွေဒေသခံများထံမှ သိရသည်။

''အဓိကတော့ဗျာ ခင်ဗျားတို့လည်း သိတဲ့အတိုင်းပဲ။ အရပ်သား အစိုးရစတက်ပြီး တစ်နှစ်အလွန် ၂၀၁၂ ခုနှစ်မှာ ပဋိပက္ခဖြစ်တယ်ဆိုတော့ ဒီပဋိပက္ခကိစ္စတွေနဲ့ပဲ ရခိုင်ပြည်နယ်လွှတ်တော်ဟာ အချိန်ကုန်ခဲ့ရတယ်'' ဟု ရခိုင်တိုင်းရင်းသားတိုးတက်ရေးပါတီမှ ဦးအောင်မြကျော်က ဆိုသည်။

**မိုးဝေ**

# မဲစာရင်းမပါသည့်ပြည်တွင်းရွှေ့ပြောင်းလုပ်သားနှစ်သိန်းကျော် အနက် နှစ်သောင်းခန့်သာ မဲစာရင်းသွင်း

**မန္တလေး၊ စက်တင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီးအတွင်း မဲစာရင်းတွင်မပါဝင်သည့် ပြည်တွင်းရွှေ့ပြောင်း လုပ်သားနှစ်သိန်းကျော်ရှိသော်လည်း လာရောက်စာရင်းသွင်းသူ နှစ်သောင်းခန့်သာရှိကြောင်း မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်မှ သိရှိရသည်။

''နှစ်သိန်းကျော် လောက်ရှိတယ်။ စာရင်းလာပေးတာနည်းတယ်။ နှစ်သောင်းမပြည့်သေးဘူး။ မသိလို့ မလျှောက်တာလား။ မအားလို့မလျှောက်တာလားတော့ မသိဘူး။ ကျွန်တော်တို့အနေနဲ့က ရွှေ့ပြောင်းလုပ်သားများတဲ့ ရမည်းသင်း၊ သပိတ်ကျင်းတို့ဒေသတွေဘက်ကို အဓိကထား ပညာပေးစည်းရုံးနေရတယ်'' ဟု မန္တလေးတိုင်းရွေးကောက်ပွဲကော်မရှင် ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်စိုးက ပြောသည်။

ရွှေ့ပြောင်းလုပ်သားများ အနေဖြင့် နေရာတစ်ခု၌ ရက်ပေါင်း ၁၈၀ နေထိုင်ပြီးပါက အဆိုပါဒေသတွင် မဲပေးနိုင်ရန် ပုံစံ ၃(က)ဖြင့် လျှောက်ထားမဲပေးရခြင်းဖြစ်ပြီး ၎င်းရွှေ့ပြောင်းလုပ်သားများ မဲပေးနိုင်ရေးအတွက် ပြင်ပအဖွဲ့အစည်းများပါ လုပ်ဆောင်နေသော်လည်း အခက်အခဲများ တွေ့နေရကြောင်း သိရသည်။

''ကော်မရှင် အားပေးမှုကနည်းတယ် အချို့ရပ်ကွက်တွေမှာ ရပ်ကွက်ရုံးတွေကအစမသိဘူး လက်မခံဘူး လုပ်နေတာကြုံရတယ်။ နောက်တစ်ခုက သန်းခေါင်စာရင်းတုန်းက ငွေဒီလောက် သုံးထားပြီး မဲစာရင်းမပါတာ မှားနေတာကတော့ လွဲနေသေးတယ်'' ဟု မန္တလေးအမျိုးသမီးနိုင်ငံရေးတက်ကြွ လှုပ်ရှားသူများအဖွဲ့မှ ဒေါ်အမာနီက ပြောသည်။

မဲစာရင်းမပါသူများ ပြန်လည်လျှောက်ထား မှုရရှိရန်အအတွက် ၎င်းတို့အဖွဲ့နေဖြင့် မန္တလေးမြို့ပေါ်ရှိ နေရာအချို့တွင်သာ လုပ်ပေးနိုင်ပြီး ပြန်လည်လျှောက်ပြီးသူ တစ်သောင်းခွဲခန့်သာရှိသေးကြောင်း သိရသည်။

''ဖွဲ့စည်းပုံဥပဒေအရမဲပေးခွင့်မရတာက နိုင်ငံသားအခွင့်ရေးဆုံးရှုံးတာပဲ။ ရွေးကောက်ပွဲတန်ဖိုးကျတာပေါ့။ ရလဒ်လည်းပျက်သွားနိုင်တာပေါ့'' ဟု မန္တလေး NLD အဖွဲ့ချုပ်အတွင်းရေးမှူး ဦးတင်ကိုကိုက ပြောသည်။

မဲပေးမည့် သူများတန်ဖိုးကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်မှလည်း မဲဆန္ဒရှင် ၁၀၀၀ ခန့် မပေးပါကရွေးကောက်ပွဲ ရလဒ်ပြောင်းသွားနိုင်ကြောင်း ဆီဆိုင်မြို့ ခရီးစဉ်တွင်ပြောကြားခဲ့ပြီး ဖြစ်သည်။

လက်ရှိတွင် မဲစာရင်းများမှား ယွင်းမှုများကို အတိအကျမထုတ်ပြန်နိုင်သေးကြောင်း စက်တင်ဘာ ၂၇ ရက် နောက်ပိုင်းမှသာ ရာခိုင်နှုန်းအလိုက်ထုတ်ပြန်နိုင်မည်ဖြစ်ကြောင်း တိုင်းရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲထံမှ သိရသည်။

**ကိုဖြိုး**

# NLD ပါတီကသာစစ်မှန်သော အပြောင်းအလဲကိုဖန်တီးနိုင်ဟုဆိုကာရခိုင်တွင်မဲဆွယ်

**စစ်တွေ၊ စက်တင်ဘာ ၂၇**

ရခိုင်တိုင်းရင်းသားများအနေဖြင့် စစ်မှန်သောပြောင်းလဲမှုကို လိုလားလျှင် NLD ကိုမဲပေးရန် စစ်တွေမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ဦးစံသာက ၎င်းတို့၏ စစ်တွေမြို့နယ်အတွင်း မဲဆွယ်စည်းရုံးရေး ခရီးစဉ်၌ပြောကြားလိုက်သည်။

''အဓိက ပြည်ထောင်စုအဆင့် အစိုးရဖွဲ့နိုင်တာ ကြံ့ခိုင်ရေးနဲ့ NLD ပဲရှိတယ်။ ကျန်ပါတီတွေက အနိုင်ရခဲ့ရင် ဘာမှထူးထူးခြားခြား ပြောင်းလဲမှုကို ဆောင်ရွက်နိုင်မှာ မဟုတ်ပါဘူး။ စစ်မှန်တဲ့ပြောင်းလဲမှုကို NLD ကလွဲပြီးဘယ်သူမှ မဖန်တီးနိုင်ဘူး'' ဟု NLD ပါတီ၏ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်း ဦးစံသာက ပြောသည်။

ရခိုင်တိုင်းရင်းသားများအနေဖြင့် နှစ်ပေါင်း ၆၀ ကျော်အတွင်းခံစားခွင့်မရရှိခဲ့သည့် အပြောင်းအလဲများရရှိ နိုင်ရန်အတွက် NLD ပါတီကိုသာမဲထည့်ရန်လိုကြောင်း ၎င်းက ဆိုသည်။

လက်ရှိတွင် ရခိုင်ပြည်နယ် စစ်တွေမြို့နယ်တွင်း NLD ပါတီ၏ ပထမဆုံးအကြိမ်မဲဆွယ်စည်းရုံးခြင်းကို လုပ်ဆောင်ရာ ဒေသခံ ၆၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

ရခိုင်ပြည်နယ်၏အလားအလာအကောင်းဆုံးပါတီများတွင် ထိပ်ဆုံးတွင်မပါဝင်သော်လည်း ပြည်နယ်တောင်ပိုင်းဒေသများဖြစ်သော တောင်ကုတ်၊ သံတွဲ၊ ဂွ စသောဒေသများတွင် အနိုင်ရရှိနိုင်သည်ဟု ဒေသခံများက ခန့်မှန်းထားကြသည်။

ရခိုင်ပြည်နယ်တွင် နိုင်ငံရေးပါတီ ၂၂ ခုမှ ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလကိုယ်စား လှယ်လောင်း စုစုပေါင်း ၃၅၂ ဦးဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

# အခြေခံလုပ်အားခ ခွဲခြားသတ်မှတ်ခံရမှု အထည်ချုပ်စက်ရုံလုပ်သားများဆန္ဒပြ

**အင်းတကော်၊ စက်တင်ဘာ ၂၇**

ပဲခူးမြို့နယ်၊ အင်းတကော်ကျေးရွာ၊ ရပ်ကွက်ကြီး (၃)၊ ပဲခူး-ရန်ကုန်ကားလမ်းမကြီးဘေးရှိ ဟုန်းကလူး၏ (Hung Klu Garment MFG Coçltd) မြန်မာအထည်ချုပ် စက်ရုံ၌ အခြေခံလုပ်အားခ ခွဲခြားသတ်မှတ်ခြင်းအပေါ် အလုပ်သမားများက စက်တင်ဘာလ ၂၆ ရက်နေ့ နံနက်ပိုင်းတွင် ဆန္ဒထုတ်ဖော်ခဲ့ကြောင်း သိရှိရသည်။

''အခြေခံလုပ်အားခ တစ်နေ့ရငွေကို နိုင်ငံတော်မှ သတ်မှတ်ပေးသည့်နှုန်းထားမပေးတဲ့အတွက် ဆန္ဒထုတ်ဖော်ရခြင်းဖြစ်တယ်။ အခုတော့ အလုပ်သမားဘက်က တောင်းဆိုချက် ၈ ချက်ကို အလုပ်သမား ဦးစီးဌာနမှ တာဝန်ရှိသူ၊ ညှိနှိုင်းဖြန်ဖြေရေးအဖွဲ့၊ စက်ရုံပိုင်ရှင်နဲ့ အလုပ်သမားခေါင်းဆောင်တို့ ညှိနှိုင်းဆွေးနွေးခဲ့တာ လိုက်လျောပေးခဲ့တဲ့အတွက် အားလုံးအဆင်ပြေသွားပါပြီ'' ဟု ဆန္ဒထုတ်ဖော်ခဲ့သော အထည်ချုပ်စက်ရုံ အလုပ်သမား ကိုကျော်ဇင်ဟိန်းက ပြောသည်။

ထိုကဲ့သို့ ဆန္ဒထုတ်ဖော်ခြင်းအပေါ်အလုပ်ရှင်ဘက်မှ အလုပ်သမားများ၏ တောင်းဆိုချက်များကို လိုက်လျောပေးခဲ့ရာ ပြေလည်ခဲ့ပြီး ဆန္ဒထုတ်ဖော်မှုကို မွန်းလွဲ ၂ နာရီခန့်တွင် ရုပ်သိမ်းခဲ့ကြောင်း သိရ သည်။

အထည်ချုပ်စက်ရုံ အလုပ်သမားများက ရက်မှန်ကြေးနှင့် ယခင်အတိုင်း ကျွမ်းကျင်ကြေးပေးရန်၊ အခြေခံလစာ တစ်သိန်းပေးရန်၊ တစ်နှစ်ပြည့်ခံစားခွင့် ၁၀ ရက်ပေးရန်၊ OT ကြေး တိကျစွာသတ်မှတ်ပေးပြီး ဖယ်ရီကားစီစဉ်ပေးရန်၊ A-B-C အဆင့်များကို စံချိန်တွေမတူညီဘဲအစဉ်လိုက်ခွဲတောင်းရန်၊ ဖူလုံရေးကတ်များထုတ်ပေးရန်နှင့် အန္တရာယ်နှင့် ကြုံလာသောအခါ ခံစားခွင့်ပေးရန်၊ သတိပေးချက်များကို အများသိသာသော မြင်ကွင်း၌ ဗီနိုင်းစာရွက်များဖြင့် ကပ်ထားပေးရန်၊ ၇ နာရီ ၁၅ မိနစ်အလုပ်ထဲသို့အရောက်သွားမည်ဖြစ်သောကြောင့် အလုပ်ပိုက်ဆံဖြတ်သောအခါ ၁၅ မိနစ်ကျော်မှ ဖြတ်ရန်စသည့်အချက် ၈ ချက်ကို တောင်းဆိုခဲ့ကြသည်။

**မျိုးမြတ်**



မဲစာရင်းကြည့်နေသူ မဲဆန္ဒရှင်တစ်ဦး

# မဲစာရင်းတွင် အမည်မပါက သက်သေခံ လက်မှတ်လျှောက်ထားရန်လို

**နေပြည်တော်၊ စက်တင်ဘာ ၂၅**

မဲစာရင်းတွင်နာမည်မပါသော်လည်း မဲစာရင်းသက်သေခံလတ်မှတ်ဖြင့်မဲပေးနိုင်မည်ဖြစ်ကြောင်း စက်တင်ဘာလ ၂၅ ရက်နေ့က နေပြည်တော်၌ပြုလုပ်သည့်ရွေးကောက်ပွဲဆိုင်ရာကျင့်ဝတ်ဆွေးနွေးပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးက ပြောသည်။

'' အခုမဲစာရင်းမှာနာမည်မပါဘူးဆိုရင် ပုံစံနဲ့လျှောက်လို့ရတယ်။ ဒီလိုမှမဟုတ်ဘူးဆိုရင် မဲစာရင်းသက်သေခံလက်မှတ်လျှောက်ပြီးမဲပေးလို့ရတယ်။ မဲစာရင်းသက်သေခံလက်မှတ်လုပ်ထားဖို့ပဲလိုတယ်'' ဟု ၎င်းက ပြောသည်။

စက်တင်ဘာ ၁၄ ရက်နေ့တွင် ဒုတိယအကြိမ် ထုတ်ပြန်သည့်မဲစာရင်းများတွင် ယခင်ထက်ပိုမိုမှားယွင်းနေသည်ဟု ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများကဝေဖန်မှုများရှိနေပြီး မဲစာရင်းများတွင်မဲပေးပိုင်ခွင့်ရှိသည့်မဲဆန္ဒရှင်လူဦးရေထက်ပိုမိုများပြားနေကြောင်း ဝေဖန်မှုများရှိနေသည်။

''ပထမအကြိမ်မဲစာရင်းကြေညာတဲ့အခါမှာအန်တီနဲ့သမီးကမှန်တယ်။ အန်တီ့အမျိုးသားကမှတ်ပုံတင်နံပတ်မှားနေတယ်။ အဲ့ဒါကို ပုံစံ ၃ နဲ့လျှောက်တယ်။ အခုထုတ်တဲ့အခါ အမှားပြင်ဆင်ချက်မှာသွားကြည့်တယ်။ အန်တီတို့ပြင်ခိုင်းထားတဲ့ဟာမဟုတ်ဘဲနဲ့အရင်အတိုင်းပဲဖြစ်နေတယ်'' ဟု မြောက်ဒဂုံတိုး၍ ၄၁ ရပ်ကွက်နေ ဒေါ်နုနုဝင်းက ပြောသည်။

ယခုကဲ့သို့မဲစာရင်းများမှားယွင်းနေမှုကိုသတ်မှတ်ထားသည့်ပုံစံများဖြင့်သာလျှောက်ထားရမည်ဖြစ်ပြီး မဲဆန္ဒရှင်သက်သေခံလက်မှတ်များကိုရွေးကောက်ပွဲမကျင်းမမီတစ်ပတ်အလို တွင်ထုတ်ပေးသွားမည်ဖြစ်ကြောင်း ဦးတင်အေးက ပြောသည်။

ရွေးကောက်ပွဲတွင် အသုံးပြုရန် မဲစာရင်းဆော့ဝဲလ်များ ပြောင်းလဲခြင်းကို ၎င်းက သိရှိခဲ့ခြင်းမရှိကြောင်း၊ မဲစာရင်းရှာဖွေရ လွယ်ကူစေရန်လုပ်ဆောင်ပေးခြင်းသာဖြစ်ပြီး ပါတီအားလုံးကို မဲဆန္ဒရှင် စာရင်းများပေးထားပြီးဖြစ်ကြောင်း ၎င်းက ပြောသည်။

''ရွေးကောက်ပွဲမတိုင်ခင်သက်သေခံလတ်မှတ်တွေမကျန်ရအောင် လုပ်ပေးမှာပါ။ နောက်ပြီး ဝေးလံခေါင်သီတဲ့ဒေသတွေမှာ ကျေးရွာတစ်ရွာကိုမဲရုံတစ်ရုံထားပေးဖို့လည်း စီစဉ်ထားပါတယ်'' ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ပြောသည်။

ရွေးကောက်ပွဲကော်မရှင်အနေဖြင့်ပါတီများကိုဘက်မလိုက်ဘဲဦးတည်ချက်မှန်ရန်လိုအပ်ကြောင်းနှင့် ရွေးကောက်ပွဲပြီးချိန်တွင် ပြည်သူများမှန်မှန်ကန်ကန်မဲထည့်နိုင်သည့်အခြေအနေများ၊ နိုင်ငံရေးပါတီအဖွဲ့အစည်းတစ်ခုနှင့်တစ်ခုတရားမျှတမှုရှိနိုင်ခြေတို့ကိုလေ့လာရန်လိုအပ်ကြောင်းယင်းအခမ်းအနားသို့ ပါဝင်တက်ရောက်ဆွေးနွေးသူ Ateneo de Manila University မှ Dr.Segundo Romero က ပြောသည်။

**ကျော်သက်အောင်**

## The Reporter ကာတွန်း





# အသေးစားအလတ်စားလုပ်ငန်းများအပေါင်ပစ္စည်းများမလိုဘဲ ချေးယူနိုင်မည့် ချေးငွေသက်သေခံ အာမခံကတ်ယခုလကုန်တွင် စတင်ရောင်းချပေးမည်

**ရန်ကုန်၊ စက်တင်ဘာ ၂၇ ရက်**

အသေးစားအလတ်စားလုပ်ငန်းများ အပေါင်ပစ္စည်းမလိုဘဲ ချေးယူနိုင်မည့် ချေးငွေသက်သေခံ အာမခံကတ်ကို ယခုစက်တင်ဘာလကုန်တွင်စတင် ရောင်းချပေးမည်ဖြစ်ကြောင်း မြန်မာ့အာမခံလုပ်ငန်းမှသိရသည်။

''လက်ရှိမှာ သက်သေခံအာမခံကို ရောင်းချပေးနိုင်ဖို့ အသေးစိတ်အချက်အလက်တွေကို ရေးဆွဲနေတယ်။ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ကိုလည်း တင်ပြထားတယ်။ အတည်ပြုချက်ထွက်လာတာနဲ့ ဘဏ်တွေကို ရောင်းချပေးသွားမှာပါ'' ဟု မြန်မာ့အာမခံလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမင်းသိန်းက ပြောသည်။

အဆိုပါချေးငွေ ချေးယူနိုင်မည့် သက်သေခံ အာမခံကတ် (Credit Guarantee Insurance) ကို ၂၀၁၄ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော်လည်း ပုဂ္ဂလိက ဘဏ်များမှ အပေါင်ပစ္စည်းမပါဘဲ ချေးငွေပေးရန် ခက်ခဲနေခြင်းကြောင့် ယခုနှစ်မှစ၍ ချေးငွေသက်သေခံ အာမခံကဒ် (Credit Guarantee Insurance New Version) ကို ပြန်လည်ပြောင်းလဲလုပ်ကိုင်သွားရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

''အရင်တုန်းက လုပ်တဲ့ချေးငွေစနစ်မှာ ဘဏ်တွေကဆုံးရှုံးမှာကြောက်လို့ မချေးကြဘူး။ အခုအသစ်ပြန်ပြောင်းထားတဲ့စနစ်က ဆုံးရှုံးမှုဖြစ်တဲ့အခါ မြန်မာ့အာမခံက ၆၀ ရာခိုင်နှုန်းအထိ ပေးလျော်ပေးသွားမှာပါ၊ ကျန်တဲ့အပိုင်းက ဘဏ်ကပါဝင်လာမှာပါ'' ဟု ယင်းကပြောသည်။

ယင်းအာမခံစနစ်ကို အသေးစားအလတ်စားလုပ်ငန်းရှင်များက ပုဂ္ဂလိကဘဏ်မှ တစ်ဆင့်ချေးငွေသက်သေခံအာမခံကို ဝယ်ယူရမည်ဖြစ်ပြီး အပေါင်ပစ္စည်းမရှိပါက ပရီမီယံ ၃ ရာခိုင်နှုန်း၊ အပေါင်ပစ္စည်းရှိပါက ပရီမီယံ ၂ ရာခိုင်နှုန်းကျသင့်မည်ဖြစ်ကြောင်း၊ ဘဏ်များက မြန်မာ့အာမခံနှင့် ချိတ်ဆက်ပေးကာ ချေးငွေနှုန်းထားများကို မြန်မာ့အာမခံလုပ်ငန်းသို့ အဆိုပြုလွှာ တင်သွင်းရမည်ဖြစ်ကြောင်း၊ မြန်မာ့အာမခံလုပ်ငန်းမှ စစ်ဆေးပြီး ချေးယူမည့် ပမာဏကို ရောင်းချပေးသွားမည်ဖြစ်ပြီး ပရီမယံနှုန်းထားကို လုပ်ငန်းရှင်မှ ပေးဆောင် ရမည်ဖြစ်ကြောင်း သိရသည်။ **ထက်ထက်**

# အရောင်ဆိုးထားတဲ့ ညတာ

မောင်သစ္စာ


ဓာတ်ပုံ - အွန်လိုင်း

**ရီဝေနေသော မျက်လုံးပေါင်းများစွာက ဒစ္စကိုလျှပ်စစ်မီးရောင်စုံအောက်မှာ မြူးမြူးကြွကြွ သီဆိုလှုပ်ရှားနေတဲ့ ကောင်မလေးတစ်ယောက်ဆီမှာပဲစုပြုံရောက်ရှိနေကြပါတယ်။ တေးသီချင်းထက် သူ့ရဲ့အလှအပကိုသာ ခံစားကြပုံရပါတယ်။**

သီဆိုနေတဲ့သူ တေးသီချင်းမဆုံးခင်မှာ ပန်းကုံး တစ်ကုံး၊ နှစ်ကုံး သူမ ပခုံးထက်ဆီ ရောက်လာပါတယ်။ နောက် ၅ မိနစ်အကြာမှာတော့ သီချင်း သီဆိုနေတဲ့ ကောင်မလေးက ဘီယာ၊ အရက်ပုလင်းတွေနဲ့ပြည့်နေတဲ့ စားပွဲ ဝိုင်းတစ်ခုဆီ ကနွဲ့ကယ ဦးတည်လျှောက်လှမ်းလို့လာပါတယ်။ မကြာ ခင်မှာ ပန်းကုံး ဆုချသူရဲ့ လက်တစ်ဘက်က သူမရဲ့ အသားဖွေးဖွေးပခုံးထက်ဆီ ပိုင်စိုးပိုင်နင်း ရောက်လို့လာချိန်မှာတော့ဘ သူမက အလိုက်သင့် သူ့ဘက်ဆီတိုးကပ်လိုက်ပါတယ်။

အရက်၊ ဘီယာကြောင့် ချဉ်တူးတူးအနံ့တွေလှိုင်ကာ အဆီပျံမျက်နှာနဲ့ အသက် ၄၀ ဝန်းကျင်အရွယ် အမျိုးသားတွေ အနားမှာ အသက် ၂၀ ကျော် ကောင်မလေးတစ်ယောက်က ချစ်စရာအလှဆုံး စွဲမက်စရာအပြုံးတွေနဲ့ ခန္ဓာကိုယ် ဘယ်ညာယိမ်းထိုးကာ ရယ်ရယ်မောမော ပြောဆိုဧည့်ခံနေပါတယ်။

ပန်းကုံးဆုချတဲ့သူကို ဧည့်ခံစကားပြောပေးရမှာက သီဆိုသူတွေရဲ့ မလွှဲမရှောင်သာ ပြုလုပ်ရမယ့်အရာပါ။ ဒါမှလည်း နောက်ထပ် အပိုဆုကြေးတွေ ရနိုင်မယ့်အပြင် ကိုယ့်ရဲ့ ဖောက်သည်တစ်ယောက်လဲ ဖြစ်လာနိုင်မှာပါ။

''ဒီနေရာကို လာတဲ့သူတွေက ဘီယာလေးသောက်၊ သီချင်းလေးနား ထောင်ဖို့လာတယ်လို့ ထင်ရင်မှားမှာပေါ့၊ သူတို့ကအပျော်အတွက် ငွေလာသုံးတာ၊ သမီးတို့က သူတို့ပျော်အောင်ဖန်တီးပေးရတာ၊ ဒီအပေါ်မှာ ဘယ်သူက အမှန်ပြောကြမှာလဲ၊ အကုန်သိနေတဲ့ဟာကို'' လို့ စတိတ်စင်ပေါ် သီချင်း ဆိုတဲ့ စန္ဒီချိုက ပေါ့ပေါ့ပါးပါးရယ်မောရင်း ဆိုလိုက်ပါတယ်။ သူမက အရာရာကို အလေးအနက်မထားဟန်ရှိပါတယ်။

ယမကာအနိုးတွေ တစ်ဆိုင်လုံး လွှမ်းခြုံထားတဲ့ ဒီလိုနေရာမျိုးမှာ ငွေကို ရေလိုသုံးနိုင်သူတွေနဲ့ ငွေရရေးအတွက် ကိုယ်ခန္ဓာအလှနဲ့ မြူဆွယ်နေကြသူတွေ ကျင်လည် ကျက်စားရာ နေရာတစ်ခုလို့ ဆိုရင် မမှားနိုင်ပါဘူး။ အမှန်တရားကို ဖုံးကွယ်ကာ အတုအယောင်တွေနဲ့ လှည့်စားတတ်တဲ့ ဒီလိုနေရာမျိုးမှာ အစစ်အမှန်ဆိုတာ မရှိဘူးလို့ သူမက ဆိုလိုလိုက်တာပါ။

ရွှေအိုရောင်ဆံပင်အတို၊ မျက်တောင်အတု၊ ပါးပြင်၊ လည်ပင်းနဲ့ ပခုံး ထက်ဆီမှာတော့ ခေတ်မီတဲ့ မိတ်ကပ်တွေ ဖုံးကွယ်ထားပြီး ပုရိသတွေ အကြိုက်ကာလာစုံ ပြင်ဆင်ခြယ်သထားတဲ့ စန္ဒီချိုက မဝေးသေးတဲ့ အချိန်တစ်ခုမှာ ဆံမြိတ်နှစ်ဘက်ကို ဘယ်ညာချကာ သနပ်ခါးဘဲကျား လိမ်းခြယ်ထားတဲ့ စက်ရုံအလုပ်သမဘဝနဲ့ နှစ်အတော်ကြာဖြတ်သန်းခဲ့ရဖူးပါတယ်။

ပြီးခဲ့တဲ့နှစ် မေ ၂၉ ရက်ကစပြီး ပိတ်တစ်လှည့်၊ ဖွင့်တစ်လှည့်ဖြစ်နေတဲ့ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန် (၃) Master Sports စက်ရုံက ဇွန် ၂၆ ရက်မှာတော့ အလုပ်သမားဥပဒေပါအတိုင်း ကြိုတင်အကြောင်းကြားခြင်းမရှိဘဲ စက်ရုံပိတ်သိမ်းခဲ့လိုက်တဲ့အတွက် စက်ရုံကိုမှီခိုနေတဲ့ အလုပ်သမား ၈၀၀ ခန့် အလုပ်လက်မဲ့ဖြစ်ကာ ဇူလိုင်၁၇ရက်မှာ လုပ်ခလစာနဲ့ နစ်နာကြေးအတွက် ကူညီဆောင်ရွက်ပေးဖို့ ကိုရီးယားသံရုံးရှေ့ သွားရောက် တောင်းဆိုခဲ့ကြတာကို မှတ်မိကြမှာပါ။

အဲဒီအလုပ်သမားတောင်းဆိုမှုမှာ ''အလုပ်သမား ၇၀၀ကျော်က မိန်းကလေးတွေ၊ နယ်ကလာတာဆိုတော့ အဆောင်ငှားနေရတယ်၊ ၇ လပိုင်းလစာမရ၊ အဆောင်ခမပေးနိုင်ရင်လမ်းဘေးရောက်မှာ၊ အခုလည်း လမ်းဘေး ရောက်တဲ့ မိန်းကလေးတွေများကုန်ပြီဗျ'' ဆိုတဲ့ အလုပ်သမားခေါင်းဆောင်တစ်ယောက်ရဲ့ နာနာကျည်းကျည်း ပြောဆိုခဲ့တာနဲ့အတူ..

''ညီမတို့ဆီမှာ မိန်းခလေးက၇၀၀ကျော်ရှိတယ်၊ ဇရာဝတီတိုင်းတို့ ပဲခူးတိုင်းတို့ဘက်ကများတယ်၊ အဆောင် နေများတယ်၊ မေလကလဲ အလုပ်က ကောင်းကောင်းမလုပ်ရ၊ ဇွန်လကျတော့ အလုပ်ကပိတ်၊ လစာက မရတော့ တချို့ကောင်မလေးတွေဆိုရင် အဆောင်ကြေးမပေးနိုင်လို့ ဘဝပျက်ကုန်တာ ရှိတယ်'' လို့ စက်ရုံအလုပ်သမလေး တစ်ယောက်ရဲ့ ရင်ဖွင့်သံကို မေ့နိုင်မှာ မဟုတ်ပါဘူး။

အဲဒီ Master Sports ကပေးလိုက်တဲ့ ဒုက္ခကြောင့် စန္ဒီချိုတစ်ယောက် ဘီယာဘားဆိုင်က စတိတ်စင်ပေါ် မရည်ရွယ်ဘဲရောက်ခဲ့ရပါတယ်။ အဆောင်ခနဲ့ ဈေးဖိုးအကြွေးတွေ အချိန်မီပေးဆပ်နိုင်ဖို့ ဒီအလုပ်ကို ရွေးချယ်လိုက်ရတယ်ဆိုပေမယ့် နယ်က မိဘ၊ ဆွေမျိုးသားချင်းတွေကိုတော့ စက်ရုံမှာ အလုပ်လုပ်နေဆဲပဲလို့ လိမ်ညာ အသိပေးထားတယ်လို့ သူမက ဆိုပါတယ်။

အဲဒီကစပြီး စက်ရုံအလုပ်သမဘဝနဲ့ အမေပေးထားတဲ့ နာမည်ကိုကျောခိုင်းကာ စန္ဒီချိုဆိုတဲ့ကိုယ်တိုင်မှည့် နာမည်နဲ့ စတိတ်စင်ပေါ် မော်ဒယ်လျှောက်၊ အဲဒီကတစ်ဆင့် စတိတ်စင်ပေါ် သီချင်းဆိုသူအဖြစ်နဲ့ ဒီလောကထဲ ဖြတ်သန်းလာခဲ့တာ အချိန်ကာလတစ်ခုကြာခဲ့ပြီလို့ သူမကဆိုပါတယ်။

''ပန်းကုံးရမှ ကိုယ့်အတွက်အဆင်ပြေမှာလေ၊ ပန်းကုံးမရရင် ကိုယ့်အတွက် နေ့တွက်မကိုက်ဘူးပေါ့၊ လစာက တစ်လမှ လေးသောင်းလောက်ပဲရတာ'' လို့ သူမက ချွဲနွဲ့ဟန်နဲ့ ဆိုလိုက်ပါတယ်။

တစ်ချိန်က စက်ရုံမှာအလုပ်လုပ်စဉ် တစ်လလုံးလုံး ခြေတောင့်၊ အိပ်ရေးပျက် ပင်ပင်ပန်းပန်းရှာမှသာရတဲ့ တစ်သိန်းနီးပါးဝင်ငွေက စန္ဒီချိုရဲ့တစ်ညတာ ပန်းကုံးကြေး၊ အပိုဆုကြေးဝင်ငွေလောက်သာရှိပါတယ်။

တစ်ချိန်က စက်ရုံမှာအလုပ်လုပ်စဉ် တစ်လလုံးလုံး ခြေတောင့်၊ အိပ်ရေးပျက် ပင်ပင်ပန်းပန်းရှာမှသာရတဲ့ တစ်သိန်းနီးပါးဝင်ငွေက စန္ဒီချိုရဲ့ တစ်ညတာ ပန်းကုံးကြေး၊ အပိုဆုကြေး ဝင်ငွေလောက်သာရှိပါတယ်။

ခေတ်မီလှပငယ်ရွယ်တဲ့သူတွေဆိုရင် ပန်းကုံးများများရနိုင်တဲ့အတွက် ရသမျှငွေနဲ့ ခန္ဓာကိုယ် အလှဆင်ရင်း ပြန်ကုန်ရတာလည်း မနည်းတော့ဘူးလို့ သူမက ညည်းညူရင်းဆိုပါတယ်။

''ပန်ကုံးများများရဖို့ ကိုယ်က စက်ရုံအလုပ်သမား ဘဝလို မပြင်မဆင်ဘဲ ခပ်တုံးတုံးနေလို့မရဘူးလေ၊ ပြင်ရ၊ ဆင်ရတာပေါ့'' လို့ ခပ်ဟဟ ပြုံးရင်း သူမက ဆိုပါတယ်။

ဘီယာဘားဆိုင်တွေရှိတဲ့ မော်ဒယ်လျှောက်၊ သီချင်းဆိုသူတွေထဲမှာ ဝါသနာကြောင့် ရောက်လာသူတွေကနည်းပြီး၊ အလုပ်အခက်အခဲနဲ့ ကျောင်းစရိတ်ရှာဖို့အတွက် ရောက်လာသူတွေ ပိုများတယ်လို့ သူမကဆိုပါတယ်။

စင်တင်တေးဂီတဆိုတဲ့ စတိတ်စင်ပေါ်မှာ ကီးဘုတ်ဆရာတစ်ယောက်နဲ့ သီဆိုသူသာရှိတဲ့ ရိုးရှင်းတဲ့အနေအထားတစ်ခုလို့ အမြင်ရှိပေမယ့် စတိတ်စင်ရဲ့နောက်ကွယ်မှာ မရိုးရှင်းတာတွေ ရှိနေတယ်လို့ စတိတ်စင်ပေါ် သီချင်းဆိုသူ လုပ်သက်ရင့် အမျိုးသမီးတစ်ဦးက ဆိုပါတယ်။

''စတိတ်စင်မန်နေဂျာ စိတ်ကြိုက်နေပေးရတာ၊အကရဲ့ရှုပ်ထွေးမှုက ဘဝတစ်ခုကို လုံးဝအပြောင်းအလဲအထိ ဖြစ်စေနိုင်တယ်လို့ သူမက ပြောပါတယ်။

''စတိတ်စင်မန်နေဂျာနဲ့ အဆင်ပြေရင် ကိုယ့်ပြောစကားအောင်မြင်တယ်၊ ကီးဘုတ်ဆရာနဲ့ အဆင်မပြေလို့ကတော့စင်ပေါ်ရောက်ရင်အသေသတ်တယ်'' လို့ သီဆိုသူတွေ အခက်တွေ့အောင် ''ကီး'' အနိမ့်အမြင့် ''အင်ထရို'' အဝင်အထွက်တွေမှာ ရတ်တရက် လုပ်တတ်တယ်လို့ သူမကဆိုပါတယ်။

တစ်လှေထဲစီး တစ်ခရီးထဲသွားကြတဲ့ သူတွေအချင်းချင်း အချို့ကတော့ ရိုင်းပင်းကူညီတတ်တာရှိသလို အချို့က ချောက်တွန်းတာရှိတယ်လို့ သူမက ဆိုပါတယ်။ ကိုယ်နေရာရဖို့အတွက် ဘာပဲလုပ်ရလုပ်ရ ရင်းပြီး လုပ်တတ်တဲ့သူတွေရှိတာကြောင့် ဘီယာဘား စတိတ်စင်လောက သပွတ်အူလို ရှုပ်ထွေးတယ်လို့ သူမက စိတ်ပျက်လက်ပျက် ဆိုပါတယ်။

''ဒီအလုပ်က မိန်းကလေးချည်းပဲဆိုတော့ ပြိုင်ဆိုင်မှုများတယ်၊ ကိုယ်နဲ့မတည့်ရင် ဘယ်လိုတွန်းထုတ်ရမလဲကြည့်နေတာ'' လို့ ဘီယာဘားဆိုင်တွင်းက ရှုပ်ထွေးတဲ့အခြေအနေကို သူမကရင်ဖွင့်ဆိုပါတယ်။

ဒီလို ဘီယာဘားဆိုင်မှာ အလုပ်လုပ်တဲ့ မိန်ကလေးတွေမှာ ဆိုင်အတွင်းက ရှုပ်ထွေးမှုတွေအပြင် ပတ်ဝန်းကျင်က မေးငေါ့ကြ၊ ဆိုင်လာကြတဲ့ သူတွေက အထင်သေးအမြင်သေး ဆက်ဆံတာတွေရှိတာကြောင့် သာမန်ရိုးရှင်းတဲ့ဘဝနဲ့ပဲ နေချင်တယ်လို့ စန္ဒီချိုက ဆိုပါတယ်။

အလုပ်နဲ့ ငွေကြောင့်သာ ဒီလိုလောကထဲ ရောက်လာတဲ့အပေါ်မှာ လူ့ပတ်ဝန်းကျင် အသိုင်းအဝိုင်းက ပစ်ပယ်သလို ဆက်ဆံခံရတာတွေကြောင့် တစ်ခါတစ်ခါ အားငယ်မိကာ အရင်က စက်ရုံ အလုပ်သမားဘဝကို ပြန်တမ်းတမိတယ်


ဓာတ်ပုံ - အွန်လိုင်း

လို့ သူမက ဆိုညည်းလိုက်ပါတယ်။

သူမတမ်းမိတဲ့ စက်ရုံအလုပ်သမားဘဝက အရင်ထက်ပိုဆိုးနေတာ မသိလို့တမ်းတမိတာလည်း ဖြစ်နိုင်ပါတယ်။ စက်ရုံအလုပ်သမားတွေမျှော်လင့်တဲ့ အနိမ့်ဆုံးလုပ်ခ မသတ်မှတ်မီအချိန်နဲ့ သတ်မှတ်ပြီးချိန် နောက်ပိုင်း လှိုင်သာယာစက်မှုဇုန်မှာ အလုပ်သမား ၁၀၀၀ ကျော်အလုပ်ပြုတ်ကာ အလုပ်လက်မဲ့ ဖြစ်နေကြပါတယ်။ အဲဒီ အထဲမှာ အများစုက မိန်းကလေးတွေပဲ ဖြစ်တာကြောင့် သူတို့ရဲ့ မရေရာတဲ့ အလုပ်အခြေအနေကို ဘယ်လို ဖြေရှင်းကြမလဲဆိုတာ မသိနိုင်ကြပါဘူး။ တချို့ကတော့ အလုပ်လက်မဲ့ မိန်းကလေးတွေ ပိုမိုများပြားလာတဲ့အပေါ် စိုးရိမ်မှုတွေရှိနေကြပါတယ်။

''အလုပ်လက်မဲ့ မိန်းကလေးတွေများလာတာ မကောင်းဘူး၊ တော်ကြာ အလုပ်မရှိလို့ အလွယ်ရတဲ့အလုပ် နောက်လိုက်ရင်း လမ်းမှားရောက်မှာ စိုးရိမ်ရတယ်'' လို့ အမျိုးသမီးအခွင့်အရေးလှုပ်ရှားနေတဲ့ မသက်မာထွန်းက ဆိုပါတယ်။

ရန်ကုန်မြို့မှာ ဘီယာဘား၊ ကေတီဗွီ၊ နိုက်ကလပ်တွေ မှိုလိုပေါ်များလာတဲ့အတွက် အလုပ်လက်မဲ့ မိန်းကလေးတွေ လမ်းမှားရောက်မှာ စိုးရိမ်တယ်လို့ သူမက ဆိုပါတယ်။

ငွေရလွယ်တဲ့ အလွယ်လမ်းကိုလိုက်မိရင်း ရုန်းထွက်ဖို့ခက်တဲ့ ဒီဘဝထဲ နောက်ထပ် သူ့လို မိန်းကလေးတွေ မရောက်လာပါစေနဲ့လို့ စန္ဒီချိုတစ်ယောက် ဆုတောင်းပေမယ့် ဆုတောင်းမပြည့်မှာကိုလည်း ကြိုတင်သိနေ သလိုပင်။ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးနေသရွေ့ စန္ဒီချိုလို မိန်းကလေးတွေ ဘီယာဘား၊ ကေတီဗွီနဲ့ နိုက်ကလပ်တွေမှာအမြဲ ရှိနေကြဦးမှာမြေကြီး လက်ခတ်မလွဲပါ။

# မဲစာရင်းအမှားများကြောင့် ရွေး

စက်တင်ဘာ ၁၄ ရက်မှ စက်တင်ဘာ ၂၇ ရက်အထိ နောက်ဆုံး အကြိမ် ထုတ်ပြန်ကြေညာသော မဲစာရင်းတွင် မဲဆန္ဒရှင်ပြည်သူများ၏ အမည် အလွဲများ၊ ဖြည့်စွက်ပြင်ဆင်ချက်အတိုင်းမပါဝင်သော မဲစာရင်းများ များပြား လာသည့်အပြင် ထပ်တိုးမဲစာရင်းများကြောင့် တရားမျှတသည့်ရွေးကောက်ပွဲ ဖြစ်နိုင်ပါ့မလားဟု နိုင်ငံရေးပါတီများက မေးခွန်းထုတ်လာကြသည်။

နောက်ဆုံးအကြိမ်ထုတ်ပြန်သော မဲစာရင်းမထွက်ပေါ်မီ စက်တင်ဘာ ၁၁ ရက်က ရန်ကုန်မြို့ Park Royal ဟိုတယ်၌ ပြုလုပ်သည့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် အရပ်ဘက်အဖွဲ့အစည်းများ တွေ့ဆုံပွဲတွင် ပြည် ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးက အခြေခံမဲစာရင်း ကြေညာရာတွင် မဲဆန္ဒရှင် ၃၀ ရာခိုင်နှုန်းသာ ကြည့်ကြသောကြောင့် ၇၀ ရာခိုင်နှုန်း မဲဆန္ဒရှင်များ မကြည့်ကြသဖြင့် ၃၀ ရာခိုင်နှုန်းသာ အာမခံနိုင်ကြောင်း ပြောဆိုထားသဖြင့် နိုင်ငံရေးပါတီများ မျှော်လင့်နေသည့် တရားမျှတသည့် ရွေးကောက်ပွဲ ဖြစ်နိုင်ပါ့မလားဆိုသော စိုးရိမ်စိတ်ကိုပို၍မြင့်တက်စေခဲ့သည်။

"မဲစာရင်းအမှားတွေဖြစ်နေတော့ မဲပေးမယ့်ပြည်သူတွေအတွက်လည်း အခက်အခဲဖြစ်တာပေါ့။ ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက မဲစာရင်းကို ၃၀ ရာခိုင်နှုန်းလောက်ပဲ တာဝန်ယူမယ်ပြောတယ်။ ဒါသွေးရိုးသားရိုးတော့ မဟုတ် ဘူး။ ဒီအမှားဟာပြဿနာအကြီးကြီးတက်နိုင်တယ်။ ရွေးကောက်ပွဲမှာ တစ် နည်းနည်းနဲ့ မဲလိမ်မှုတွေ ဖြစ်လာနိုင်ပြီး ပြည်သူလူထုရဲ့ကိုယ်စားလှယ်တွေ နည်းသွားနိုင်တယ်။ ဒါ့ကြောင့် မဲစာရင်းအမှားများသည် သွေးရိုးသားရိုးဟုတ် ရဲ့လားလို့စဉ်းစားစရာတွေဖြစ်လာတယ်" ဟု ရခိုင်အမျိုးသားပါတီ ဗဟို ကော်မတီဝင် ဦးအေးသာအောင်က မဲစာရင်းအမှားများနှင့်ပတ်သက်၍ မှတ် ချက်ပြုပြောဆိုသည်။

ရန်ကုန်မြို့အတွင်းရှိ မြို့နယ်အချို့၌ မဲစာရင်းပါအချက်အလက်အမှားများ အတွက် ပြင်ဆင်ချက် ပုံစံ ၄ (က) ဖြင့်တင်ပြခဲ့သော်လည်း နောက်ဆုံးအကြိမ် ထုတ်ပြန်သော မဲစာရင်း၌ မိသားတစ်စုလုံးမပါသည်အထိ ရှိခဲ့သည်။ အချို့ မြို့နယ်များ၌ မဲစာရင်း မှားယွင်းမှုမှာ မဲဆန္ဒရှင်အမည်ပျောက်ကာ လမ်းအမည် များထည့်သွင်း ဖော်ပြသည်အထိရှိခဲ့သည်။

"မဲစာရင်းလူနာမည်နေရာမှာ တက္ကသိုလ်ရိပ်သာလမ်းဆိုပြီးပါလာတယ်၊ တော်တော်အရုပ်ဆိုးပါတယ်၊ မမှားသင့်တဲ့အမှားကို မှားတာ၊ ပထမပြင်တယ်၊ နောက်လာတော့လဲ ဒီအတိုင်းပဲမှားတယ်" ဟု ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ် သာလမ်းတွင် နေထိုင်သော ဦးဝင်းမြင့်က မဲစာရင်းမှားယွင်းမှုအပေါ် သုံး သပ်ပြောဆိုသည်။

လှိုင်မြို့နယ် ၁၃ ရပ်ကွက် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌဦးထွန်းထွန်းလင်းက မဲဆန္ဒရှင်စာရင်းအလွန်အကျွံမှားယွင်းနေမှုများနှင့်ပတ်သက်၍ ၎င်း၏လုပ်ငန်း ကွန်ရက်စာမျက်နှာမှတစ်ဆင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးထံ အိတ်ဖွင့်ပေးစာတစ်စောင် ပေးပို့ခဲ့သည်။

ယင်းအိတ်ဖွင့်ပေးစာတွင် ရွေးကောက်ပွဲတစ်ခု ဖြစ်ရန်မဲဆန္ဒရှင်စာရင်း











သည် မှန်ကန်တိကျသော မရှိမဖြစ်စာရင်းဖြစ်ရန် လိုအပ်သောကြောင့် မဲဆန္ဒ ရှင်စာရင်းများကို ပကတိမြေပြင်နှင့်အညီ ပြုစုရန်လိုအပ်ပြီး ပထမအကြိမ် ကြေညာသောမဲစာရင်း၌ မှားယွင်းခြင်း၊ လူမရှိဘဲစာရင်းပါရှိခြင်းသာရှိခဲ့သည်။ ဒုတိယအကြိမ် မဲစာရင်းသည် မဲစာရင်းဟုပြော၍ မရလောက်အောင် လွဲချော် နေပြီး ဦးတင်အေးက မဲစာရင်းတွင် ၃၀ ရာခိုင်နှုန်းသာ မှန်ကန်သည်ဟု ပြော ခြင်းသည် ရွေးကောက်ပွဲကော်မရှင်အနေဖြင့် တာဝန်မဲ့ရာကျသည်ဟု ဖော်ပြ ထားသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးတင်အေးက မဲစာရင်း အမှားများနှင့်ပတ်သက်၍ "ဆော့ဝဲလ် ပြင်တာ ကျွန်တော်မသိလိုက်ဘူး။ ကပ် မယ့်နေ့ကျမှ ကျွန်တော်သိတယ်။ ဒါမျိုးကတော့မဖြစ်သင့်ဘူး ထင်တာပေါ့လေ။ ခက်တာက ကျွန်တော်တို့က အိုင်တီကျွမ်းကျင်ပညာရှင်တွေ မဟုတ်ဘူး။ သက်ဆိုင်ရာကုမဏီတွေကို အပ်တာပါပဲ။ အပ်တာကိုမပါဘူးဆိုတာ သူ့ရဲ့ အားနည်းချက်ပါ။ အခုပြန်ပြီးတော့ review လုပ်နေတယ်။ ဒါတွေကိုခေါင်း ထဲမှာ ထည့်ထားပြီး ရွေးကောက်ပွဲနေ့မှာ မဲမပေးရတဲ့သူမရှိအောင် မဲဆန္ဒရှင် သက်သေခံလက်မှတ်တွေနဲ့ မဲပေးဖို့လုပ်နေပါတယ်" ဟု စက်တင်ဘာ ၂၅ ရက် နေပြည်တော်တွင် ပြုလုပ်သည့် ရွေးကောက်ပွဲနှင့် ကျင့်ဝတ်ဆိုင်ရာဆွေး နွေးပွဲ၌ ပြောခဲ့သည်။

၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲပေးနိုင်သူ သန်း ၂၀ ကျော်ရှိခဲ့ပြီး၊ ၁၅ သန်းကျော်သာ မဲပေးနိုင်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် မဲပေး နိုင်သူ ၂၇ ဒသမ ၂၉ သန်းကျော် ရှိခဲ့သည်။ သို့သော် ကြိုတင်မဲများကြောင့် မဲပေးပိုင်ခွင့်ထက်ပိုခဲ့ကြောင်း နိုင်ငံရေး လေ့လာသူများက မှတ်ချက်ပြုပြော သည်။

၂၀၁၂ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်အတွက် မဲပေးနိုင်သူ ၄ ဒသမ ၆ သန်းကျော်ရှိပြီး၊ အမျိုးသား လွှတ်တော်အတွက် မဲပေးနိုင်သူ ၁ ဒသမ ၄ သန်းကျော်ရှိကာ ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ် တော်၌ မဲပေးနိုင်သူ ၁ ဒသမ ၃ သိန်းရှိခဲ့ကြောင်း ရွေးကောက်ပွဲစောင့်ကြည့် လေ့လာသူများ၏ မှတ်တမ်းအရ သိရသည်။

လာမည့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် မဲပေးနိုင်သူ ၃၂ သန်း ရှိကြောင်း ရွေးကောက်ပွဲကော်မရှင်ထံမှ သိရသည်။

"၂၀၁၀ ရွေးကောက်ပွဲမှာ ဘာနဲ့အနိုင်ယူသွားသလဲ ကြိုတင်မဲနဲ့ အနိုင်ယူ သွားတယ်လေ။ အခုဘာနဲ့အနိုင်ယူ မယ်ထင်လဲ၊ ခင်ဗျားတို့ မဲတွေကို ပယ်မဲနဲ့ အနိုင်အနိုင်ယူသွားမယ်၊ အခုဆိုရင်မဲစာရင်းတွေ အမှန်အကန်ဆိုပြီး ထွက်လာ တယ်၊ ဒါပေမယ့် မမှန်ကန်ပါဘူး။ ရန်ကုန်မှာဆိုရင်လည်း ပထမတုန်းက ပါတဲ့ သူတောင် အခုမပါတော့ဘူး။ အမှားပြင်တယ် အမှားပြင်လိုက်တဲ့ အချက်တွေ

# ကောက်ပွဲ တရားမျှတနိုင်ပါ့မလား

သတင်းအဖွဲ့





"မဲစာရင်းလူနာမည်နေရာမှာ တက္ကသိုလ်ရိပ်သာလမ်း ဆိုပြီးပါလာတယ်၊ တော်တော်အရုပ်ဆိုးပါတယ်၊ မမှားသင့်တဲ့အမှားကိုမှားတာ၊ ပထမပြင်တယ်၊ နောက်လာတော့လဲ ဒီအတိုင်းပဲမှားတယ်"

မှန်မလာဘူး။ အခုထပ်မှားသွားတယ်၊ ကျန်တဲ့ဟာတွေလည်း ရှိသေးတယ်" ဟု စက်တင်ဘာ ၁၆ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦးက ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ် လူထုဟောပြောပွဲ၌ပြောဆိုခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ယခင်ထုတ်ပြန်ခဲ့သည့် မဲစာရင်းများတွင် မဲဆန္ဒရှင် ဦးရေလေးသန်းကျော်သာရှိသော်လည်း နောက်ဆုံးအကြိမ် ထုတ်ပြန်သည့်မဲစာရင်း၌ လေးသန်း တစ်သိန်းကျော်ရှိခဲ့သောကြောင့် မဲဆန္ဒရှင် တစ်သိန်းကျော်တိုးလာခဲ့ကြောင်း သိရသည်။ အလားတူရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပ မြို့နယ်တွင် မဲဆန္ဒရှင်ဦးရေ ငါးသောင်းကျော်ထပ်မံတိုးလာခဲ့သည်။

ထို့အပြင်ရခိုင်ပြည်နယ် မောင်တောခရိုင်တွင် ပထမအကြိမ် ထုတ်ပြန်သော မဲစာရင်းအရ မဲပေးခွင့်ရှိသူ လေးသောင်းခြောက်ထောင်ကျော်ရှိခဲ့သော်လည်း နောက်ဆုံးအကြိမ်ထုတ်ပြန်သည့်စာရင်း၌ မဲပေးခွင့်ရှိသူ ငါးသောင်း ငါးထောင်ကျော်ရှိခဲ့သဖြင့် မဲဆန္ဒရှင်စာရင်း ရှစ်ထောင်ကျော်တိုးလာခဲ့ကြောင်း သိရသည်။

ယင်းသို့ မဲဆန္ဒရှင်စာရင်းတိုးလာခြင်းသည် တပ်မတော်သားမိသားစုများနှင့် ရဲတပ်ဖွဲ့မိသားစုများစာရင်း ဖြည့်စွက်ထားခြင်းကြောင့် မဲစာရင်းတိုးလာခြင်း ဖြစ်ကြောင်း ရွေးကောက်ပွဲကော်မရှင်က ထုတ်ဖော်ပြောဆိုထားသည်။

သို့သော် ရခိုင်အမျိုးသားပါတီ ဗဟိုကော်မတီကော်မတီဝင် ဦးအေးသာအောင်ကမူ "မဲစာရင်းတွေ ထပ်တိုးလာတယ်လို့ကြားရတယ်။ ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌကတော့ စက်ချို့ယွင်းမှုကြောင့်လို့ ပြောပေမယ့် ရွေးကောက်ပွဲမှာ ဒီထပ်တိုးမဲတွေဟာ အငြင်းပွားစရာ ဖြစ်လာနိုင်တယ်လို့ပဲ ပြောချင်တယ်။ ရှင်းရှင်းပြောရရင် အရှည်ကြံဖို့ လုပ်တာလားလို့ မေးရမလိုဖြစ်နေတယ်" ဟု မှတ်ချက်ပြုပြောသည်။

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် မဲဆန္ဒရှင်စာရင်းများ၌ မိသားစုများ ပိုမိုများပြားလာပြီး၊ အချို့ရပ်ကွက်ကျေးရွာများ၏ မဲစာရင်းအမှားများကို ပြင်ဆင်ရန် သက်မှတ်ပုံစံ တစ္စက်ထုတ်မပေးဘဲ မှတ်စုစာအုပ်ဖြင့်သာ ရေးမှတ်ယူခြင်းရှိကြောင်း ဒေသခံများက ပြောသည်။

ယင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယခင်ထုတ်ပြန်ခဲ့သည့် မဲစာရင်းအမှားပြင်ဆင်ရန် တင်ပြထားသော်လည်း နောက်ဆုံးအကြိမ်ထုတ်ပြန်သော မဲစာရင်း၌ ပြင်ဆင်ထားခြင်းမရှိကြောင်း ဒေသခံများက ပြောသည်။

ပြည်တွင်း မဲဆန္ဒရှင် စာရင်းများမှားယွင်းမှုများရှိနေသည့် အချိန်တွင် ပြည်ပနိုင်ငံများသို့ သွားရောက် အလုပ်လုပ်ကိုင်နေသူ ခြောက်သန်းခန့်ရှိရာ ၎င်းတို့၏မဲစာရင်းအပေါ် အမြတ်ထုတ်မည်ကို နိုင်ငံရေးပါတီများက စိုးရိမ်နေကြသည်။

"ပြည်ပမှာ တရားမဝင်သွားတဲ့သူတွေဟာ မဲစာရင်းမှာ သက်ရောက်မှုရှိလိမ့်မယ်။ အခုမဲစာရင်းမှာ သူတို့မပါပေမယ့် ရွေးကောက်ပွဲရလဒ် ကြေညာတဲ့အခါသူတို့တွေရဲ့ မဲတွေပါလာလိမ့်မယ်လို့ သံသယရှိတယ်။ ဒါက တစ်ပိုင်းပေါ့။ နောက်တစ်ခုစိုးရိမ်တာက နိုင်ငံခြားမှာရှိတဲ့ပြည်သူတွေက ၂၀၁၅ ရွေးကောက်ပွဲမှာ ဒီမိုကရေစီအင်အားစုများကိုပေးတဲ့မဲဟာ ကျွန်တော်တို့ဆီကို ရောက်လာပါ့မလား မတော်မတရားလုပ်ပြီးတော့ တစ်ခြားပါတီတစ်ခုကိုရောက်သွားနိုင်တယ်" ဟု ဦးအေးသာအောင်က ပြောသည်။

စက်တင်ဘာ ၂၄ ရက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီဌာနချုပ်တွင် ပြုလုပ်သည့် သတင်းစာ ရှင်းလင်းပွဲ၌ ပါတီဗဟို အလုပ်အမှုဆောင်ကော်မတီဝင် ဦးဟန်ရွှေက "လာမယ့် ရွေးကောက်ပွဲဟာ လွတ်လပ်မှု၊ တရားမျှတမှုနဲ့ အတူ ဂုဏ်သိက္ခာရှိတဲ့ ရွေးကောက်ပွဲဖြစ်ဖို့ လိုတယ်၊ ဂုဏ်သိက္ခာရှိတဲ့ ရွေးကောက်ပွဲဆိုတာ နိုင်ငံတကာ စံနှုန်းတွေနဲ့ ကိုက်ညီပြီး နိုင်ငံတကာက လက်ခံတဲ့ ရွေးကောက်ပွဲဖြစ်ဖို့ လိုတယ်။ ဒါ့အပြင် အေးချမ်းတည်ငြိမ်ပြီး အောင်မြင်စွာ ပြီးစီးတဲ့ ရွေးကောက်ပွဲ ဖြစ်ဖို့လည်း လိုတယ်" ဟု သတိပေးပြောဆိုခဲ့သည်။

မဲဆန္ဒရှင်စာရင်းတွင် အမည်ပါဝင်ရန် ပြည်သူများ ကြိုးစားနေခြင်းမှာ အစိုးရမှ တာဝန်မယူသောကြောင့် NLD ပါတီ အစိုးရဖြစ်ပါက ပြည်သူအားလုံး မဲပေးနိုင်ရန် တာဝန်ယူသွားမည်ဟု စက်တင်ဘာ ၂၆ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ထမံသီကျေးရွာတွင် ပြုလုပ်သည့် ရွေးကောက်ပွဲဆိုင်ရာ ဟောပြောပွဲ၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ပြောသည်။

"အခုကျွန်မတို့ရဲ့ရွေးကောက်ပွဲ၊ ရွေးကောက်ပွဲမှာ မဲထည့်ပိုင်ခွင့်ဆိုတာ ၁၈ နှစ်ကျော်တဲ့ နိုင်ငံသူ၊ နိုင်ငံသားအားလုံးရဲ့ အခွင့်အရေးရရမယ့် အခွင့်အရေး။ ဒါပေမယ့် ကျွန်မတို့ရဲ့ ပြည်သူ၊ ပြည်သားတွေဟာ ရွေးကောက်ပွဲ မဲ



ဆန္ဒရှင်စာရင်းထဲမှာ ပါနိုင်အောင်လို့ကို အများကြီးကြိုးစားနေရတယ်။ ရွေးကောက်ပွဲ မဲစာရင်းထဲမှာ ပါနိုင်အောင်လို့ ကိုယ်တိုင်ပြည်သူပြည်သားတွေ တစ်ယောက်ချင်းစီက ကြိုးစားနေရတယ်။ ရင့်ကျက်တဲ့ ဒီမိုကရေစီနိုင်ငံတွေမှာဆိုရင် ကိုယ့်နာမည် မဲစာရင်းမှာ ပါပါ့မလားလို့ ဘယ်နိုင်ငံသားမှ ပူစရာ မလိုဘူး။ ဒီဟာကို အားလုံးအဆင်သင့်ပြင်ထားပေးရမှာ အစိုးရရဲ့တာဝန်ပဲ။ အဲဒီလို တာဝန်ယူတဲ့ အစိုးရမျိုး ကျွန်မတို့ လိုချင်တာပါလို့ ကျွန်မပြောပါရစေ။ အခုဒီမှာတော့ အစိုးရက တာဝန်မယူတော့ ကျွန်မတို့ပြည်သူတွေ တာဝန်ယူနေရတယ်။ မဲဆန္ဒရှင် စာရင်းထဲမှာ ကိုယ့်နာမည်ပါအောင်လို့ မှန် မှန်ကန်ကန်ပါအောင်လို့ ပြည်သူများဟာ ကိုယ့်ဘာသာကိုယ် ကြိုးစားရတယ်" ဟု ဒေါ်အောင်ဆန်းစုကြည်က ဒေသခံလူထုကို ပြောသည်။

ရွေးကောက်ပွဲနှင့် ပတ်သက်၍ မဲစာရင်း၊ မဲပေးရမည့်နေ့၊ မဲရလဒ် ထုတ်ပြန်ချက်အားလုံးသည် အရေးကြီးသောကြောင့် ရွေးကောက်ပွဲမစခင် မဲစာရင်းအမှားများနှင့် မဲစာရင်း မတည်ငြိမ်မှုပြဿနာများကရွေးကောက်ပွဲတရားမျှတမှုအပေါ် မေးခွန်းထုတ်စရာများ ဖြစ်နေကြောင်း နိုင်ငံရေးပါတီများက သုံးသပ်ပြောဆိုကြသည်။



# ကံကြမ္မာ

ဆရာစံဇာဂါဘို

## (၂-၁၀-၂၀၁၅) မှ (၈-၁၀-၂၀၁၅) အတွင်း ရာသီခွင်အလိုက် ကံကြမ္မာဟောစာတမ်း

### မိဿရာသီ Aries မတ်လ ၂၁မှ ဧပြီ ၂၀ကြား



ကာလအတန်အကြာ မပြောသော စကားများ ပြောရမည်။ သူတစ်ပါးကြောင့်ဖြစ်လာသော ပြဿနာများ ဖြေရှင်းရမည်။ ဖြစ်ပေါ်လာသော အခက်အခဲများအပေါ် လိမ္မာပါးနပ်စွာ ပြောဆိုခြင်းနှင့် အောင်မြင်မှုကိုရရှိမည်။ မတော်တဆထိခိုက်မှုအန္တရာယ်များကြုံတတ်သည်။ ကျန်းမာရေးကို သတိရှိပါ။ ရုတ်တရက်ပေါ်လာသော ပြဿနာများကို စိတ်အေးလက်အေးဖြေရှင်းပါ။ ကာလအတန်အကြာ အထင်မှား၊ အမြင်မှားခံထားရသော ကိစ္စများမှ ကင်းဝေးလွတ်မြောက်မည်။

**ယတြာ-ရေတံခွန်၊ ရေကန်ပုံပါသော ပိုစတာတစ်ခုဝယ်၍ အနီးအပါးတွင် ချိတ်ဆွဲပါ။**

### ပြိဿရာသီ Taurus ဧပြီ ၂၁မှ မေလ ၂၁ကြား



ဘဝအောင်မြင်မှုရမည်။ ယှဉ်ပြိုင်မှုများ အောင်မြင်မည်။ ခက်ခဲသော ပြဿနာများ ဖြေရှင်းနိုင်မည်။ အနှောင့်အယှက်များမည်။ ကိုယ်ရပိုင်ခွင့်ရှိသော ကိစ္စကိုသူတစ်ပါးက လုယူတတ်သည်။ အပြောင်းအလဲတစ်ခုလုပ်ပြီး ထူးခြားသော တိုးတက်မှုကိုရရှိမည်။ မူလတစ်ကြိမ်မှ မလုပ်ဖူးသေးသော လုပ်ငန်းသစ်များစတင်နိုင်သည်။ ကြန့်ကြာနေသည်များ လက်ဝယ်ပြန်လည်ရရှိမည်။ စာရွက်စာတမ်းငွေကြေးကိစ္စအတွက် စကားပြောရမည်။ ပြောဆိုမှုများအောင်မြင်မည်။

**ယတြာ-သံဃာတော်တို့အားဆန်လှူပါ။**

### မေထုန်ရာသီ Geminis မေ ၂၂မှဇွန် ၂၁ကြား



အလွန်စိတ်ရှုပ်ရမည်။ စိတ်ပန်း၊ လူပန်းဖြစ်တတ်သည်။ ရန်များမည်။ သူတစ်ပါး၏ ပြစ်တင်မှု၊ အပြစ်ရှာ ဝေဖန်မှုကိုခံရတတ်၏။ အိမ်တွင်းရေးတွင် စိတ်အနှောင့်အယှက်ရှိမည်။ မိမိအပေါ်အထင်မှားသောသူများနှင့်တွေ့တတ်သည်။ ပြဿနာဟောင်းများပြန်လည်ဖြေရှင်းရမည်။ အလိုက်မသိသော မိတ်ဆွေ၊ အပေါင်းအသင်းများကြောင့် နာမည်သိက္ခာထိခိုက်တတ်သည်။ ဤကာလအတွင်းဖြစ်လာသော ပြဿနာများကိုချက်ချင်းဖြေရှင်းပါ။ မေတ္တာရေးစိတ်ရှုပ်စရာများပေါ်တတ်သည်။

**ယတြာ-ညောင်ပင်တစ်ပင်၏ပင်စည်တွင် အုန်းညွန့် ၁ ညွန့်သွားထိုး၍ လိုရာဆုနှုတ်ပါ။**

### ကရကဋ်ရာသီ Cancer ဇွန် ၂၂မှဇူလိုင် ၂၂ကြား



ဘဝမြင့်သောသူများ မိမိအပေါ် ပညာစမ်းလိုသောသူများနှင့် ထိပ်တိုက်တွေ့ရမည်။ ပြောစကားများ အောင်မြင်မည်။အရာရာအဆင်ပြေပြီး နောက်ဆုံးအခြေအနေတွင် နှောင့်နှေးနေသော အနေအထားရှိသည်။ ခရီးကိစ္စအဆင်ပြေမည်။ သူတစ်ပါးသည်ကိုယ်ကပေးလိုက်သော အကြံနှင့် ထူးခြားစွာအောင်မြင်သွားမည်။ ထိုသူကပင် မိမိအား ဒုက္ခပေးလိမ့်မည်။ လူယုံထား၍မရပါ။ ပစ္စည်းပျောက်တတ်သည်။ ပညာအတတ်နှင့် ပတ်သက်သော ကံကောင်းမည်။

**ယတြာ-မိမိနှစ်သက်ရာ အဆိုတော်တစ်ဦးပုံဝယ်ရန် နံရံတွင်ကပ်ပါ။**

### သိဟ်ရာသီ Leo ဇူလိုင် ၂၃မှ ဩဂုတ် ၂၃ကြား



အလိုရှိရာပြည့်စုံမည်။ ရည်မှန်းချက်များ အောင်မြင်မည်။ ခက်ခဲသောပြဿနာများ အဖြေရှာ၍ရမည်။ ကြန့်ကြာနေသော ကိစ္စများအဆင်ပြေမည်။ မိတ်ဆွေ၊ အကြီးအကဲများထံမှ အထောက်အကူရမည်။ လမ်းသွားစဉ် ရှင်ပြုအလှူလှည့်နေသည်ကိုတွေ့ပါက ထီထိုးပါ။ အတတ်ပညာနှင့်ပတ်သက်သောကံကောင်းမည်။ အလုပ်တိုးတက်မည်။ ခရီးကိစ္စအတွက်လိုနေသော နောက်ဆုံးအဆင့်တစ်ခုပြေလည်သွားပြီး အလိုရှိ ရာသွားရောက်ရကိန်းရှိပါသည်။ အလုပ်နေရာပြောင်းရှိမည်။

**ယတြာ-ကြိမ်ခြင်းတောင်းအတွင်း ကျောက်စရစ်ခဲ ၁၀ ခဲထည့်ပြီး အနီးအပါးတွင် ထားပါ။**

### ကန်ရာသီ Virgo ဩဂုတ် ၂၄မှ စက်တင်ဘာ ၂၂ကြား



ရန်အနှောင့်အယှက်များမည်။ အခက်အခဲများမည်။ စိတ်မချမ်းသာစရာ ကိစ္စများတွေ့ကြုံရမည်။ ဆောင်ရွက်လိုက်သောကိစ္စများမှ အဆင်မပြေဖြစ်တတ်သည်။ အထင်မှားခံရမည်။စွပ်စွဲခံရမည်။အနီးကပ်ဒုက္ခပေးသူ နှစ်ဦး၊ အဝေးမှ တစ်ဦးတို့၏ အနှောင့်အယှက်ပေးခြင်းကြုံမည်။ မတော်တဆထိခိုက်မှု အန္တရာယ်သတိရှိပါ။ အပျော်ခရီးသွားခြင်းရှောင်ပါ။ ကျန်းမာရေး ဂရုစိုက်ပါ။ ရောက်ရှိနေသော အနေအထားမှအပြောင်းအလဲဖြစ်တော့မည်။ သစ္စာဖောက်သူတွေ့တတ်သည်။

**ယတြာ-လုပတင့်တယ်သော လည်စည်းစကာပ်တစ်ခုဝယ်ယူသုံးစွဲပါ။**

### တူရာသီ Libra စက်တင်ဘာ ၂၃မှ အောက်တိုဘာ ၂၃ကြား



အလိုရှိရာအောင်မြင်မည်။ သူတစ်ပါးအပေါ်စိုးမိုးနိုင်မည်။ ရည်မှန်းထားသည်များ လက်တွေ့လုပ်၍ခက်ခဲမည်။ အကူအညီပေးသူပေါ်မည်။ အဆင်ပြေမည်။ ကာလရှည်ကြာ ကြိုးစားထားသည်များမှ အကျိုးကောင်းရမည်။ စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ မိတ်ကောင်းဆွေကောင်းတိုးပွားမည်။ ယှဉ်ပြိုင်မှုများအောင်မြင်မည်။ လုပ်ကိုင်ထားသော ကိစ္စများမှ ကောင်းသောအကျိုးဆက်ရရှိမည်။ နာမည်ကောင်းနှင့်ကျော်ကြားမည်။ငွေလိမ်ခံရတတ်ပါသည်။ ပစ္စည်းပျောက်တတ်သည်။

**ယတြာ-ကြွေရည်သုတ်ပန်းအိုးအတွင်း အစိမ်းရောင်အိမ်တွင်းစိုက် သစ်ပင်တစ်မျိုးစိုက်ပျိုးထားရှိပါ။**

### ဗြိစ္ဆာရာသီ Scorpfo အောက်တိုဘာ ၂၄မှ နိုဝင်ဘာ ၂၂ကြား



အခွင့်အရေးနှစ်မျိုးကြုံမည်။ မိတ်ကောင်းဆွေကောင်းများထံမှ အထောက်အကူရမည်။ ရည်ရွယ်ချက်သစ်များ လက်တွေ့ဆောင်ရွက်အဆင်ပြေမည်။ ခက်ခက်ခဲခဲပင်ပင်ပန်းပန်းဖွဲကြိုးစွာလုပ်နေသော လုပ်ငန်းကိစ္စများတွင် အကူအညီပေးသူ ပေါ်ပေါက်ပြီး အဆင်ပြေချောမွေ့စွာ အဆုံးသတ်နိုင်သော အနေအထားကြုံမည်။ မိတ်ကောင်းဆွေကောင်းများထံမှ အကြံကောင်းများရမည်။ ကြိုးစားမှုကြောင့် ကောင်းကျိုးရမည်။ ကာလအတန်အကြာရသင့်လျက် နှောင့်နှေးနေသောကိစ္စများမှအဆင်ပြေသွားပြီး အလိုပြည့်မည်။

**ယတြာ-စမူဆာငါးခုကိုပန်းကန်ပြားအနီရောင်ပေါ်တွင် တင်၍ တစ်ပါးသူအား ကျွေးမွေးခြင်းပြုပါ။**

### ဓနုရာသီ Sagittarius နိုဝင်ဘာ ၂၃မှ ဒီဇင်ဘာ ၂၁ကြား



ရည်ရွယ်ထားသည်များ အောင်မြင်မည်။ အလိုရှိရာပြည့်စုံမည်။ ကာလရှည်ကြာခက်ခက်ခဲခဲလုပ်ထားသော ကိစ္စများမှ အကျိုးကောင်းကိုရမည်။ ငွေဝင်မည်။ အလုပ်တိုးတက်မည်။ ရပ်တန့်ထားသည်များ ပြန်လည်လုပ်ကိုင်ရမည်။ တစ်ပိုင်းတစ်စဖြစ်နေသော ကိစ္စများဆောင်ရွက်အဆင်ပြေမည်။အများအကြားထင်ပေါ်မည်။ ကျန်းမာရေးသတိရှိပါ။ စက်ပစ္စည်းလျှပ်စစ်ပစ္စည်းများနှင့် ပတ်သက်၍ စိတ်ရှုပ်ရမည်။ လုပ်ကိုင်နေသောကိစ္စအချို့တွင် တစ်ပါးသူမရိုးသားမှုကြောင့် မိမိတွင်ပြဿနာဖြစ်တတ်သည်။

**ယတြာ-စိန်ပန်းပင်တစ်ပင်အောက်တွင် စံပယ်ပန်းတစ်ပွင့်ကို ညာလက်နှင့် ဆုပ်ကိုင်၍အနောက်အရပ်သို့ မျက်နှာမူ၍ လိုရာဆောင်ရွက်ပါ။**

### မကာရရာသီ Carpricorn ဒီဇင်ဘာ ၂၂မှ ဇန်နဝါရီ ၂၀ကြား



အတိတ်ကပြုထားသည့် ကိစ္စဟောင်းမှ ဖြစ်လာသော ပြဿနာဟောင်းများ ပြန်လည်ဖြေရှင်းရမည်။ငွေကြေးဆုံးရှုံးတတ်သည်။ ယှဉ်ပြိုင်လာသော သူများအပေါ် အရှုံးပေးရတတ်သည်။ အပြောင်းအလဲနှင့် တက်လမ်းရှိ၏။ အလောတကြီးရှေ့တိုးလုပ်ကမှားမည်။ နောက်ဆုတ်ရန်လည်း မသင့်။ အရိပ်အကဲကြည့်ပြီး တရွေ့ရွေ့ဆောင်ရွက်ရမည်။ ငွေဝင်ကောင်းသလောက် ထွက်ကိန်းရှိသော ကာလဖြစ်သည်။ စိတ်ကူးရှိသည်များကို ဆောင်ရွက်ရန် အခါမသင့်သေးပါ။ မိဘအကြီးအကဲချူချာမည်။

**ယတြာ-စံပယ်ပန်းပွင့် ၂၇ပွင့်စီ သီကုံးထားသော ပန်း၅ကုံးကို မိမိယုံကြည်ကိုးကွယ်ရာ ဘုရားတွင် ဘုရားပန်းကပ်လှူပါ။**

### ကုမ်ရာသီ Aquarius ဇန်နဝါရီ ၂၁မှဖေဖော်ဝါရီ ၁၈ကြား



စိတ်ချမ်းသာစရာများ တစ်မျိုးပြီးတစ်မျိုးကြုံမည်။ အလုပ်ကိစ္စအဆင်ပြေမည်။ အခက်အခဲများ ကျော်လွှားနိုင်မည်။ ရပ်ဝေးမှရောက်ရှိလာသူများအတွက် ကူညီဆောင်ရွက်ရမည်။ ဦးခေါင်းနှင့်မျက်စိတွင် မတော်တဆထိခိုက်မှု သတိပြုပါ။ ငွေကြေးကိစ္စ စကားပြောဆိုမှုများ အောင်မြင်မည်။ ကာလအတန်ကြာ ဖြေရှင်းနေရသော ကိစ္စပြေလည်သွားမည်။ မိမိလုပ်ကိုင်သော ကိစ္စများ အဆင်ပြေသွားမည်။ ငွေကြေးလက်လွန်တတ်သည်။ ကာလအတန်အကြာ ပိတ်နေသောလမ်းများ ပြန်ပွင့်မည်။

**ယတြာ-ပဲပေါက်စိတစ်လုံးကို အနောက်အရပ်မျက်နှာမူ၍ စားသုံးခြင်းမကြာခဏပြုပါ။**

### မိန်ရာသီ Pisces ဖေဖော်ဝါရီလ ၁၉ မှ မတ်လ ၂၀ကြား



အနှောင့်အယှက်၊ ပြဿနာများဝန်းရံနေသည်။ ရုတ်တရက်အညှံ့များကြုံတတ်သည်။ အမှုအခင်းသတိရှိပါ။ မိမိအား ဒုက္ခပေးသောသူများနှင့်တွေ့ရတတ်သည်။ မေတ္တာရေးစန်းကောင်းနေသည်။ မိတ်ဆွေကောင်းများထံမှ အထောက်အကူရမည်။ အလှူအတန်း၊ မင်္ဂလာရှိသောကိစ္စများဆောင်ရွက်ရမည်။ မူလမှန်းထားသည်ကတစ်မျိုး လက်တွေ့တစ်မျိုးဖြစ်မည်။ ခက်ခဲသောပြဿနာများဖြေရှင်းနိုင်မည်။ အကွက်ဆင်၍မိမိအားဒုက္ခပေးသော သူများတွေ့တတ်သည်။

**ယတြာ-ပဲမုန့်၊ ပေါင်မုန့်၊ ဘိန်းမုန့်အစရှိသည်တို့ကို သံဃာတော်တို့အား လှူဒါန်းပါ။**

The Reporter WE REPORT ! NEWS JOURNAL

# ဖတ်ညွှန်း

## ပေါ့ပေါ့ပါးပါး ပြီးပြီးပျောက်ပျောက်မဟုတ်သောသရော်စာများ




အမျိုးမျိုးသော စာပေအမျိုးအစားများအနက် သရော်စာ စာပေအမျိုးအစားရေးသားရသည်မှာ ခက်ခဲလှသည်ဟု အကျော်ဒေးယျ စာပေပညာရှင်ကြီးများကိုယ်တိုင်ထုတ်ဖော်ဝန်ခံထားသည်များကို လေ့လာမှတ်သားရဖူးပါသည်။

ခက်ခဲလှသည်ဟုဆိုသော သရော်စာရေးသူ စာရေးဆရာအရေအတွက်မှာလည်း ခေတ်အဆက်ဆက် နည်းပါးလွန်းသည်ဟု ဆိုနိုင်ပါသည်။ အဆင်မသင့်လျှင်အသရေဖျက်မှု၊ အကြည်ညိုပျက်စေမှု ပုဒ်မများဖြင့် တရားစွဲခံနိုင်ရသည့် အခြေအနေများကြောင့်လည်း သရော်စာများရေးသူရှားပါးရခြင်းများလားဟု စဉ်းစားစရာရှိပါသည်။

သို့ရာတွင် ဇဝန၊ မောင်ကိုယု၊ မောင်သော်က၊ ကြပ်ကလေးတို့မှသည် ကံချွန်၊ ဂျက် (ကွမ်းခြံကုန်း) တို့အလယ် မင်းဒင်၊ ဆာသော်ဒိုး၊ ဂန္ထဝင်ညှပ်ကြီးတို့အထိ သရော်စာရေးသူများရှိနေခြင်းက မြန်မာစာပေ၌ သရော်စာအခန်းကဏ္ဍပျောက်ကွယ်မသွားသေးခြင်းဟု ယူသော်ရနိုင်ကောင်းပါသည်။

မြန်မာစာပေလောကတွင် လက်ချိုးရေတွက်၍ ရလောက်သည့် အနည်းငယ်သော သရော်စာရေးသားသူများတွင် မျိုးဆက်သစ် သရော်စာရေးသူဟု ဆိုနိုင်သည့် ဘစိလည်း တစ်ဦးအပါအဝင်ဖြစ်သည်ကို လေ့လာတွေ့ရှိပါသည်။

ဘစိ၏ ပြောင်ပြောင်ပြောတဲ့ ပြတ်ပြတ်သားသားပြင်းပြင်းထန်ထန်ဟု အမည်ပေးထားသော ဆွေချစ်မျိုးချစ်သရော်စာများစုစည်းမှုစာအုပ်ယခုလအတွင်း ထွက်ရှိလာသည်။

၂၀၁၄ မတ်လမှ ၂၀၁၅ ဇန်နဝါရီလအထိ အပတ်စဉ်ထုတ်ပဲ့တင်သံဂျာနယ်တွင် ဖော်ပြခဲ့ပြီးဖြစ်သည့် သရော်စာ ၁၈ ပုဒ်ကိုပြန်လည်စုစည်းထုတ်ဝေထား ခြင်းဖြစ်သည်။

မန္တလေးမြို့မှ စာရေးဆရာနှင့် ကာတွန်းဆရာဖြစ်သူ ကံချွန်က သူ၏သရော်စာအရေးအသားနှင့်ပတ်သက်၍ ဆရာဇဝန၏ တူမောင်သို့ပေးစာကို နှစ်သက်သဘောကျသဖြင့် ယင်းပုံစံအတိုင်းရေးသားသည်ဟု ထုတ်ဖော်ပြောဆိုခဲ့ဖူးသည်။ ယခုဘစိ၏ပြောင်ပြောင်ပြောတဲ့ ပြတ်ပြတ်သားသားပြင်းပြင်းထန်သရော်စာများမှာလည်း ၎င်း၏ယခင်ရေးနေကျပုံစံမှ ခွဲထွက်၍အယ်ဒီတာထံပေးစာပုံစံမျိုးဖြင့် ရေးသားထားသည်ဟု စာရေးသူက သူ၏ အမှာစာတွင် ဖွင့်ဆိုထားသည်။

ယခုသရော်စာများတွင် လက်ငင်းဖြစ်ပျက်နေသည့် နိုင်ငံရေးအခြေအနေများအပြင် လိင်တူချစ်သူချင်း လက်ထပ်သည့်ကိစ္စ၊ ဓမ္မစေတီခေါင်းလောင်းကဲ့သို့သော ဟိုးလေးတစ်ကျော်ဖြစ်ခဲ့သည့်ဖြစ်ရပ်များကို ပင်ကိုဟာသဉာဏ်ရောစွက်၍ ကလောင်သွက်သွက်ဖြင့် တို့ထိရေးသားထားရာ ဖတ်ရင်းပြုံးမိရသည်အထိ ခံစားချက်ပေးစွမ်း နိုင်ပါသည်။

သရော်စာဆောင်းပါးများကို ဂျာနယ်တွင်ဖော်ပြခဲ့စဉ်ကအတိုင်းရက်စွဲ အစဉ်အလိုက် စုစည်းထားမှုကြောင့် မျက်မှောက်ကာလဖြစ်ပျက်နေသည့် နိုင်ငံရေးအခြေအနေများကို အစီအစဉ်တကျလေ့လာနိုင်ခွင့်လည်းရရှိနိုင်မည်ဖြစ်ပါသည်။

"ဘယ်သူတွေလဲတော့ မသိဘူးပေါ့လေ။ သူတို့ဘက်မှာ အာဏာနဲ့ ပတ်သက်လို့ကတော့ အာဏာဘက်က ပြတ်ပြတ်သားသားရပ်တည်ပြီး အာဏာအတွက်ပြင်းပြင်းထန်ထန်အလုပ်လုပ်မယ့်သူတွေရှိနေတယ်။ အလားတူဘစိတို့ဘက်မှာ လိုအပ်နေတာဟာလည်း ပြည်သူ့ဘက်က ပြတ်ပြတ်သားသားရပ်တည်ပြီး ပြည် သူအတွက် ပြင်းပြင်းထန်ထန်အလုပ်လုပ်မယ့်သူတွေပါပဲဗျာ။ အဲဒါနဲ့ အခုစာအုပ်ရဲ့ ခေါင်းစဉ်ကိုပြောင်ပြောင်ပြောတဲ့ ပြတ်ပြတ်သားသား ပြင်းပြင်းထန်ထန်ဆိုပြီး ရွေးလိုက်တာပါ" ဟု ဘစိရဲ့ ပြတ်ပြတ်သားသားအမှာ ဟု အမည်ပေးထားသည့် စာရေးသူအမှာစာတွင် ဖော်ပြထားသည်။

သရော်စာဟု ဆိုရသော်လည်း ရယ်ရယ်မောမောပေါ့ပေါ့ပါးပါးဖြင့် ပြီးပြီး ပျောက်ပျောက်ဖြစ်သွားစေမည် မဟုတ်ဘဲ ဖတ်ပြီးလျှင် ဆင်ခြင်တွေးတောစရာများပါ ချန်ထားပေးနိုင်မှုအတွက် စာရေးသူ၏စေတနာနှင့် အားထုတ်မှုကိုအသိ အမှတ်ပြုရမည်ဖြစ်ပါသည်။

အာဏာမှာ ငါတကားရယ်လို့ ပြည်သူကို အထာမထားကြတဲ့ လူကြီးမင်းများအားလုံးအတွက် ခံရခက်စေမည့် သရော်စာများဟု စာရေးသူဘစိကိုယ်တိုင်ညွှန်းဆိုထားသော သရော်စာများ စုစည်းမှုမှာ စာအုပ်အပြင်အဆင်သေသပ်ပြီး တိုးမြစ်စာအုပ်တိုက်က ပထမအကြိမ်အဖြစ် ၂၀၁၅ စက်တင်ဘာလ တွင်ထုတ်ဝေကာ စာအုပ်တန်းဖိုးမှာ ကျပ် ၂၀၀၀ ဖြစ်သည်။

2.10.2015, / Vol-1, No-19 | The Reporter NEWS JOURNAL

# "ဒီအတိုင်းပဲ ဆက်သွားမယ်ဆိုရင်တော့ မဲစာရင်းမှန်ဖို့မလွယ်လောက်ဘူး"

**New Myanmar ဖောင်ဒေးရှင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအကြံပေးဒေါ်မြနန္ဒာနှင့်တွေ့ဆုံခြင်း**

၂၀၁၅ ခုနှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့်စောင့်ကြည့်လေ့လာခြင်းနှင့်မဲဆန္ဒရှင်များအားရွေးကောက်ပွဲအသိပညာပေးခြင်းဆိုင်ရာလုပ်ငန်းများကိုလုပ်ဆောင်လျက်ရှိရာလက်ရှိဖြစ်ပေါ်နေသည့်မဲစာရင်းအမှားများနှင့်ရွေးကောက်ပွဲ ကော်မရှင်၏ လုပ်ဆောင်ချက်များနှင့် ပတ်သက်၍ New Myanmar ဖောင်ဒေးရှင်းမှ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအကြံပေးဒေါ်မြနန္ဒာနှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြပေးလိုက်ပါသည်။



**မေး-ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူတွေအနေနဲ့ရွေးကောက်ပွဲကော်မရှင်အပေါ်ဘယ်လိုသုံးသပ်မိလဲ၊ နောက်ပြီးမဲဆန္ဒရှင်တွေရဲ့ အဓိကပြဿနာကဘာတွေလဲ၊**

တကယ်တမ်းပြဿနာကဘာလဲဆိုတော့ တချို့မိသားစုတွေမှာမဲပေးရေးအတွက်ရပ်ကွက်နှစ်ခုကွဲသွားတယ်။ အဖေကဒီရပ်ကွက်မှာ၊ အမေကတခြားရပ်ကွက်ကိုရောက်သွားတယ်။ အဲ့ဒီအခါကျတော့ သူတို့က ဘယ်မှာသွားကြည့်ရမလဲပေါ့။ သူတို့ သွားကြည့်တဲ့အခါ ဒီရပ်ကွက်မှာမတွေ့လို့ နောက်ရပ်ကွက်ကိုထပ်မရှာတော့ဘူး။ အဲ့လိုမျိုးလေးတွေလည်းတွေ့ရတယ်။ ကျွန်မတို့ စဉ်းစားတဲ့ဟာက ဒီလိုမျိုးတစ်ဘက်နဲ့တစ်ဘက်ပြောနေမယ့်အစား စုပေါင်းပြီးတော့မှလုပ်သင့်တယ်လို့ထင်ပါတယ်။ မှားနေတယ်ဆိုရင် ဘာမှားတာလဲ ဘယ်လိုလုပ်ရင်အဆင်ပြေနိုင်လဲပေါ့။ အဲ့ဒါကိုတကယ်တမ်းစိတ်ပါလက်ပါနဲ့ပူးပေါင်းပြီး လုပ်သင့်တယ်လို့ ထင်တယ်။ ပါတီတွေအနေနဲ့လည်း ပြိုင်တာကပြိုင်တာပဲ။ တကယ်တမ်းကျတော့ စုပြီးလုပ်သင့်တယ်။ မဲဆန္ဒရှင်တွေဘယ်လိုဖြစ်နေသလဲ၊ ဘယ်လိုအခက်အခဲတွေဖြစ်နေသလဲဆိုတာကြည့်သင့်ပါတယ်။ နောက်ပြီးမဲစာရင်းသွားကြည့်ဖို့အချိန်သတ်မှတ်ထားတာက အဆင်မပြေနိုင်ပါဘူး၊ အလုပ်ပြန်ချိန်လောက်မှပဲ မဲဆန္ဒရှင်တွေကကြည့်ကြတာလေ။ အခုဒီမဲစာရင်းသွားကြည့်ပါလို့ပြောတယ်။ ဘယ်သူ့အတွက်မှန်း သေသေချာချာမသိဘူး၊ သန်းခေါင်စာရင်းရှိတဲ့သူတွေပဲမဲစာရင်းထုတ်ပြန်ပေးမယ်ဆိုလဲ အစကတည်းက ကြေညာထားရမှာ၊ အဲ့လိုမှလည်း ပြဿနာတွေမဖြစ်မှာပေါ့။သွားကြည့်ဆိုရင်တော့ လူတွေအားလုံးကသွားကြည့်မှာပဲ။ နောက်တစ်ခုက ရွှေ့ပြောင်းအလုပ်သမားတွေမပါသေးဘူး။ ရွေးကောက်ပွဲကော်မရှင်ကကြေညာထားတယ်။ မိမိနေရပ်မှာမဲပြန်ပေးလို့ရသလို လက်ရှိနေထိုင်တဲ့နေရာမှာလည်းမဲပေးလို့ရတယ်ပြောတယ်။ ဒါကတကယ်လက်တွေ့လုပ်တဲ့အခါကျရင်အကောင်အထည် ဖော်ဖို့ဆိုတာအများကြီးအခက်အခဲရှိတယ်။ ဘာကြောင့်လဲဆိုတော့ ဆင်းရဲလွန်းတဲ့အတွက် သူဟာရွှေ့ပြောင်းအလုပ်သမားဖြစ်လာတာလေ ဒီလူဟာဘယ်လိုပြန်မလဲ အလုပ်သမားလူတန်းစာတွေကိုရွေးကောက်ပွဲကော်မရှင်ရော၊ နိုင်ငံရေးပါတီတွေအနေနဲ့ရော မမေ့စေချင်ပါဘူး။ ဥပဒေနဲ့အညီလုပ်တာတော့ကောင်းပါတယ်။ ဒါပေမယ့် အားလုံးလိုက်နာနိုင်အောင်လို့တော့ လုပ်သင့်ပါတယ်။ တကယ်တန်းအောက်ခြေလူတန်းစားနဲ့အခြေခံတဲ့ အကြောင်းအရာတွေကိုလည်း စဉ်းစားပေးဖို့လိုပါတယ်။ ဒါမှရွေးကောက်ပွဲမှာဘာပြဿနာမှမဖြစ်ဘဲပြီးဆုံးမှာပေါ့။

**မေး-နောက်တစ်ခုက ဒုတိယအကြိမ်ထုတ်တဲ့မဲစာရင်းမှာ အမှန်တကယ်မဲပေးနိုင်တဲ့ ဦးရေထက်ပိုများလာတာတွေ့ရတယ်၊ အဲ့ဒီမှာပြဿနာတွေဖြစ်လာနိုင်သလား၊ တောင်ဥက္ကလာလိုနေရာမျိုးမှာ ပေးနိုင်တဲ့ဦးရေထက်များလာတာလိုမျိုးပေါ့၊**

ပိုများလာတယ်ဆိုတာက ပထမအကြိမ်ထုတ်တဲ့မဲစာရင်းမှာ ဖြည့်တဲ့သူတွေများလာလို့လားဆိုတာကိုတစ်ချက်ကြည့်ရမှာပါ။ ဒီလိုမှမဟုတ်ဘဲ ရုတ်တရက်ကြီးမဲပေးတဲ့သူတွေများလာရင်တော့ စစ်ရမယ့်အပိုင်းနှစ်ပိုင်းရှိတယ်။ အခုလတ်တလောမှထုတ်ပေးလိုက်တဲ့အိမ်ထောင်စုစာရင်းတွေကြောင့်လည်းဖြစ်လာနိုင်တယ်။ နောက်ပြီး ရပ်ကွက်တွေတိုးလာတာလည်းဖြစ်နိုင်တယ်။ ပင်မအကြောင်းအရင်းကိုစပြီးရှာရမယ်။ ပါတီတွေအနေနဲ့လည်း ဒါကိုစိစစ်လုပ်ဆောင်သင့်တယ်။ ဒီလူတွေဟာဒီနေရာမှတကယ်ရောရှိရဲ့လားဆိုတာအဖြေရှာရမယ်။ အဲ့ဒီအဖြေပေါ်မှာမူတည်ပြီး ရွေးကောက်ပွဲအပေါ်အကျိုးသက်ရောက်မှုတွေတော့ရှိလာမှာပါ။ အခုက ပါတီကမှားနေတယ်လို့ပြောတယ်။ ရွေးကောက်ပွဲကော်မရှင်ကလည်း ဘာမှားတာလဲလို့ပဲပြောတယ်။ အဲ့ဒီကြားထဲမှာ ကွာဟနေတာတွေရှိတယ်။ အဖြေကိုတိတိကျကျမပြောနိုင်ဘူး။ ဒါကြောင့် နိုင်ငံရေးပါတီတွေနဲ့ရွေးကောက်ပွဲကော်မရှင်နဲ့အဖြေရတဲ့အထိတွေ့ဆုံဆွေးနွေးသင့်တယ်။ လက်တွေ့ကျတဲ့လုပ်ဆောင်မှုမျိုးပေါ့။ အဖြေထွက်ဖို့လိုတယ်။ ဆွေးနွေးတာတွေလည်းထိရောက်ဖို့လိုတယ်။ လူထုကိုချက်ချင်းအသိပေးရမယ်။ တကယ်တမ်းမဲစာရင်းမှန်ချင်ရင်အဲ့လိုလုပ်မှရမယ်။

**မေး-ပထမအကြိမ်မှာ အဖေနာမည်မှားလို့ပြင်တယ်၊ ဒုတိယအကြိမ်ကျတော့တစ်မိသားစုလုံးပြန်ပါမလာတော့ဘူး၊ အဲ့ဒါကရွေးကောက်ပွဲကော်မရှင်ရဲ့အားနည်းချက်လို့ပြောနိုင်လား၊**

ရွေးကောက်ပွဲကော်မရှင်ကပြောတာတော့ဆော့ဝဲလ်ပြောင်းသုံးထားတယ်။ အဲဒါကြောင့်လား ဒါမှမဟုတ် ဘာ့ကြောင့်လဲဆိုတာဘယ်သူမှအဖြေတိတိကျကျမပြောဘူး။ သေချာတာကတော့ ရွေးကောက်ပွဲမှာ မဲစာရင်းတွေမှန်ချင်ရင် လူထုလှုပ်ရှားမှုပုံစံနဲ့မှရမယ်။ ဒီလိုမှမဟုတ်ဘဲဒီအတိုင်းပဲဆက်သွားမယ်ဆိုရင်တော့မဲစာရင်းမှန်ဖို့မလွယ်လောက်ဘူး။ စေတနာကိုအခြေခံပြီးလုပ်ဖို့လည်းလိုတယ်။

**မေး-မဲဆန္ဒရှင်အမည်တွေကိုအက္ခရာစဉ်အလိုက်စီစဉ်ပေးတဲ့ကိစ္စမှာပြဿနာတော်တော်များများကြုံနေရတာရှိတယ်၊ အဲ့ဒီတော့ဒီအတိုင်းသွားမယ်ဆိုရင် ရွေးကောက်ပွဲမှာဘယ်လိုရလဒ်တွေထွက်လာနိုင်လဲ၊**

အက္ခရာစဉ်အလိုက် လုပ်ထားတာကမဲပေးမယ့်သူက သူ့နာမည်ကိုရှာလို့မတွေ့တာတွေများတယ်။ ရှာလို့မတွေ့ရင် ဒီနိုင်ငံကလူတွေမဲပေးဖို့စိတ်အားထက်သန်နေတယ်ဆိုရင်တော့ တစ်မျိုးပေါ့လေ။ ဒီလိုမှမဟုတ်ဘဲ မဲဆန္ဒရှင်တွေကိုယ်တိုင်ကပေးလို့ရရင်ပေးမယ်။ ပေးလို့မရရင် မပေးဘူးဆိုတဲ့အနေအထားဖြစ်နေရင် ဒီလိုလုပ်လိုက်ခြင်းဟာ အဆင်ပြေချောမွေ့မှာမဟုတ်ဘူး။ လူထုကတော့သူမဲပေးရမယ့်ဟာမတွေ့ရင်ပြန်သွားမှာပဲ။ သူတို့မှာစားဝတ်နေရေးရှိတယ်။ အလုပ်ချိန်ရှိတယ်။ ဒါကိုအခြေခံပြီးတော့မှလုပ်ဖို့ရာအများကြီးစဉ်းစားရမှာပေါ့။ လူထုရဲ့မဲပေးမှုကိုနှောင့်နှေးစေပါတယ်။အဲ့ဒီအရာတွေကမဲပေးမယ့်ရာခိုင်နှုန်းတွေကျလာစေတယ်၊ ဒီအချက်ကိုသတိထားရမှာပါ။

**မေး-ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူတွေအနေနဲ့မဲစာရင်းစိစစ်တာတို့၊ မဲပေးပုံပေးနည်းစနစ်ပညာပေးတာတွေ ကျယ်ကျယ် ပြန့်ပြန့်မတွေ့ရဘူး၊ ဘာကြောင့်လဲ၊**

မဲစာရင်းတွေမှားတာတွေနဲ့ မဲပေးပုံပေးနည်းတွေကိုနယ်တွေမှာပညာပေးနေတာတော့ရှိပါတယ်။ ဒါပေမယ့် သေသေချာချာတော့မလုပ်နိုင်သေးဘူး။ ဘာကြောင့်လဲဆိုတော့ကျွန်မတို့ကိုယ်တိုင်ကလဲပြဿနာတွေရှိနေတယ်။ ဒီစောင့်ကြည့်ဖို့အတွက် လျှောက်လွှာတင်ရတာတွေ။ နောက်တခြားကိစ္စတွေနဲ့ပေါ့။ အဲ့ဒီကိစ္စတွေနဲ့များနေတဲ့အခါမှာ ဒီတစ်ခေါက်ကတော့ တော်တော်လေးကိုမလုပ်နိုင်သေးဘူး။

**မေး-ရွေးကောက်ပွဲကော်မရှင်နဲ့လေ့လာစောင့်ကြည့်သူတွေနဲ့အစည်းအဝေးတွေအမြဲလုပ်နေတယ်ဆိုပေမယ့် သေချာတဲ့ လုပ်ငန်းစဉ်တွေထွက်မလာဘူး၊ ဘာကြောင့်များလဲ၊**

အစည်းအဝေးတော်တော်များများမှာအစည်းအဝေးပြီးရင်ဘာလုပ်ရမလဲဆိုတဲ့လုပ်ငန်းစဉ်ကတိတိကျကျထွက်မလာတာများတယ်။ တောက်လျှောက်ဖိတ်တယ်၊ စောင့်ကြည့်တဲ့သူတွေကလည်းလာတယ်။ ဆွေးနွေးတော့ ဆွေးနွေးတယ်။ ကျွန်မတို့ရဲ့အဓိကအားနည်းချက်လို့ဆိုရမှာပေါ့ အဲ့ဒါကဘာလဲဆိုတော့ ဆွေးနွေးပြီးတဲ့အခါ ဘာကိုဆွေးနွေးတယ်ဆိုတာ ချက်ချင်းထုတ်ပြန်လိုက်ရမှာ။ တစ်ခုခုပေါ့။ အဲ့လိုမျိုးမလုပ်ခဲ့တဲ့အခါကျတော့ ဆွေးတော့ဆွေးနွေးတယ်။ သို့သော် အခြားသောအဖွဲ့တွေလည်းရှိနေသေးတော့ မှန်တယ်မှားတယ်ဆိုတာပြောလို့မရဘူး။ လာတက်တဲ့သူတွေကလည်း တစ်နိုင်ငံလုံးကိုယ်စားပြုတဲ့အဖွဲ့ဖြစ်ချင်မှဖြစ်မှာပေါ့။ ဖြစ်သင့်တာက ဆွေးနွေးပွဲတွေပြီးရင် ချက်ချင်းထုတ်ပြန်ချက်တွေလုပ်။ လူ့အခွင့်အရေးစောင့်ကြည့်သူတွေနဲ့တိုင်းရင်းသားပေါင်းစုံပါတဲ့အဖွဲ့တွေနဲ့ပြန်ပြီးဖိုရမ်တွေလုပ်ရမှာ။ ကျွန်မတို့အနေနဲ့ကတော့ ဆွေးတော့ဆွေးနွေးခဲ့တယ်။ ဒါပေမယ့် ဘယ်အချက်တွေသဘောတူခဲ့သလဲဆိုတာ မသိနိုင်တော့ဘူး။ အဲ့လိုဖြစ်နေတယ်။

**မေး-အစ်မတို့ရွေးကောက်ပွဲစောင့်ကြည့်လေ့လာတဲ့သူတွေအနေနဲ့ ဘယ်နေရာတွေမှာစစ်တမ်းကောက်ခဲ့လဲ၊ နောက်ပြီး ဘယ်လို ရလဒ်တွေထွက်လာလဲ၊**

ကျွန်မတို့ကအများကြီးတော့မလုပ်နိုင်ဘူး။ တိုင်းတစ်ခုကိုတစ်နေရာလောက်ပဲကောက်နိုင်သေးတယ်။ ပထမအကြိမ်မဲစာရင်းနဲ့ပတ်သက်ပြီးတော့ အများကြီးကျန်နေတာရှိတယ်။ ရန်ကုန်မှာဆိုရင်ပဲ ဥပမာ-ရပ်ကွက်အသစ်တွေပေါ်လာတယ်။ သူတို့က ယာယီဒေသ့်စာရင်းနဲ့ပဲနေကြတယ်။ အဲ့လိုရပ်ကွက်အသစ်တွေပေါ်လာတာတွေအများကြီးရှိတယ်။ အဓိကမဲစာရင်းမှာဖြစ်တဲ့ပြဿနာကလည်း ဒေတာကိုအပ်ဒိတ်မလုပ်နိုင်ဘူး။ ကော်မရှင်အနေနဲ့လည်း ဒါကိုမသိနိုင်ဘူး။ ရွာအသစ်တွေ ရပ်ကွက်အသစ်တွေ ပေါ်လာတာကိုသိမှာမဟုတ်ဘူး။ နောက်ပြီးတော့ ချင်းပြည်နယ်ထဲမှာဆိုရင်လည်း ရွာတွေပြောင်းတယ်။ အဲ့ဒီရွာတွေက ဘယ်ကိုပြောင်းတာလဲ၊ ဘယ်သူတွေပါသွားလဲ ဒါကိုသိထားရမယ်။ စာရင်းတွေပြုစုသင့်တယ်။ နောက်ပြီး အိမ်ငှားစာချုပ်နဲ့ရှိတဲ့သူတွေ ဧည့်စာရင်းရှိတဲ့သူတွေကိုသေသေချာချာစိစစ်ပြီးတော့လုပ်ရင် မဲစာရင်းမှားတာတွေက အထိုက်အလျောက်တော့နည်းလာမှာပေါ့။

**မေး-အစ်မတို့ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူတွေအနေနဲ့ရော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာဖို့လုပ်တဲ့နေရာမှာ အခက်အခဲတွေဖြစ်နေတာရှိတယ်လို့ကြားတယ်၊ အထူးသဖြင့် လျှောက်လွှာပုံစံဖြည့်တဲ့နေရာတွေမှာပေါ့၊ ဘာတွေဖြစ်နေလဲ၊**

အခုတစ်လလောက်ကတော့ရွေးကောက်ပွဲအတွက် လျှောက်လွှာတွေတင်နေရတာနဲ့ပဲအချိန်ကုန်နေတယ်။ ရုံးမှာတောင်ပြောနေသေးတယ်။ ဒီလျှောက်လွှာတင်ရင်းနဲ့ပဲနောက် ၂၀၂၀ ကျမှပဲ ရွေးကောက်ပွဲစောင့်ကြည့်ဖြစ်တော့မယ်ထင်တယ်။ ဘာကြောင့်လဲဆိုတော့ အဆင့်တွေများနေတယ်။ ကျွန်မတို့မှာရှိတဲ့သူတွေက ရွာကလူကိုအခြေခံတယ်။ ဒေသခံလူထုတွေကိုရွေးချယ်ထားတာ။ ရွာကလူတွေကိုအခြေခံထားတာ။ ရုံးပိုင်းမှာ ဘာအခက်အခဲရှိလဲဆိုတော့ နေတဲ့အိမ်အမှတ်ရှိရမယ်။ လမ်းနာမည်ရှိရမယ်။ ရွာတွေမှာက အဲ့လိုမရှိဘူးလေ။ အဲ့ဒီအခါကျတော့ အချိန်တွေကြာလာတယ်။ နောက်ပြီးမှတ်ပုံတင်မိတ္တူပေးရမယ်ဆိုတော့ ဒါကအရင် ညွှန်ကြားချက်မှာပါမနေဘူး။ အခုမှပြောင်းလိုက်တာ။ အဲ့လိုပြောင်းလိုက်တဲ့အခါကျတော့ ကျွန်မတို့မှာ အခက်အခဲဖြစ်တယ်။ နောက်တစ်ခေါက်ပြန်သွားဖို့ဆိုတာမဖြစ်နိုင်တော့ဘူး။ အဲ့ဒီလူတွေကိုဖုန်းဆက်ပြီးတော့မှ ဗိုက်ဘာကနေမှတ်ပုံတင်မိတ္တူပို့ပေးဖို့အကြောင်းကြားခဲ့ရတယ်။ အခု လူ ၆၀၀ ကျော်ကိုဖုန်းဆက်တာ လူတစ်ရာကျော်လောက်ပဲရတယ်။ တချို့က ဗိုက်ဘာမသုံးကြဘူး။ ဒါ့ကြောင့် ရွေးကောက်ပွဲမှာစောင့်ကြည့်နိုင်မယ့်အခွင့်အရေးတွေ ဆုံးရှုံးနိုင်တဲ့အခြေအနေမှာရှိတယ်။ အတတ်နိုင်ဆုံးတော့ လုပ်နေတာပေါ့။ ရွေးကောက်ပွဲကော်မရှင်ကတော့မှတ်ပုံတင်မိတ္တူနဲ့ ရပ်ကွက်နာမည်မပါရင်စောင့်ကြည့်ခွင့်ကတ်တွေထုတ်ပေးမှာ မဟုတ်ဘူးလို့တော့ပြောတယ်။

**မေး-ရွေးကောက်ပွဲမှာစောင့်ကြည့်လေ့လာသူတွေကို ကန့်သတ်ချက်တွေရှိနေတော့ ရွေးကောက်ပွဲနေ့မှာ လွတ်လပ်စွာ စောင့်ကြည့်ခွင့်ရမယ်လို့ထင်လား၊**

ကန့်သတ်ချက်တော့မဟုတ်ဘူး။ အခက်အခဲတွေပေါ့။ ပြည်ထောင်စုအဆင့်မဟုတ်ဘဲ ရွာလေးတွေမှာ ကိုယ့်ဘာသာကိုယ်စောင့်ကြည့်လေ့လာတဲ့သူတွေကိုမြို့နယ်အဆင့်ခွင့်ပြုသင့်ပါတယ်။ ရွေးကောက်ပွဲမှာလွတ်လပ်စွာစောင့်ကြည့်ဖို့ကတော့အဲ့ဒါက တော့ရွေးကောက်ပွဲကျင်းပတဲ့နေ့ပြီးမှပဲပြောနိုင်မှာပါ။ သက်သေရှိလာတဲ့အခါပြောနိုင်မှာပါ။

**မေး-ရွေးကောက်ပွဲနီးလာတဲ့အခါဖြစ်လေ့ဖြစ်ထရှိတဲ့တခြားသောပြဿနာတွေလည်းဖြစ်လာနိုင်သေးလား၊ ဆိုလိုတာကဘာ သာရေးလူမျိုးရေးလိုမျိုးပေါ့၊**

တခြားနိုင်ငံတွေမှာသွားလေ့လာတဲ့အခါသူတို့ကမဲဆန္ဒနယ်တွေမှာအရောင်တွေခွဲခြားထားတယ်။ ဒီမဲဆန္ဒနယ်မှာတော့ဘာ ဖြစ်နိုင်လာတယ်ဆိုတဲ့ဟာ မျိုးပေါ့။ နောက်ပြီး ဒီလိုကျူးလွန်မှုတွေရှိတယ်ဆိုတာကျူးလွန်သူတွေရဲ့နောက်မှာစေခိုင်းတဲ့သူတွေရှိတယ်။ ဘယ်သူစေခိုင်းသလဲပေါ့။ ဒါတွေကိုလည်းသိထားရမယ်။ အရပ်ဘက်အဖွဲ့တွေကလည်း မှတ်တမ်းတင်ထားသင့်တယ်။ ပြဿနာကအမျိုးမျိုးဖြစ်နိုင်တယ်။ အောင်နိုင်ရေး လုပ်ရင်းနဲ့မဲဆွယ်နေရင်းနဲ့ ဖြစ်လာနိုင်သလို။ ဘာသာရေးလူမျိုးရေးတွေဖြစ်မယ့်အလားအလာတွေ တွေ့ရတယ်။ ပြီးခဲ့တဲ့ရက်ကရခိုင်မှာဆိုရင်ဘုန်းကြီး တစ်ပါးအသတ်ခံရတယ်။ ဒါတွေဟာမီးပွားတွေ။ ဘာ့ကြောင့်ဒီအချိန်မှာမှ ဖြစ်ရသလဲ။ ဘာ့ကြောင့်ဖြစ်ရသလဲပေါ့။ စွပ်စွဲတာမဟုတ်ဘူး။ တွေ့ရတဲ့ဖြစ်စဉ်ပေါ့။ တစ်ခါတစ်လေကျရင် ခြိမ်းခြောက်ခံရရင်းနဲ့ မဲပေးခွင့်တွေဆုံးရှုံးသွားရင်လည်း ဖြစ်နိုင်တယ်။

■

# Buying Guide

## အပူ၊ အအေး နှစ်မျိုးလုံးသုံးနိုင်တဲ့ ကားရေခဲသေတ္တာ




ခရီးဝေးသွားသူတွေအတွက် အဆင်ပြေစေနိုင်မယ့် အပူအအေးနှစ်မျိုးစလုံးသုံးနိုင်တဲ့ ကားရေခဲသေတ္တာလေးနဲ့ မိတ်ဆက်ပေးချင်ပါတယ်။ ကားထဲမှာ အားသွင်းပြီးမိသားစုပျော်ပွဲစားထွက်တဲ့အခါ ယူဆောင်သွားနိုင်ပါတယ်။ အဆင့်သုံးဆင့်ပါဝင်ပြီး မိမိကြိုက်နှစ်သက်တဲ့အစားအသောက်နှင့် အအေးတွေကို ထည့်သွင်းထားနိုင်ပါတယ်။ ကားထဲကနေ အပြင်ကို သယ်ယူရာမှာလည်း အအေးဓာတ်လုံလောက်စွာ ရနိုင်မှာ ဖြစ်ပါတယ်။ ရောင်းဈေးကျပ် ၄၀၀၀၀ နဲ့ My DATA Online Store အမှတ် ၂၉၉ မဟာဗန္ဓုလလမ်း ဗိုတ်ထောင်မြို့နယ် ဖုန်း ၀၉ ၃၁၄၆၉၂၂၁ တွင် ဝယ်ယူနိုင်ပါတယ်။

## အရေးပေါ် ကားဘက်ထရီ အားသွင်းစက်



ခရီးဝေးသွားရင်းကား ဘက်ထရီ အားကုန်သွားတဲ့ အခါ အရေးပေါ် အားပြန်သွင်းပေးနိုင်မယ့် (Auto Eps:Multi Funciton Jump Starter) လေးပဲဖြစ်ပါတယ်။ ကားအသေး ၁၂ ဗို့ကနေကားအကြီး ၅၀ ဗို့အထိအား သွင်းပေးနိုင်ပါတယ်။ ကားအသေး ၁၂ ဗို့ကို သုံးကြိမ်ခန့် အားသွင်းပေးနိုင်ပြီး ကားအကြီးအတွက် တစ်ကြိမ်ခန့်အားပြန်သွင်းပေးနိုင်ပါတယ်။ ကားမောင်းရင်း အရေးပေါ်လိုအပ်သလို အသုံးပြုနိုင်ပါတယ်။ ရောင်းဈေး ကျပ် ၆၅၀၀၀နဲ့ My DATA Online Store အမှတ် ၂၉၉ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ် ဖုန်း ၀၉-၃၁၄၆၉၂၂၁ တွင် ဝယ်ယူနိုင်ပါတယ်။

## အပေါ့စားအပ်ချုပ်စက်



အိမ်ရှင်မတွေအတွက်တော့ အဝတ်စားများကိုအလွယ်တကူ ချုပ်နိုင်မယ့် အပေါ့စားအပ်ချုပ်စက်လေးပဲဖြစ်ပါတယ်။ အပြင်ကိုအလွယ်တကူ သယ်ဆောင်သွားနိုင်သလို အိမ်တွင်း အသုံးပြုတဲ့အခါ လျှပ်စစ်မီးနဲ့အသုံးပြုနိုင်တဲ့အပြင် ဘက်ထရီနဲ့လည်း အသုံးပြုနိုင်ပါတယ်။ အလွယ်တကူ ရွှေ့ပြောင်းနိုင်ပြီး အလွန်အဆင်ပြေတဲ့ မော်တာစက်ချုပ်စက်လေးကို ရောင်းဈေး ကျပ် ၂၂၀၀၀ နဲ့ ဖုန်း ၀၉၅၀၄၆၀၈၅၊ ၀၉ ၇၃၁၀၅၀၁၀ မှာ ဝယ်ယူနိုင်ပါတယ်။

## iPone 5 ပုံစံမီးခြစ်



စီးကရက်ကြိုက်သူတွေ၊ အလှ ကိုင်ချင်သူတွေအတွက် i Phone 5 မီးခြစ်လေးနဲ့ မိတ်ဆက်ပေးပါရစေ။ i Phone 5 ဖုန်းပုံစံအတိုင်း မီးခြစ်ပြု လုပ်ထားတာကြောင့် ရုတ်တရက်ကြည့်ရင် ဖုန်းနဲ့ဆင်တူပါတယ်။ စတိုင်တစ်ခုအနေနဲ့ အသုံးပြုချင်သူ တွေအတွက် အသုံးပြုနိုင်ပါတယ်။ ဂတ်စ်ဖြည့်သွင်းအသုံးပြုနိုင်တဲ့ အတွက် သုံးစွဲသူတွေအတွက် အဆင် ပြေစေပါတယ်။ ရောင်းဈေးကျပ် ၁၅၀၀၀ နဲ့ ဖုန်း ၀၉၅၀၄၆၀၈၅၊ ၀၉၇၃၁၀၅၀၁၀ မှာ ဝယ်ယူနိုင်ပါ တယ်။

# မီဒီယာများပေါ်မှ သူတို့စကား

## ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်ရုံးတွင် ရမ်းကားသူက ရဲတပ်ဖွဲ့ဝင်ကို ဝါးရင်းတုတ်ဖြင့် ရိုက်နှက်

''ရွေးကောက်ပွဲရုံးရှေ့မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးအပါအဝင် ကော်မရှင်ရုံးမှာ တာဝန်ထမ်းဆောင်နေသူတွေကို အရက်မူးပြီး အော်ဟစ်ဆဲဆိုနေတုန်းဆိုင်ကယ်မောင်းပြန်လာတဲ့ ရဲတပ်သားကိုတွေ့တော့ မင်းကရဲလားလို့မေးပြီး ဝါးရင်းတုတ်နဲ့ ရိုက်တာ။ ပြစ်မှုကျူးလွန်သူကို ဖမ်းမိထားပါတယ်''

**ရဲအရာရှိတစ်ဦး(တွံ့တေးမြို့မရဲစခန်း)**

**The Voice Saturday (၂၆-၉-၂၀၁၅)**

## NLD ပါတီလာရောက်မဲဆွယ်ခြင်း မလုပ်ရန် NDA-K ခေါင်းဆောင်ဦးဇခုန်တိန့်ယိန်း တားမြစ်ချက်ရွေးကောက်ပွဲ ဥပဒေနှင့်ငြိစွန်းနေ

''ဒီလ ၂၉ ရက်မှာ ပြည်နယ်ကော်မရှင်မှာ ခေါ်ယူသတိပေးဖို့ ဒီနေ့အကြောင်းကြားလိုက်ပါပြီ။ ဦးဇခုန်တိန့်ယိန်းတစ်ဦးတည်း မဟုတ်ပါဘူး။ ပါတီခေါင်းဆောင်တွေ၊ ကော်မရှင်က လူကြီးတွေပါ ခေါ်ထားတာပါ။ ဒီနေ့မှသိပြီး ဒီနေ့ဆောင်ရွက်ရတာပါ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကိုလည်း ညွှန်ကြားချက်တောင်းရသေးတယ်။ ဒီနေ့ပဲ ညွှန်ကြားချက်ကျလာပါတယ်။ ပါတီတွေစည်းရုံးရေးဆင်းတော့ စာထုတ်ပြီးတားမြစ်တာပါ။ရွေးကောက်ပွဲကော်မရှင်မှာ မှတ်ပုံတင်ထားရင် မြန်မာနိုင်ငံရဲ့ ဘယ်နေရာမှာမဆို ဝင်ရောက်အရွေးခံပြီး ဟောပြောစုဝေးခွင့်ရှိပါတယ်။ နေရာခွဲခြားထားတာမရှိပါဘူး။ ဒီတားမြစ်တဲ့ကိစ္စနဲ့ ပတ်သက်ပြီး မြို့နယ်ညှိနှိုင်းမှုကော်မတီကိုတင်ရမယ်။ မပြေလည်ရင် ခရိုင်၊ ပြည်နယ်၊ ဗဟိုညှိနှိုင်းမှုကော်မတီကို အဆင့်ဆင့်တင်ရပါတယ်။ အဲဒီအဖွဲ့ထဲမှာ ပါတီဦးဆောင်သူတွေ၊ ရပ်မိရပ်ဖတွေပါတယ်။ ရွေးကောက်ပွဲမှာ သူ့ဥပဒေနဲ့ သူရှိပြီးသားပါ။ အခန်း (၁၃)မှာ ပြစ်မှု၊ ပြစ်ဒဏ်၊ တရားမဲ့ ပြုကျင့်မှုတွေပါပြီးသားပါ။ ဘယ်ဟာအကျုံးဝင်တယ်ဆိုတာ ဘာတွေလုပ်ထားမှန်းမသိသေးတော့ ခေါ်ယူတွေ့ဆုံမှသာ သိရမှာပါ။ လက်ရှိမှာ မြို့နယ်၊ ခရိုင်ရုံးတွေကိုတော့ ညွှန်ကြားထားပြီးပါပြီ။ တားမြစ်တာတွေ၊ တားဆီးတာတွေဟာ ပါတီခေါင်းဆောင်သူမှမဟုတ်ဘူး။ တခြားဘယ်သူမဆို တားဆီးလို့မရပါဘူး။ အားလုံးက ဥပဒေကို ကျော်လို့မရပါဘူး''

**ဦးမောင်မောင်ကွန်း**

**ကချင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ**

**The Daily Eleven (၂၇-၉-၂၀၁၅)**

## ဘာသာရေးအသုံးချမဲဆွယ်မှုများအပေါ်ပြည်သူ့အသံ

''အခုဖြစ်နေတဲ့ မဘသရဲ့ လှုပ်ရှားမှုတွေလို ဘာသာရေးကို နိုင်ငံရေးမှာအသုံးချဖို့ ရည်ရွယ်တဲ့ လုပ်ရပ်တွေကြောင့် လက်ရှိအနေအထားအရကိုက သံယာတွေ၊ လူတွေကြားထဲမှာ စိတ်ဝမ်းကွဲပြားမှုတွေ၊ အုပ်စုကွဲမှုတွေအများကြီးဖြစ်လာပြီ။ နောက်တစ်ခု အခုမဘသမှာဆို အဆိုးဆုံးက ဝီရသူပဲ။ ဝီရသူဟာ ၂၀၀၃ တုန်းက လူမျိုးရေး၊ ဘာသာရေးအမုန်းတွေပွားအောင် သွေးထိုးလှုံ့ဆော်မှုကြောင့် ထောင်ချခံခဲ့ရတယ်။ အဲဒီတုန်းက သူပြောတဲ့ အခွေတွေ၊ စာအုပ်တွေ ဦးပဉ္ဇင်းတို့ ဖတ်ခဲ့ရတယ်။ ဖြန့်ခဲ့ရတယ်။ အခု ၂၀၁၃-၂၀၁၄ ဒီနှစ်ကာတွေအတွင်းမှာ ဝီရသူက ၂၀၀၃ ကပြောခဲ့တဲ့ စကားတွေထက်ပိုပြီးတော့ ကြမ်းတမ်းတဲ့စကားလုံးတွေ အပြောအဆို၊ အပြုအမူတွေလုပ်တယ်။ ပြောတယ်။ ဒါပေမယ့် သူဟာ အစိုးရရဲ့ အရေးယူပိတ်ပင်ခြင်းမခံရဘဲ အစိုးရရဲ့ အကာအကွယ်ပေးခြင်း၊ အထောက်အပံ့ပေးခြင်းကို ခံနေရတယ်။ ပြောရမယ်ဆိုလို့ရှိရင် မဘသလုပ်နေတဲ့လမ်းကြောင်းဟာ ထေရဝါဒဗုဒ္ဓဘာသာလမ်းကြောင်းနဲ့ တော်တော်လေးလွဲချော်လာတာကို တွေ့ရတယ်။ သာသနာပြုတာကို သူများဘာသာကို ထိခိုက်ပုတ်ခတ်စော်ကားပြီးတော့ သာသနာပြုနေတာဟာ ဦးပဉ္ဇင်းတို့ ဗုဒ္ဓဘာသာရဲ့လမ်းကြောင်း မဟုတ်ဘူး။ မြတ်စွာဘုရားရဲ့ တရားတော်တွေမဟုတ်ဘူးဆိုတာ ဦးပဉ္ဇင်းတို့ ခိုင်ခိုင်မာမာပြောနိုင်ပါတယ်။ ဒီလိုပုံစံဆက်သွားယ်ဆိုရင် ဦးပဉ္ဇင်းတို့နိုင်ငံဟာ ဒီထက်မကတဲ့ ဆိုးရွားတဲ့ အကြမ်းဖက်မှုတွေ၊ ပြိုကွဲမှုတွေ၊ မငြိမ်းချမ်းမှုတွေဖြစ်လာမှာပဲ''

**ဦးသောဘိတ(ဘဝအလင်းရောင်ဆရာတော်၊ မန္တလေးမြို့)**

**7 Day Daily (၂၈-၉-၂၀၁၅)**

## ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပင်မဆောင်ပြုပြင်မှု နိုဝင်ဘာလအပြီးဆောင်ရွက်မည်

''ဘတ်ဂျက်ကတော့ နှစ်စဉ်တိုးပြီးတော့ ချထားပေးပါတယ်။ ကျွန်တော်တို့ ဆေးရုံကြီးအနေနဲ့ ဥပမိရုပ်အပိုင်းမှာ ပင်မဆောင်ကြီးဆိုရင်လည်း နှစ်ပေါင်းတစ်ရာကျော်ဖြစ်နေပြီဆိုတော့ ပြန်လည်ပြုပြင်မွမ်းမံရေးလုပ်ငန်းတွေ ပြန်လုပ်နေတယ်။ လူနာတွေကလည်း နှစ်စဉ်တိုးတက်များပြားလာတဲ့အတွက်ကြောင့် ဒီဘဏ္ဍာငွေအနေနဲ့ကလည်း နှစ်စဉ်လိုအပ်ချက်တွေဆက်ပြီး ရှိနေပါသေးတယ်''

**ဒေါက်တာအေးကိုကို (ဆေးရုံအုပ်ကြီး)**

**ကြေးမုံ(၂၈.၉.၂၀၁၅)**

## လက်ပံတောင်းစီမံကိန်းဖျက်သိမ်းရေးဆောင်ရွက်ပေးမည့်ပါတီကိုသာ မဲပေးမည်ဟု ဒေသခံများ ဆိုင်းဘုတ်ထူ

''ကျွန်မတို့က ဒီကြေးနီ စီမံကိန်းကြီးလုံးဝဖျက်သိမ်းရေးကို ဆောင်ရွက်ပေးနိုင်မယ့် ပါတီကိုပဲ မဲပေးမှာပါ။ တခြားပါတီတွေကို လက်ခံမှာမဟုတ်ဘူး။ လက်ရှိမဲဆွယ်စည်းရုံးတာတွေလုပ်နေတဲ့အတွက် သိအောင်လို့ဆိုင်းဘုတ်တင်ပွဲလုပ်တာပါ။ ဆည်တည်းကဒီနေ့မှ လုပ်တာပါ။ တခြားရွာတွေက အရင်ရက်တွေကတည်းက ဆိုင်းဘုတ်တင်ပြီးသားပါ''

**မရီချို(ဆည်တည်းရွာဒေသခံ)**

**စံတော်ချိန်နေ့စဉ်(၂၈-၉-၂၀၁၅)**




# ဇာတ်လမ်းရွေးချယ်မှုကြောင့် ကားရိုက်နည်းသွားတဲ့ ဟိန်းဝေယံ

သရုပ်ဆောင် ဟိန်းဝေယံအနေနဲ့ ရုပ်ရှင်ဗီဒီယို ဇာတ်ကားတွေကို ရိုက်ကူးတဲ့အခါ အနုပညာအရည်အသွေးပိုမို ပြသနိုင်သောဇာတ်ကားမျိုးကိုသာ ရွေးချယ်ရိုက်ကူးလာတာကြောင့် ဇာတ်ကားရိုက်ကူးမှုမှာ အရင်ကထက် နည်းပါးသွားခဲ့တယ်လို့သိရပါတယ်။

''ကျွန်တော်အခုဆိုရင် ဗီဒီယိုရော၊ ရုပ်ရှင်ရော သေချာရွေးပြီး ရိုက်နေတယ်။ ကျွန်တော့်အနုပညာ သက်တမ်းအရ ပိုပြီးလုပ်နိုင်တဲ့အပိုင်းတွေ ရှိတယ်။ ဒါကြောင့် အနုပညာကို ပိုပြီးပြနိုင်မယ့်ကားမျိုးပဲ ရွေးရိုက်တယ်။ ဒါကြောင့် ကားရိုက်နည်းသွားတာပါ'' လို့ ဟိန်းဝေယံကပြောပါတယ်။

ဟိန်းဝေယံဟာမာန်ထက်ချိုရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ရေးပိုင် မင်းသားတစ်ဦးဖြစ်ပေမယ့် အခြားထုတ်လုပ်ရေး လုပ်ငန်းတွေနဲ့လည်းဇာတ်ကားလက်ခံရိုက်ကူးဖြစ်ပြီး အခြားထုတ်လုပ်ရေးများမှ ရိုက်ကူးရန်ကမ်းလှမ်းလာပါက ဇာတ်လမ်းကိုသေချာရွေးချယ်ဖြစ်တယ်လို့သိရပါတယ်။

''တခြားကိုက်တွေနဲ့ ရိုက်ဖြစ်တယ်။ ဒါပေမယ့် ကျွန်တော် ဇာတ်တွေသေချာရွေးတယ်။ ကွာခြားမှု ထူးထူးခြားခြား မရှိပါဘူး။ ဇာတ်တွေ သေချာရွေးတော့အဆင်ပြေပါတယ်'' လို့သူကဆိုပါတယ်။

လတ်တလောတွင် ဝိညာဉ်စိမ်းရုပ်ရှင်ဇာတ်ကားကြီးကို အသက်လွှတ်ထားကာ ရိုက်ကူးလျက်ရှိပြီး သခင်တရွေ့ရှိ သောအိမ်တွင် ရိုက်ကူးရခြင်း ဖြစ်သောကြောင့် စိတ်လှုပ်ရှားကြောင်းသိရပါတယ်။

# တစ်ကိုယ်တော်ဂီတဖျော်ဖြေပွဲတွေအစား မျိုးဆက်သစ် အနုပညာရှင်ထွက်ပေါ်နိုင်ရေး ဦးစားပေးမယ့် မေဆွိ




၂၀၁၆ ခုနှစ်မှာ အနုပညာသက်တမ်း နှစ် ၄၀ မှတ်တိုင်စိုက်ထူနိုင်တော့မယ့် အဆိုတော်မေဆွိက တစ်ကိုယ်တော်အနုပညာလှုပ်ရှားမှုများထက် မျိုးဆက်သစ်အနုပညာရှင်သစ်များ ပေါ်ပေါက်လာစေဖို့ကို ဦးစားပေး လုပ်ကိုင်သွားမယ်လို့ဆိုလာပါတယ်။

''မဆွေ့ရဲ့ အနုပညာသက်တမ်းကာလည်း ၄၀ ပြည့်တော့မှာဆိုတော့ တစ်ကိုယ်တော်အနေနဲ့ တေးစီးရီးထုတ်ဖို့တွေ၊ ဖျော်ဖြေပွဲ Organize တွေ လုပ်ဖြစ်တော့မှာ မဟုတ်ပါဘူး။ အခု ပြည်ပဖျော်ဖြေပွဲလက်ခံထားတာလေးတွေပြီးရင် မြန်မာနိုင်ငံကအရည်အချင်းရှိတဲ့ မျိုးဆက်သစ် အနုပညာရှင်တွေ ပေါ်ထွက်လာဖို့ပဲ ဦးစားပေးလုပ် ကိုင်သွားဖို့ စဉ်းစားထားတယ်။ အဲဒီဘက်မှာလည်း ကိုယ်တတ်နိုင်သလောက် အားစိုက်လုပ်ကိုင်သွားပါ့မယ်'' လို့ မေဆွိက ပြောပါတယ်။

အခုလတ်တလောမှာMyanmar Idol အဆိုပြိုင်ပွဲအကဲ ဖြတ်ဒိုင် တစ်ဦးအဖြစ် ပါဝင်ဆောင်ရွက်သွား မှာဖြစ်ပြီး တရားမျှတစွာနဲ့အရည် အချင်းရှိသော လူငယ်မျိုးဆက်သစ် များကို ရွေးချယ်နိုင်ရန် ကြိုးစားသွား မယ်လို့ဆိုပါတယ်။

''မဆွေ့အနေနဲ့ ဒီပြိုင်ပွဲကို ရိုးရိုးပြိုင်ပွဲလို့ပဲထင်ခဲ့တာ။ ဒါပေမယ့် American Idol ကို မြန်မာမှာလာလုပ်တဲ့ပွဲဆိုတော့ ခေါင်းကြီးသွားပါတယ်။ အားလုံးသိတဲ့အတိုင်း American Idol ရဲ့ ပုံရိပ်က အရမ်းကြီးလွန်းတော့ မြန်မာနိုင်ငံအနေနဲ့ အဲဒီပုံရိပ်ကိုမမီမှာ စိုးရိမ်တယ်။ ဒါကြောင့် မဆွေ့အနေနဲ့ အတတ်နိုင်ဆုံး တရားမျှတတဲ့ပြိုင်ပွဲဖြစ်ဖို့နဲ့ အရည်အသွေးတကယ်ရှိတဲ့ လူငယ်တွေပေါ် ထွက်လာဖို့ ရွေးချယ်သွားမှာပါ'' လို့ အဆိုတော် မေဆွိက ပြောပါတယ်။

အဆိုတော်မေဆွိဟာ အနုပညာ သက်တမ်းနှစ် ၄၀ အတွင်း တစ်ကိုယ်တော်တေးစီးရီးပေါင်းများစွာကို ထုတ်ဝေခဲ့ပြီး တစ်ကိုယ်တော်ဖျော်ဖြေပွဲများ ကျင်းပခဲ့သလိုလာမယ့် အောက်တိုဘာမှာလည်း တရုတ်နိုင်ငံတိုင်ပေမြို့နဲ့ နိုဝင်ဘာမှာ ဂျပန် နိုင်ငံသို့ သီချင်းဆိုသွားရောက်ဖို့ရှိတယ်လို့ သိရပါတယ်။



# ရေဘေးသင့် ချင်းပြည်နယ် ပြန်လည်ထူထောင်ရေး ဖိုက်စတားအဖွဲ့ ရန်ပုံငွေရှာမည်

ချင်းပြည်နယ်ရှိ ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် ပရဟိတအသင်းများစုပေါင်းကာ တေးဂီတဖျော်ဖြေပွဲနှင့် ဈေးရောင်းပွဲတော်ကို အောက်တိုဘာ ၄ ရက်တွင် ရန်ကုန်မြို့ရှိ ပြည်သူ့ ဥယျာဉ်ပန်းခြံ၌ နံနက် ၁၀ နာရီမှ ည ၇ နာရီအထိ ဝင်ကြေးအခမဲ့ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း Five Stars Happy Nation Donation Network မှ သိရသည်။

''ချင်းပြည်နယ်က ပြန်လည်ထူထောင်ရေးလုပ်ရမယ့်နေရာတွေမှာ ကျွန်တော်တို့ကောက်ခံရရှိတဲ့ ငွေကြေးတွေကို တိုက်ရိုက်သွားလှူမှာပါ။ ချင်းပြည်နယ်ရဲ့ပညာရေးနဲ့ ကျန်းမာရေးကဏ္ဍတွေမှာ အဓိက ထားပြီး လှူဒါန်းသွားမှာပါ။ ကျွန်တော်တို့ကတော့ ကိုယ်တတ်နိုင်တဲ့ဘက် က ကူညီတာမျိုးပါ။ ချင်းပြည်နယ် ပြန်လည်ထူထောင် ဖို့က အများကြီး ကူညီဖို့ လိုပါသေးတယ်။ ဒီပွဲမှာလည်း ကျွန်တော်တို့ Five Stars အဖွဲ့ အပြင် ရုပ်ရှင်ဂီတဘက်က သူငယ်ချင်းတွေလည်း ပါဝင်ကူညီပေးသွားမှာပါ'' ဟု Five Stars Happy Nation Donation Network မှ လူရွှင်တော်အောင်သော် ကပြောသည်။

အဆိုပါ ဖျော်ဖြေပွဲကို Five Stars Happy Nation Donation Network အပါအဝင် ပရဟိတအသင်းအဖွဲ့ ၄၀ ခန့်က ပူးပေါင်းစီစဉ်ကျင်းပခြင်းဖြစ်ပြီး အငြိမ့်ခန်းအပါအဝင် တေးသီချင်းဖြင့် ဖျော်ဖြေခြင်းအစီအစဉ်များအပြင် ပရဟိတအသင်းများ၏ ဈေးရောင်းပွဲတော်ကိုလည်း ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ဇူလိုင်လအတွင်း မိုးသည်းထန်စွာရွာသွန်းကာတိုင်းနှင့် ပြည်နယ်များတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ရာ ချင်းပြည် နယ်တွင်လည်း ရေကြီးရေလျှံမှု၊ မြေပြိုမှု၊ နံးမြေနစ်မှုများဖြစ်ပွားခဲ့ပြီး ယခုအချိန်အထိ ဒေသပြန်လည်ထူ ထောင်ရေးနှင့် ကူညီစောင့်ရှောက်မှုများ လိုအပ်လျက်ရှိကြောင်း သိရသည်။

# ဘင်္ဂါလားဒေ့ရှ်ရောက်မောင်တောဒေသခံမဲပေးရန်နေရပ်ပြန်လာမည်

ကျောက်ဖြူ၊ စက်တင်ဘာ၂၉

မဲဆန္ဒရှင်စာရင်းများအရ ရခိုင်ပြည်နယ် မောင်တောမြို့နယ်မှ ဘင်္ဂါလားဒေ့ရှ်နိုင်ငံသို့ အလုပ်လုပ်ရန်နှင့် စီးပွားရေးစသည့် အကြောင်း အမျိုးမျိုးဖြင့် ရောက်ရှိနေသောမောင်တော ဒေသခံ ၁၀၀၀ ဦးတို့ ရွေးကောက်ပွဲကာလနေရပ်သို့ ပြန်လာကာ ဆန္ဒမဲပေးသွားမည်ဖြစ်ကြောင်း ဒေသခံများထံမှ သိရှိရသည်။

``ပျမ်းမျှအားဖြင့် တစ်ဘက်မှာ နေထိုင်ပြီး အလုပ်လုပ်နေကြတဲ့သူ မြို့ပေါ်မှာထက် နယ်ဘက်ကျေးရွာတွေကများပါတယ်။ တစ်ရွာမှာ အနည်းဆုံး သုံး ယောက်မှ ငါး ယောက်ထိ ရှိပါတယ်။ ဘူးသီးတောင်၊ ရသေ့တောင်နဲ့စစ်တွေ မြို့နယ်တွေမှာလည်း ရှိတယ်လို့ကြားတယ်။ ဒါပေမယ့် အရေအတွက်ကိုတော့ မသိရဘူး။ အကုန်လာရောက် မဲပေးမှာလို့ သိရတယ်`` ဟု မောင်တော မြောက်ပိုင်းမင်းကြီးကျေးရွာ အုပ်ချုပ်ရေးမှူးက ပြောသည်။

ရခိုင်တိုင်းရင်းသားအများစုသည် သက်ဆိုင်ရာ တိုင်းရင်းသားပါတီများကိုသာ ဆန္ဒမဲပေးကြမည်ဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။

``ကျွန်တော်က ဘင်္ဂါလားဒေ့ရှ်နိုင်ငံ နယ်စပ်မြို့နယ်မှာ နေပါတယ်။ ၂၀၁၀ ခုနှစ်ရွေးကောက်ပွဲတုန်း ကလည်း ရခိုင်ပါတီမပြိုင်လို့ မဲမပေးလိုက်ရဘူး။ ဒီနှစ်တော့ မဲပေးဖို့ အချိန်မီလာမှာပါ။ ဒီမြို့မှာ ရောက်နေကြတဲ့ တခြား သူတွေလည်းအကုန်မဲပေးဖို့လာမယ်လို့သိရပါတယ်`` ဟု ဘင်္ဂါလားဒေ့ရှ်နိုင်ငံ ညီလာမြို့နယ် မြစ်နားရွာတွင် နေထိုင်ပြီး ပန်းထိမ်လုပ်ငန်းလုပ်ကိုင်နေသည့် မောင်တောမြို့ခံကိုဇော်ဦးက တယ်လီဖုန်းဖြင့် ဖြေကြားသည်။

မောင်တောခရိုင်အတွင်း ၂၀၁၀ ခုနှစ်ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူ ငါးသိန်း ကျော်ရှိခဲ့ပြီး ၂၀၁၅ ရွေးကောက်ပွဲတွင် နိုင်ငံသားမဟုတ်သည့် ယာယီနေထိုင်ခွင့်လက်မှတ် (ဗိုက်ကဒ်) ကိုင်ဆောင်သူများအားတည်ဆဲနိုင်ငံသား ဥပဒေအရ မဲပေးပိုင်ခွင့်မရှိခြင်းကြောင့် မဲပေးခွင့်ရှိသူ ၅၅၄၇၄ ဦး သာရှိကြောင်း မောင်တောခရိုင် ရွေးကောက်ပွဲကော်မရှင်မှ သိရသည်။



# အနိုင်ရရှိပါကတိုင်းရင်းသားအဖြစ် အသိအမှတ်ပြုခံရရေးနှင့် ဒေသဖွံ့ဖြိုးရေး ဦးစားပေးဆောင်ရွက်မည်ဟုထားဝယ်တိုင်းရင်းသားပါတီဆို

ရန်ကုန်၊ စက်တင်ဘာ ၂၉

ထားဝယ်တိုင်းရင်းသားများပါတီ ကိုယ်စားလှယ်လောင်းများ တနင်္သာရီတိုင်းဒေသကြီး မြို့နယ်များတွင် အနိုင်ရရှိပါက ထားဝယ်တိုင်းရင်းသားများ အဖြစ်အသိအမှတ်ပြုခံရရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထားဝယ်တိုင်းရင်းသားများ ပါတီရွေးကောက်ပွဲအောင်နိုင်ရေး ဥက္ကဋ္ဌ ဦးဇော်သူရက စက်တင်ဘာ ၂၉ ရက်တွင် ပြောသည်။

``ထားဝယ်လူမျိုးဆိုတာကို လက်ရှိအချိန်အထိ အသိအမှတ်ပြုခြင်းမခံရဘူး။ မှတ်ပုံတင်မှာဆိုရင် ဗမာလူမျိုးဆိုပြီးရေးရတယ်။ ခနတို့ အင်းသားတို့မှာတောင် တိုင်းရင်းသားရေးရာ ဝန်ကြီးရှိတယ်။ ထားဝယ် လူမျိုးတွေမှာမရှိဘူး။ ဒါကို အသိအမှတ်ပြုခံရရေးနဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ဦးစားပေးဆောင်ရွက်သွားမှာပါ`` ဟု ၎င်းက ပြောသည်။

ပါတီအနေဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း နှစ် ဦး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း နှစ် ဦးနှင့် တိုင်းဒေသကြီးလွှတ်တော် ကိုး ဦးပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အနိုင်ရရှိပါက အခြားပါတီများနှင့်လည်း ဖက်ဒရယ်စနစ်တည်ဆောက်ရာတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ထားဝယ်တိုင်းရင်းသားလူမျိုးများသည်အခြားတိုင်းရင်းသားများနှင့် တန်းတူအခွင့်အရေးမရရှိဘဲ အမြဲကျကျန်ခံရသည့်အတွက် တိုင်းပြည်အရေးနှင့် လူမျိုးအရေးကို ဆောင်ရွက်နိုင်ရန် ၂၀၁၃ ခုနှစ်တွင် ပါတီစတင်ထူထောင်ခဲ့ကြောင်း သိရသည်။

``အခြားလူမျိုးတွေနဲ့ တန်းတူအခွင့်အရေးမရလေတော့ ကျွန်တော်တို့ လူမျိုးဟာ မြန်မာနိုင်ငံထဲမှာရောရှိသေးရဲ့လားဆိုပြီး ယုံမှားသံသယနဲ့ မေးခွန်းထုတ်ရတဲ့အခါ ဒုတိယတန်းစားဒါမှမဟုတ် တတိယတန်းစား လူမျိုးတွေလားလို့ မေးခွန်းထုတ်ရမလိုပါပဲ`` ဟု ထားဝယ်တိုင်းရင်းသားပါတီ ဥက္ကဋ္ဌ ဦးအေးမင်းက စက်တင်ဘာ ၂၈ ရက် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်၌ ဟောပြောခဲ့သည်။

ထားဝယ်တိုင်းရင်းသားများနှင့် အရပ်ဘက်အဖွဲ့အစည်းများသည် ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်က ကောက်ယူသည့် သန်ခေါင်စာရင်းတွင် ဗမာလူမျိုးနေရာတွင် ထားဝယ်လူမျိုးအဖြစ် ဖြေဆိုကြရန် လှုပ်ရှားမှုများ ဆောင်ရွက်ခဲ့ကြသည်။

ကိုလင်း

# ပျက်စီးလမ်းများပြင်ဆင်ခြင်းမရှိ၍လမ်းကောင်းလုသွားနေရ

စစ်တွေ၊ စက်တင်ဘာ ၂၉

ရခိုင်ပြည်နယ်၏ မြို့တော်စစ်တွေမြို့ရှိ လမ်းမကြီးနှင့် မင်းဘာကြီးလမ်း၊ ကမ်းနားလမ်းတို့ သာကောင်းမွန်ပြီး ကျန်လမ်းများ ပျက်စီးနေသည့်အတွက် မော်တော်ယာဉ်များအနေဖြင့် လမ်းကောင်းလုသွားနေရပြီး သက်ဆိုင်ရာဌာနများက ပြင်ဆင်ခြင်းမရှိသေးကြောင်း ဒေသခံများက ဆိုသည်။

``မေယုလမ်းနဲ့ တခြားရပ်ကွက်တွင်းလမ်းတွေဆိုရင် သွားရတာအဆင်မပြေဘူး။ မေယုလမ်းကို နိုင်လွန် ကတ္တရာခင်းထားပေမယ့် ကျန်တဲ့အပိုင်းတွေက သွားလို့ကိုအဆင်မပြေတော့တာ။ အကုန်လုံးချိုင့်ခွက်တွေ ဖြစ်ကုန်ပြီ`` ဟု စစ်တွေမြို့ ရေချမ်းပြင် ရပ်သုံးဘီးယာဉ်မောင်းကိုနေစိုးအောင်က ပြောပြသည်။

မေယုလမ်းကို ၂၀၁၄ ခုနှစ်က အဆင့်တိုးမြှင့်ထားသော်လည်း လမ်းတစ်ဝက်သာပြီးဆုံးခဲ့ပြီး ကုန်သည်လမ်းနှင့် နာဇီလမ်းတို့မှာ ပြုပြင်မှုမရှိသည့်အတွက် ပိုမိုပျက်စီးလာခြင်းဖြစ်သည်ဟု မကျည်းမြိုင်ရပ်ကွက်နေ ဒေသခံ ကိုမောင်မောင်ထွန်းက ဆိုသည်။

`` စစ်တွေမြို့တွင်းလမ်းကတော့ ကျွန်တော်နဲ့မဆိုင်ဘူး။ ပြည်နယ်စည်ပင်နဲ့ဆိုင်တယ်။ ပြည်နယ်စည်ပင်ကပဲ လုပ်တာပါ``ဟု ပြည်နယ်အစိုးရအဖွဲ့လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးလှဟန်က ဆိုသည်။

နာဇီလမ်းမှာလည်း ၂၀၁၄ ခုနှစ်က နောက်ဆုံးပြုပြင်ခဲ့ခြင်းဖြစ်ပြီး ပြီးခဲ့သည့်လအတွင်းမှစ၍ ကုန်သည်လမ်းအား ပုဂ္ဂလိက ကုမ္ပဏီမှ ကန်ထရိုက်ယူကာ ပြန်လည်ပြုပြင်နေသည်။

ပြည်နယ်အစိုးရအနေဖြင့် အထင်ကရ နေရာများကိုသာဦးစားပေးလုပ်နေပြီး ရပ်ကွက်အတွင်းရှိလမ်းများ ပြုပြင်မှုအပိုင်းတွင် အားနည်းနေကြောင်း စစ်တွေမြို့မင်းဂံရပ်ကွက်မှ ဒေသခံတစ်ဦးက ပြောသည်။

``ပြောရရင်အတင်းပြောသလို ကျွန်တော်တို့ မင်းဂံမှာ ကွန်ကရစ်လမ်းခင်းတာလည်း တစ်ပိုင်းပဲ။ အကွက်တစ်လောက်ပဲ။ ကျန်တဲ့ အကွက်တွေက ဒီအတိုင်းပဲ။ ကျွန်တော်တို့ အိမ်ရှေ့က လမ်းဆိုရင် မိုးတွင်းသွားရတာ အဆင်မပြေဘူး။ ဘယ်ဌာန၊ ဘယ်လွှတ်တော်အမတ်တွေမှလည်း လာကြည့်တာမဟုတ်ဘူး``ဟု အဆိုပါဒေသခံက ပြောသည်။

ပြည်နယ်အစိုးရအဖွဲ့မှ စစ်တွေဗိုလ်ဂိုဏ်မှ စစ်တွေဟိုတယ်အထိ ကမ်းနားလမ်း တွင် ကွန်ကရစ်လမ်းခင်းထားရာ ပြီးခဲ့သည့်လများက အဆိုပါလမ်းမှာ အရည်အသွေးမမီသည့် အတွက် လမ်းပိုင်းအချို့ပျက်စီးခဲ့ပြီး ပြန်လည်ပြုပြင်နေရသည်။

ထို့အပြင် စစ်တွေရှိ ဗိုလ်ဂိုဏ်ကမ်းခြေအား စင်ကာပူတွင်ရှိသော အပန်းဖြေစခန်းကဲ့သို့ပြုလုပ်မည်ဟု ယခင်ပြည်နယ်ဝန်ကြီးချုပ်ဦးမောင်မောင်အုန်းက ပြောသည်။

သို့သော် စစ်တွေမြို့တွင်းရှိ လမ်းများ တည်ဆောက်မှုတွင် အရည်အသွေးမမီသည့် အတွက် လမ်းများမှာ ပျက်စီးနေခြင်းဖြစ်ကြောင်း ဒေသခံများက ဝေဖန်နေကြသည်။

မိုးဝေ

# ကက်သလစ်သီလရှင်ကျောင်းအတွင်း လေးနှစ်အရွယ်ကလေး သေဆုံးနေမှုကြောင့် လုံခြုံရေးဆောင်ရွက်ခဲ့ရ

ပြည်၊ စက်တင်ဘာလ ၂၈

ပဲခူးတိုင်းအနောက်ပိုင်း၊ ပေါက်ခေါင်းမြို့နယ် ညောင်ဝန်းကျေးရွာရှိ ကက်သလစ်သီလရှင်ကျောင်း ဝင်းအတွင်း လေးနှစ်အရွယ်က လေးအလောင်းကိုတွေ့ရှိရပြီးနောက် ဒေသခံများနှင့် သီလရှင်ကျောင်းဝင်း အတွင်းမှ ဘာသာဝင်များအကြား တင်းမာမှုတစ်ရပ်ဖြစ်ပေါ်ခဲ့သဖြင့် ပြည်ခရိုင်အဆင့်ရဲတပ်ဖွဲ့မှအရာရှိများ၊ အုပ်ချုပ်ရေး အာဏာပိုင်များမှလာရောက်ထိန်းသိမ်းခဲ့ကြောင်း သိရှိရသည်။

``ဒီဖြစ်စဉ်ကတော့ ကလေးသူငယ်တစ်ယောက်ရဲ့ မိဘနဲ့ကင်းကွာနေတဲ့ စိတ်ဖြစ်စဉ်အရဖြစ်ပေါ်လာတာ ဖြစ် တယ်။ ဟိုးအရင်ရာဇဝတ်ပြစ်မှုတွေအရနောက်ခံကြောင့် ဖြစ်ပေါ်လာတာမဟုတ်ပါဘူး။ ဒါမျိုးတွေက ဒီဒေသမှာ ဖြစ်တတ်တဲ့ ဖြစ်စဉ်မဟုတ်ဘူး။ ဒီဒေသကလူတွေရဲ့ ဒေါသအလျောက်ဖြစ်တာလည်း မဟုတ်ဘူး။ ဒေသခံ ကလေးငယ်တစ်ယောက် ဖြစ်သွားတဲ့အပေါ်မှာ စိတ်အချဉ်ပေါက်ပြီး ဝုန်းကနဲထဖြစ်သွားတာပါ။ အခုမှာတော့ ရွာကအဖွဲ့တွေနဲ့ ဆွေးနွေးပြီးတော့ပြန်ပြီးအေးချမ်းသွားတဲ့ အခြေနေကို ရောက်သွားပါပြီ။ လုံခြုံရေးလည်း စိတ်ချရအောင်ဆောင်ရွက်ထားပြီးပါပြီ`` ဟု ပြည်ခရိုင်ရဲ တပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်သက်နိုင်က ဖြစ်စဉ်နှင့် ပတ်သက်၍ ပြောသည်။

ညောင်ဝန်းရွာမှ လေးနှစ်အရွယ် မမာဒီနားမှာ စက်တင်ဘာ၂၄ ရက်တွင် စတင်ပျောက်ဆုံးခဲ့ခြင်း ဖြစ်ကြောင်းနှင့် နောက်သုံးရက်အကြာ စက်တင်ဘာ ၂၇ ရက်ညနေပိုင်းတွင် အဆိုပါ ကလေးအလောင်းကို ကျောင်းဝင်းအတွင်းပြန်လည်တွေ့ရှိရသဖြင့် ကျောင်းမှသီလရှင်ဆရာလေးများတွင် တာဝန်ရှိသည်ဟု ဆိုကာ ဒေသခံများက ဒေါသထွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

``ကလေးပျောက်သွားတော့ ကျွန်တော်တို့တွေကော မိဘတွေ၊ ရဲတွေပါနေရာတော်တော်များများမှာ လိုက်ရှာ ကြပါတယ်။ မတွေ့ဘူး။ မနေ့ကမှ အပုပ်နံ့ရလို့မယ်တော် ရုပ်ထားရာ တောင်ကုန်းပေါ်ကို တက်ကြည့်တော့ သေဆုံး နေတဲ့ကလေးကို တွေ့ရတော့တယ်။ အဲဒီအချိန်မှာ ဒေသခံတွေက ဒေါသတွေထွက်ပြီး ကျောင်းကိုမီးရှို့မယ်နဲ့ လုပ်နေပြီ။ ကျောင်းကကလေးတွေနဲ့ သီလရှင်တွေရဲ့လုံခြုံရေးကိုစိုးရိမ်တာနဲ့ပဲ ညနေ လေးနာရီ လောက်မှာ ကျောင်းကနေ ပေါက်ခေါင်းမြို့ကိုပို့ပါတယ်`` ဟု ကက်သလစ်ကျောင်းအား ကူညီထောက်ပံ့ပေးနေသူ ဦးငွေမျိုးက ပြောသည်။

သေဆုံးသွားသည့် လေးနှစ်သမီးကိုအဆိုပါကျောင်းတွင် လွှန်ခဲ့သောရက်ပိုင်းကလာရောက်နေထိုင်သည့် ၁၄ နှစ်အရွယ် ကလေးက စနောက်ရာမှ သတ်ခဲ့ခြင်းဖြစ်သည်ဟု ကျောင်းမှ တာဝန်ရှိသူများက ယူဆနေကြောင်းကိုလည်း သိရှိရသည်။

လက်ရှိတွင် လူသတ်မှုကျူးလွန်သည်ဟု ယူဆရသည့် ၁၄ နှစ်အရွယ်ကလေးအားပေါက်ခေါင်း မြို့နယ် ရဲစခန်းတွင် ကလေးသူငယ်ဥပဒေအရထိန်းသိမ်းစောင့်ရှောက်ထားပြီး ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ အရ အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

The Reporter NEWS JOURNAL ကာတွန်း



2.10.2015, / Vol-1, No-19

The Reporter NEWS JOURNAL

## တရုတ်မယားအဖြစ် ရောင်းစားသူကို အောင်လံ၌အမှုဖွင့်

**အောင်လံ၊ စက်တင်ဘာ ၂၄**

အောင်လံမြို့နယ်၊ ဖောင်တင်ကျေးရွာနေ အမျိုးသမီးတစ်ဦးက ၎င်း၏သမီးဖြစ်သူနှင့်တူမဖြစ်သူ တို့ကို တစ်ရွာတည်းနေထိုင်သူလင်မယားက ရန်ကုန်မြို့တွင် အိမ်ဖော်လုပ်ကိုင်ရန် ပြောဆိုပို့ပေးခဲ့ပြီးနောက် တရုတ်နိုင်ငံတွင် တရုတ်မယားအဖြစ်ရောင်းစားခဲ့မှုနှင့် ပတ်သက်၍ယခုလ ၂၂ ရက်နေ့တွင် တိုင်တန်းမှုဖြစ်ပွားခဲ့ကြောင်း အောင်လံမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလအတွင်း အောင်လံမြို့နယ် ဖောင်တင်ကျေးရွာနေ ဒေါ်..... (၄၇ နှစ်) သည် နေအိမ်တွင်ရှိနေစဉ် တစ်ရွာတည်းနေသူများဖြစ်သည့် မျိုးထိုက် (၃၇ နှစ်) နှင့် ၎င်းဇနီး ဖြစ်သူ မစာ (ခ)မငြိမ်းငြိမ်းအေး (၂၆ နှစ်) တို့ ရောက်ရှိလာပြီး ရန်ကုန်မြို့တွင် နေထိုင်သူ မျိုးထိုက်၏ ညီမ မဝေနင်းလှိုင် (၃၃ နှစ်)၊ လှိုင်မြို့နယ်နေသူ၏ နေအိမ်တွင် အိမ်ဖော်လုပ်ရန်အတွက် သမီးဖြစ်သူ မ..... (၁၉ နှစ်) နှင့် တစ်ရွာတည်းနေ တူမဖြစ်သူ ... (၃၂ နှစ်) တို့အား တစ်လလျှင် လစာ ငွေကျပ်တစ်သိန်းဖြင့် ခေါ်ယူလိုသည် ဟုပြော၍ စားဝတ်နေရေးအဆင်မပြေသဖြင့် သဘောတူညီခဲ့သည်ဟု သိရသည်။

အဆိုပါအမျိုးသမီးနှစ်ဦးအား ရန်ကုန်မြို့သို့ခေါ်ဆောင်သွားပြီး တစ်လခန့်အကြာသမီးဖြစ်သူထံသို့ မစာ (ခ) မငြိမ်းငြိမ်းအေးနှင့်အတူတွေ့ဆုံရန်လိုက်သွားရာတွင် သမီးနှင့်တူမဖြစ်သူတို့အားရန်ကုန်မြို့တွင် မဟုတ်ဘဲ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့ရှိ မဝေနင်းလှိုင်နေအိမ်တွင် တွေ့ရှိခဲ့ကာသမီးဖြစ်သူအတွက် ကိုးလစာငွေကျပ် ကိုးသိန်းနှင့် တူမဖြစ်သူ မကြည်လှအတွက် ကိုးလစာငွေ ကျပ်ကိုးသိန်းအားပေးအပ်သဖြင့် ရယူခဲ့ပြီးနောက် ၂၀၁၅ ခုနှစ် ဇူလိုင် လတွင် ကိုးလပြည့်၍ သမီးနှင့်တူမဖြစ်သူတို့အား ပြန်လည်ခေါ်ယူပေးရန် ပြောဆိုသောအခါ မျိုးထိုက်က ဖုန်းခေါ်ပေး၍ သမီးဖြစ်သူနှင့် ဆက်သွယ်ပြောဆို ရာဟင်္သာတမြို့တွင်မဟုတ်တော့ဘဲ တရုတ်နိုင်ငံတွင် တရုတ်မယားအဖြစ် ရောင်းစားခံထားရကြောင်း ပြောပြသိရှိရသဖြင့် ရန်ကုန်မြို့တွင် အလုပ်လုပ်ရန် လိမ်လည်လှည့်ဖြားခေါ်ဆောင်ပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သော မျိုးထိုက်နှင့် မစာ (ခ) မငြိမ်းငြိမ်းအေး၊ မဝေနင်းလှိုင်တို့ သုံးဦးအား အရေးယူပေးပါရန် စက်တင်ဘာ ၂၂ ရက်နေ့တွင် ဒေါ်.....က တရားလိုပြုတိုင်ကြားခဲ့သောကြောင့် အောင်လံမြို့နယ်၊ မြို့မရဲ စခန်းမှ (ပ) ၂၀၁/၂၀၁၅၊ လူကုန်ကူးဥပဒေပုဒ်မ ၂၄ ဖြင့် အမှုဖွင့်ထားသည်။

**စောရန်နိုင်**

## မိလ္လာကျင်းအတွင်း သေဆုံးနေသည့်ပထမတန်းကျောင်းသူ ကာမစပ်ယှက်ခံရကြောင်း ဆေးစစ်ချက်ထွက်ပေါ်

**မကွေး၊ စက်တင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်တွင် အိမ်သာအတွက် တူးထားသည့် ရေပြည့်လျှံနေသော မိလ္လာကျင်းထဲ၌ တွေ့ရသည့် ပထမတန်းကျောင်းသူလေး၏ အလောင်း ရင်ခွဲစစ်ဆေးချက်အရကာမစပ်ယှက်ထားသည့်လက္ခဏာရှိပြီး ဦးခေါင်းဇက်ကျိုး၍ အသက်ရှုကြပ်ကာ လေပြတ်သေဆုံးရခြင်းဖြစ်ကြောင်း ချောင်းကောက် တိုက်နယ်ဆေးရုံမှ စစ်ဆေးခဲ့သည့် ဆေးစာပြန်ကြားချက်အရ သိရသည်။

"ဆေးစာပြန်ကြားချက်အရ သေဆုံးသူဟာ ဓမ္မတာအတိုင်း သေဆုံးရခြင်းမဟုတ်ဘဲ လူတစ်ဦးတစ်ယောက်ရဲ့ ပယောဂနဲ့ သေဆုံးရတာဖြစ်လို့ တရားခံအမြန်ဆုံးဖော် ထုတ်ဖမ်းဆီးနိုင်ရေးအတွက် အပူတပြင်းစုံစမ်းဆောင်ရွက်နေပါတယ်"ဟု ကိုးပင်နယ်မြေရဲစခန်းမှ ရဲအုပ်ဘိုဘိုက ပြောသည်။

ဆင်ပေါင်ဝဲမြို့နယ် သာယာကုန်းကျေးရွာ မူလွန်ကျောင်းမှ အသက် ၇ နှစ်အရွယ် ပထမတန်းကျောင်းသူ တစ်ဦးမှာ စက်တင်ဘာလ ၂၃ ရက် မုန့်စားကျောင်းဆင်းပြီး အတန်းပြန်တက်လာခြင်းမရှိ၍ အတန်းပိုင် ဆရာက ကျောင်းအုပ်ဆရာမကြီးထံသတင်းပို့သဖြင့် ကျောင်းအုပ်ဆရာမကြီးနှင့် အတန်းပိုင်ဆရာတို့က ကျောင်းဝန်းအတွင်း လိုက်လံရှာဖွေကြရာမှ အသစ်တူးထားသည့် မိုးရေဖြင့် ပြည့်နေသော မိလ္လာကျင်းအတွင်း တွေ့ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

ဆင်ပေါင်ဝဲမြို့နယ် ဧကရာဇ်ရဲကင်းစခန်းမှူး ဒုရဲအုပ်ထွန်း ထွန်းဝင်းနှင့် အဖွဲ့က အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးပြီး အဆိုပါကျောင်းသူ သေဆုံးရခြင်းမှာ ဓမ္မတာအတိုင်းသေဆုံးရခြင်း ဟုတ်၊ မဟုတ် စစ်ဆေးနိုင်ရန်အတွက် ဒုရဲအုပ်ထွန်းထွန်းဝင်းက တရားလိုပြုလုပ်တိုင်တန်းသဖြင့် ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်နယ်မြေ ရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ် ၆/၂၀၁၅ဖြင့် အမှုဖွင့်ဆောင်ရွက်ခဲ့ပြီး အလောင်းအား ချောင်းကောက်တိုက် နယ်ဆေးရုံသို့ ပို့အပ်ခဲ့ခြင်းဖြစ်သည်။

ချောင်း ကောက်တိုက်နယ်ဆေးရုံမှ ဒေါက်တာမွန်စိုးရီ၏ ၂၅.၉.၂၀၁၅ ရက်စွဲပါ ဆေးစာထင်မြင်ချက်ပြန်ကြားချက်အရ သေဆုံးသူတွင် လတ်တလောကာမစပ်ယှက်ခံထားရသည့် လက္ခဏာတွေ့ရပြီး ဦးခေါင်းဇက်ကျိုး၍ အသက်ရှုကြပ်ကာ လေပြတ်သေဆုံးရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ၂၃.၉.၂၀၁၅ ရက်နေ့တွင် ကိုးပင်နယ်မြေရဲစခန်းမှ သေမှုသေခင်း အမှတ်စဉ် ၆/၂၀၁၅ဖြင့် ရေးဖွင့်ဆောင်ရွက်ထားရာမှ ၂၅.၉.၂၀၁၅ ရက်နေ့တွင် (ပ) ၁၁၀/ ၂၀၁၅၊ ပြစ်မှုဥပဒေ ပုဒ်မ ၃၀၂/၃၇၆ ဖြင့် ပြောင်းလဲရေးဖွင့် ဆောင်ရွက်ထားကြောင်း အဆိုပါရဲစခန်းမှတ်တမ်းအရ သိရသည်။

## သူငယ်တန်းကျောင်းသူလေး အဓမ္မပြုကျင့်ခံရမှုရဲနှင့်စစ်တပ်ပူးပေါင်းစစ်ဆေး

**စစ်တွေ၊ စက်တင်ဘာ ၂၅**

စစ်တွေမြို့နယ် ညေဝတီ (က) ရပ်ကွက်တွင် အသက် ၈ နှစ်ခန့်ရှိ သူငယ်တန်းကျောင်းသူတစ်ဦးကို ခမရ ၃၅၄ တပ်ရင်းမှ တပ်သား နေလင်းအောင်က အဓမ္မပြုကျင့်သည်ဟု ယူဆရသောကြောင့် ဒေသကွပ်ကဲမှု စစ်ဌာနချုပ် ဒုစစ်ဦးစီးမှူး ဗိုလ်မှူးကြီး ခင်စိုးဦးစီးပြီး အမှတ် (၁) ရဲစခန်းတွင် စစ်ဆေးနေကြောင်း သိရှိရသည်။

အဆိုပါ အမျိုးသမီးငယ်သည် ကျန်းမာရေးမကောင်းသဖြင့် စစ်တွေပြည်သူ့ဆေးရုံမှ ဆင်းကာ အနားယူခါစ ၃ ရက်မြောက်နေ့တွင် ဖခင်ဖြစ်သူက စက်တင်ဘာ ၂၂ ရက်နေ့ ည ၁၀ နာရီအချိန် ခန့်တွင် ဆေးလိပ်အပြင် ထွက်ဝယ်စဉ် စစ်တွေအခြေစိုက် ခမရ ၃၅၄ မှ ကိုယ်ပိုင်အမှတ် တ ၂၈၇၇၅၃ တပ်သား နေလင်းအောင် (ခေါ်) ဦးနေဝင်းသည် အိမ်ပေါ်တက်ကာ အတင်းအဓမ္မ မုဒိန်းကျင့်ခဲ့ခြင်းဖြစ်ပြီး အစ်ကိုဖြစ်သူ ဆိုက္ကားနင်း၍ ပြန်လာချိန်တွင် တွေ့ရှိသဖြင့် အိမ်နီးချင်းများကို အော်ဟစ်အကူ အညီတောင်းပြီး ဖမ်းဆီးခဲ့ကြောင်း စစ်တွေမြို့အမှတ် (၁) ရဲစခန်း၏ မှတ်တမ်းများအရ သိရသည်။

"တရားခံက တပ်မတော်သားဆိုတော့ စစ်တပ်နဲ့ ရဲတပ်ဖွဲ့တို့ ပူးပေါင်းပြီး စစ်ဆေးနေရတယ်ပေါ့။ တရားခံကိုတော့ ရဲစခန်းက ဖမ်းထားတာပါ။ ဒီနေ့ မနက် ၁၀ နာရီလောက်ကတည်းက စစ်ဆေးနေတာပါ။ တရားခံရဲ့ သက်ဆိုင်ရာ တပ်ရဲ့ တပ်ရင်းမှူးတို့လည်း စစ်ဆေးရေးအဖွဲ့ထဲ ပါပါတယ်"ဟု ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့ရုံး ဒုပြည်နယ်မှူးရဲမှူး သစ်ဆန်းက ပြောသည်။

အဆိုပါ အကြောင်းအရာနှင့်ပတ်သက်၍ မလိုလားအပ်သော ဆူပူမှုများဖြစ်ပေါ်လာမည်ကို ဒေသခံများအနေဖြင့် စိုးရိမ်နေကြောင်းကိုလည်း သိရသည်။

"အွန်လိုင်းပေါ်မှာ ဒီကိစ္စနဲ့ ပတ်သက်ပြီး လူမျိုးရေးမုန်းတီးမှုတွေဖြစ်စေဖို့၊ ဆူပူမှုတွေဖြစ်စေဖို့ အကောင့်အတုတွေနဲ့ လှုပ်ရှားနေတာတွေကို တွေ့ရပါတယ်။ ဥပဒေအတိုင်း ဆောင်ရွက်ဖို့ သက်ဆိုင်ရာတွေက ဆောင်ရွက်နေတာမို့ ပြည်သူများအနေနဲ့ စိတ်လှုပ်ရှားမလွယ်ဖို့နဲ့ တရားဥပဒေအောက်က ဖြေရှင်းတာကို လက်ခံကြဖို့ ပြောကြားလိုပါတယ်"ဟု ရခိုင်အမျိုးသားရေး တက်ကြွလှုပ်ရှားသူ ကိုနိုင်နိုင်က ပြော သည်။

တရားခံဟုသတ်မှတ်ခံထားရသူကို စစ်တွေမြို့အမှတ် (၁) ရဲစခန်းမှ ပုဒ်မ ၃၇၆ ဖြင့် အမှုဖွင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

## ယာဉ်တိုက်မှုလိုင်စင်မဲ့ကားမှန်းသိ

**ရန်ကုန်၊ စက်တင်ဘာ ၂၈**

ဗဟန်းမြို့နယ်မှ ကမာရွတ်မြို့နယ်သို့ မောင်းနှင်လာသည့် ကရောင်းဆလွန်းကားသည် စက်တင်ဘာ ၂၆ ရက်နေ့ နေ့လယ် ၁ နာရီအချိန်က လှည်းတန်းခုံးကျော်တံတားအဆင်းတွင် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကျောသို့ ဂါလီသမားတစ်ဦးနှင့် ဓာတ်တိုင်ကို တိုက်မိရာမှ စစ်ဆေးရာ လိုင်စင်မဲ့ကားဖြစ်နေသည့်အတွက် ယာဉ်ပိုင်ရှင်ကိုလည်း တရားစွဲဆိုထားကြောင်း သိရသည်။

ယာဉ်တိုက်မှုကြောင့် ဂါလီသမားတစ်ဦးမှာ ဒဏ်ရာအနည်းငယ်ရရှိခဲ့ပြီး ဓာတ်တိုင်ပျက်စီးမှုမှာ ၁၈ သိန်းခန့် ပျက်စီးဆုံးရှုံးခဲ့သည့်အတွက် ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်းအား ယာဉ် (ပ) ၃၈/၂၀၁၅ ပြစ်မှုပုဒ်မ ၃၃၈/၂၇၉ ဖြင့် တရားစွဲဆိုထားကြောင်း သိရသည်။

ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည့် ကရောင်းဆလွန်းကားကို စစ်ဆေးရာတွင်လည်း လိုင်စင်မဲ့နံပါတ်ပြားကို တပ်ဆင်ထားပြီး ပိုင်ဆိုင်မှုတစ်စုံတစ်ရာ မပြနိုင်သည့်အတွက် ယာဉ်ပိုင်ရှင် ကိုဆန်းထက်အောင်ကိုလည်း (ပ) ၄၀၃/၂၀၁၅ ပို့ကုန်သွင်းကုန် ဥပဒေ ပုဒ်မ ၈ ဖြင့် တရားစွဲဆိုထားသည်။

**ကိုလင်း**

## အိပ်ပျော်နေစဉ် မီးခိုးငွေ့များရှူရှိုက်မိရာမှ သေဆုံး

**ရန်ကုန်၊ စက်တင်ဘာ ၂၈**

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်နောက်ရပ်ကွက်တွင်နေထိုင်သည့် အသက် ၆၇ နှစ်အရွယ်အမျိုးသား တစ်ဦးအိပ်ပျော်စဉ် မီးခိုးငွေ့များ ရှူရှိုက်မိရာမှ ဆေးရုံသို့ပို့ဆောင်ကုသ စဉ်သေဆုံးသွားကြောင်း သိရသည်။

စက်တင်ဘာ ၂၆ ရက်နေ့တွင် ၎င်းသေဆုံးသူသည် ဟင်းချက်ရာမှ မီးကိုငြိမ်းသတ်ခြင်းမပြုဘဲ လေအေးပေးစက်ဖွင့်ကာ အိပ်စက်ခဲ့သဖြင့် မီးခိုးငွေ့များရှူရှိုက်မိကာ သေဆုံးခဲ့ကြောင်း၊ ၎င်းသည်အသက်အရွယ် ကြီးရင့်သူဖြစ်ပြီး နှလုံးရောဂါနှင့် သွေးတိုးရောဂါအခံရှိကြောင်း သိရသည်။

အလောင်းအားစစ်ဆေးရာ ပြင်ပဒဏ်ရာမတွေ့ရှိရဘဲ သေမှုသေခင်း အမှတ်စဉ် (၁၉/၂၀၁၅) ဖြင့် စက်တင်ဘာ ၂၇ ရက်နေ့တွင် မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းမှ အမှုဖွင့် စစ်ဆေးလျက်ရှိသည်။

**ကိုလင်း**

## တရုတ် – မြန်မာ နယ်စပ်ရှိ သစ်ခိုးထုတ်မှုများ အကောက်ခွန်နှင့် ကုန်သွယ်ရေးဌာနကလည်း ထိန်းချုပ်ရန်လို

**နေပြည်တော်၊ စက်တင်ဘာ ၂၇**

တရုတ်-မြန်မာ နယ်စပ်ဒေသများတွင် သစ်တောဌာနတွင်သာမက အကောက်ခွန်၊ ကုန်သွယ်ရေး အစရှိသည့် ဌာနများမှလည်း တားဆီးထိန်းချုပ်ရန် လိုအပ်ကြောင်း မြန်မာနိုင်ငံ ဆိုင်ရာ ဥရောပသမဂ္ဂ ဒုတိယအဖွဲ့ခေါင်းဆောင် Mr. George Dura က ပြောဆိုလိုက်သည်။

"မြန်မာ-တရုတ်နယ်စပ်ဒေသတွေမှာ ဖြစ်ပေါ်နေတဲ့ သစ်ခိုးထုတ်မှုတွေကို သစ်တောဌာန တစ်ခုတည်းသာမကဘဲအကောက်ခွန်၊ ကုန်သွယ်ရေးအစရှိသည့်ဌာနအဖွဲ့အစည်းတွေကို အားကောင်းအောင်ဆောင်ရွက်ပြီး တားဆီးထိန်းချုပ်ဖို့လိုပါတယ်"ဟု Mr. George Dura က ဆိုသည်။

တရားမဝင် သစ်ကုန်သွယ်မှုနှင့် ပတ်သက်၍ Environmental Investigation on Agency (EIA) နှင့် Global Witness ၏ အစီရင်ခံစာများတွင် မြန်မာနိုင်ငံမှ တရုတ် နိုင်ငံဘက်သို့ တရားမဝင်သစ်တင်ပို့မှုမှာ ပိုမိုများပြားလာနေကြောင်း တရားမဝင်သစ်တင်သွင်းမှု အမြင့်ဆုံး နိုင်ငံဖြစ်သော တရုတ်နိုင်ငံမှာ မြန်မာနိုင်ငံ၏ အဖိုးတန်ကျွန်း၊ တမလန်းအစရှိသည့် သစ်များကိုနှစ်စဉ် ဒေါ်လာဘီလျံနှင့်ချီပြီး မှောင်ခိုဂိုဏ်းကုန်သွယ်မှုပြုလုပ်နေကြောင်း ဖော်ပြထားသည်။

"မြန်မာနိုင်ငံရဲ့ နယ်စပ်ဒေသတွေမှာဖြစ်ပေါ်နေတဲ့ တရားမဝင်သစ်ကုန်သွယ်မှုတွေဟာ ကမ္ဘာ့အလယ်မှာ အထူးသဖြင့် မြန်မာနိုင်ငံနဲ့ တရုတ်ပြည်သူ့ သမ္မတနိုင်ငံတို့ရဲ့ ပုံရိပ်ကို ထိခိုက်စေပါတယ်"ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ပြောသည်။

မြန်မာနိုင်ငံ၏ နယ်စပ်ဒေသတွေများတွင် တရားမဝင်သစ်ကုန်သွယ်မှုတားဆီးရေး မြန်မာနှင့် တရုတ် ဗဟိုအဆင့် တာဝန်ရှိသူများ ဆွေးနွေးပွဲကို နေပြည်တော်ရှိ ဂရင်းအမရ ဟိုတယ်တွင် ပြုလုပ်ခဲ့သည်။

"တရုတ်ပြည်ကသစ်ဈေးကွက်နဲ့ပတ်သက်လို့ နိုင်ငံတကာအပါအဝင် အာရှဈေးကွက်တွေကို အများဆုံးတင်ပို့နေတယ်။ သစ်တောထွက်ပစ္စည်းတွေကိုလည်း တရားမဝင်လုပ်ကိုင်နေတာ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်နေပါတယ်"ဟု နိုင်ငံတကာ တရားမဝင် သစ်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး၊ တားဆီးရေး EUEFI အဖွဲ့မှ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ ဒုတိယအဖွဲ့ခေါင်းဆောင် Mr. George Dura က ပြောသည်။

**အောင်ကျော်ဟိန်း**

## The Reporter ကာတွန်း



# တိုင်းရင်းသားအားလုံးတန်းတူညီမျှရေးနှင့်ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဖြင့်ရခိုင်မျိုးချစ်ပါတီမဲဆွယ်

**ရန်ကုန်၊ စက်တင်ဘာ ၂၈**

ရခိုင်မျိုးချစ်ပါတီမှ ရခိုင်ပြည်နယ်အတွင်း လွှတ်တော်ကိုယ်စားလှယ်လောင်းများ မဲဆွယ်ရာတွင် တိုင်းရင်းသားအားလုံး တန်းတူညီမျှရေးနှင့် ဖယ်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးတို့ကိုသာ အဓိကဟောပြော မဲဆွယ်နေကြောင်း သိရှိရသည်။

''ကျွန်တော်တို့ ရခိုင်မျိုးချစ်ပါတီအနေနှင့် လွှတ်တော် ကိုယ်စားလှယ်လောင်းတွေ နယ်တွေကိုဆင်းပြီး မဲဆွယ်စည်းရုံးရေးဆင်းနေတယ်ဆိုတာထက် လက်ရှိ မြန်မာနိုင်ငံရေးအခင်းအကျင်းကို ပြောပြနေတာက ပိုမှန်ပါလိမ့်မယ်။ ကျွန်တော်တို့က ပြည်သူတွေကို မဲပေးကြပါလို့ မပြောပါဘူး။ ဒီပြည်ထောင်စုအတွင်းမှာ တိုင်းရင်းသား တန်းတူညီမျှမှုမရှိတာဟာ မြန်မာနိုင်ငံရဲ့ အရေးအကြီးဆုံးပြဿနာဖြစ်တယ်'' ဟု ရခိုင်မျိုးချစ်ပါတီ ဥက္ကဋ္ဌ ဦးမောင်မောင်စောက ပြောသည်။

စစ်တွေမြို့နယ်၊ ကျားလည်ချောင်းကျေးရွာတွင် စက်တင်ဘာလ ၂၆ ရက်က ပြုလုပ်သည့် မဲဆွယ်ဟောပြောပွဲတွင် ပါတီဥက္ကဋ္ဌ ဦးမောင်မောင်စောက ယင်းကဲ့သို့ ပြောကြားလိုက်ခြင်း ဖြစ်သည်။

''ရခိုင်ပြည်နယ်ဟာ ဘက်ပေါင်းစုံက ချွတ်ချုံကျနေတယ်။ ဒါဟာ တိုင်ရင်းသားတန်းတူညီမျှမှုမရရှိတာနဲ့ ဆိုင်တယ်လို့ပြောနေရတယ်။ ဥပမာ-တောင်ဥက္ကလာပ မြို့နယ်မှာ လူဦးရေ ၁ သိန်း ကျော်ရှိတယ်။ ကျွန်တော်တို့ဆီက ပေါက်တောမြို့နယ်မှာလည်း လူဦးရေ ၁ သိန်းကျော်ရှိတယ်။ ဒါပေမယ့် ဘာကြောင့် ပြည်ထောင်စု အစိုးရရဲ့ ထောက်ပံ့ပေးမှုက မြို့နယ်နှစ်ခုကြားမှာ အလွန်တရား၊ ကွာဟနေရတာလည်း ဆိုတာ ပြည်သူတွေကို ရှင်းပြခဲ့တယ်။ ရခိုင်ပြည်နယ်ရဲ့ ဘက်စုံယိုယွင်းနေမှုကို ကာကွယ်နိုင်ဖို့ အမျိုးသားစီမံကိန်းတစ်ခုကို အမြန်ဆုံးအကောင်အထည်ဖော်နိုင်ဖို့လိုတယ်။ လွှတ်တော်ထဲသွားတဲ့ နိုင်ငံရေးတစ်ခုတည်းနဲ့ မလုံလောက်ပါဘူး'' ဟု ဦးမောင်မောင်စောက ဆက်ပြောသည်။

ရခိုင်မျိုးချစ်ပါတီသည် ရခိုင်ပြည်နယ်အတွင်း စစ်တွေ၊ ကျောက်တော်၊ မြေပုံ၊ ပေါက်တော၊ မာန်အောင်နှင့် မြောက်ဦးမြို့နယ်တို့တွင် လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၆ နေရာဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ်တွင် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် ပါတီ ၂၀ မှ ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများ အပါအဝင် ကိုယ်စားလှယ် ၃၅၂ ဦးဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း သိရသည်။

**မင်းအောင်မြင့်၊ပန်လှအောင်**

# လက်နက်ကြီးကျည်ကျရောက်မှုကြောင့်ဒေသခံ ၂၀၀ ကျော်ဘုန်းကြီးကျောင်းတွင်ခိုလှုံနေရ

**မူဆယ်၊ စက်တင်ဘာ ၂၈**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင်၊ မူဆယ်မြို့နယ်အတွင်းရှိ ကောင်းဝှက်ကျေးရွာအတွင်းသို့ စက်တင်ဘာ ၂၂ ရက် ညနေ ၅ နာရီကျော်တွင် ကျရောက်ခဲ့သည့် လက်နက်ကြီးကျည်များကြောင့် နေအိမ်များပျက်စီးသွားခဲ့ပြီး ရွာသား ၂၀၀ ကျော်မှာ ဘုန်းကြီးကျောင်းတွင် ခိုလှုံနေရကြောင်း သိရှိရသည်။

''ကျွန်တော်တောင်ယာ သွားတယ်။ ထမင်းစားပြန်လာတော့ ဒီလိုဖြစ်နေပါပြီ။ အိမ်ကပျက်သွားပြီ။ အဝတ်ဗီရိုတွေလည်း ပျက်သွားတယ်။ အိမ်ဘေးနားက တရုတ်အိမ်မှာတော့ တရုတ်ငွေ (ယွမ်) ငါးသောင်းငါးရာရယ် ဗမာငွေ တစ်ဆယ့် ငါးသိန်း ပါသွားတယ်လို့ပြောတယ်'' ဟု ကောင်းဝှက်ရွာမှ ပလောင်တိုင်းရင်းသား မိုင်းအိုက်မောင်းက ပြောသည်။

လက်နက်ကြီးကျည်များ ကျရောက်ခဲ့ခြင်းကြောင့် ရွာရှိနေအိမ်ဆယ်လုံး ပျက်စီးသွားခဲ့ပြီး ဘုန်းကြီးကျောင်းမှ သိမ်၊ ဇရပ်၊ စောင်းတန်း၊ ကျောင်းစာသင်ဆောင်နှင့် ကျောင်းခန်းတို့ပျက်စီးသွားခဲ့ကာ တန်ဖိုးငွေကျပ် သိန်းတစ်ရာ ဝန်းကျင်ဆုံးရှုံးခဲ့ရကြောင်း ဒေသခံများက ဆိုသည်။

''ဒါမျိုးတွေဖြစ်တာတော့ မကောင်းဘူးပေါ့။ ဒီမှာတရားစခန်းဝင်နေတဲ့ သူတွေလည်း ကြောက်လန့်နေကြရတယ်။ ရွာသားတွေပဲ ဒုက္ခရောက်ကြရတာပေါ့'' ဟု ကောင်းဝှက်ဘုန်းကြီးကျောင်းမှ ဆရာတော် ဦးကုမာရက မိန့်သည်။

အဆိုပါ လက်နက်ကြီးကျည်များ ကျရောက်ခဲ့ခြင်းကြောင့် ပျက်စီးမှုများကို ပြန်လည်ပြုပြင်ရန်နှင့် ဒေသခံများကို ထောက်ပံ့ကူညီမှုများ ပြုလုပ်နိုင်ရန်အတွက် ဆောင်ရွက်နေကြောင်း မူဆယ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက ဆိုသည်။

လက်နက်ကြီးကျည်များ ကျရောက်ခဲ့ခြင်းကြောင့် စာသင်ကျောင်းများ ပိတ်ထားရပြီး ရွာသားများမှာလည်း တောင်ယာလုပ်ငန်းများကို ဆက်လက် မလုပ်ကိုင်တော့ဘဲ ကောင်းဝှက်ဘုန်းကြီးကျောင်းတွင် ခိုလှုံနေကြရကြောင်း သိရသည်။

**နောင်**



# တရုတ်ဆိုင်ကယ်များရခိုင်တွင် အမြင့်ဈေးဖြင့်အရောင်းသွက်

**ကျောက်ဖြူ၊စက်တင်ဘာ ၂၈**

ရခိုင်ပြည်နယ် ဆိုင်ကယ်ဈေးကွက်တွင် ဈေးနှုန်းချိုသာပြီးလူကြိုက်များသည့် တရုတ်နိုင်ငံထုတ် ဆိုင်ကယ်များမှာ မူလ ပေါက်ဈေးထက် တစ်စီးလျှင် ကျပ်(၇၀၀၀၀) နှင့် အထက်ဈေးနှုန်းမြင့်တက်ရောင်းချမှုများ ရှိသော်လည်း အရောင်းအဝယ်ကောင်းနေဆဲဖြစ်ကြောင်း ဆိုင်ကယ်အရောင်းဆိုင်များမှ သိရှိရသည်။

''ဒေါ်လာဈေးတက်မှု၊ တရုတ်ယွမ်ငွေဈေးကွက် ကျဆင်းမှုနဲ့ မြန်မာငွေတန်ဖိုးကျဆင်းမှုတို့ကြောင့် အရင်လိုဝယ်တဲ့ ဈေးနဲ့ဝယ်လို့မရတော့ဘူး။ တစ်စီးနှုန်းကို မြန်မာငွေကျပ်၃၀၀၀၀၀နဲ့အထက်ထိ ဈေးပေးပြီး ဝယ်ရတယ်။ ဒါကြောင့် ရောင်းတဲ့ခါလည်း သယ်ယူမှုစရိတ် စက နဲ့ဆို တစ်စီးကို ကျပ် ၁၀၀၀၀၀နီးပါး အထိတင်ရောင်း ရတာပေါ့။ မူဆယ်နယ်စပ်တရုတ်ကတစ်ဆင့် သယ်ယူရတာ။ တစ်စီးကို လမ်းခရီးအကောက်ခွန်နဲ့ သယ်ယူမှု သီးသန့် ၁၀၀၀၀၀ ဝန်းကျင်လောက်အထိ ကုန်ကျမှုရှိတယ်။'' ဟု စစ်တွေမြို့ လမ်းမကြီး ဆိုင်ကယ် အရောင်းဆိုင်မှ ဦးမြင့်ထွန်းက ပြောသည်။

တရုတ်နိုင်ငံထုတ် ၁၂၅၊ ၁၁၀ ဆိုင်ကယ်အမျိုး အစား၁၀ မျိုးခန့်မှာ မူလဈေး ကျပ် ၄ သိန်းခွဲမှ ကျပ် ၆ သိန်းထိရှိခဲ့ပြီး ဇူလိုင်လအတွင်းမှစတင် ဈေးမြင့်တက်လာခြင်းဖြစ်ရာ စက်တင်ဘာလ နောက်ဆုံးပတ်တွင် တစ်စီးလျှင် ကျပ်၇သောင်းမှ ကျပ် ၁ သိန်း ဝန်းကျင်ထိ ဈေးမြင့်တက်သွားကြောင်း ကျောက်ဖြူမြို့ ဆိုင်ကယ်နန်းတော်အရောင်းဆိုင်မှ သိရသည်။

''အရင်ကတော့ တစ်နေ့မှာ အစီးရေ ၄၊ ၅ စီးဝန်းကျင်လောက်ပဲ အရောင်းထွက်တယ်။ ၄လ ဆိုင်းအရစ်ကျစနစ်နဲ့ ရောင်းချလာလို့ အခုအချိန်မှာဆို ၁၀ စီးနဲ့အထက်ထိ အရောင်းထွက် တတ်ပါတယ်။ ဒါပေမယ့် ယိုးဒယားဘီးတွေက ဈေးကြီးလို့သိပ်ပြီးအရောင်းမထွက်ဘူး။'' ဟု ကျောက်ဖြူမြို့ သန်းမြင့်ဆိုင်ကယ်အရောင်းဆိုင်မှ ဦးသန်းမြင့်ကပြောသည်။

ရခိုင်ပြည်နယ်ဆိုင်ကယ်ဈေးကွက်တွင် တရုတ်နှင့်ယိုးဒယားဘီးနှစ်မျိုးသာ ဈေးကွက်တင် ရောင်းချမှုများရှိပြီး တရုတ်ဘီးများမှာပစ္စည်းညံ့သော်လည်း ဈေးချိုမှုကြောင့် လူကြိုက်များပြီး စစ်တွေဈေးကွက်တွင် တစ်ရက်လျှင် အစီးရေ ၂၀ နှင့်အထက် အရောင်းထွက်ပြီး ကျောက်ဖြူဈေးကွက်တွင်လည်း ၁၀ စီးမှ ၁၅စီးထိ အရောင်းထွက်ကြောင်း ဆိုင်ကယ်အရောင်းဆိုင်များမှ သိရသည်။

# ပြည်ပမှကြက်သားပေါက်များဝယ်ယူရန်ကြက်မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တိုက်တွန်း



**ရန်ကုန်၊ စက်တင်ဘာ ၂၇**

ပြည်ပမှအရည်အသွေး ပြည့်မီသည့် ကြက်သားပေါက်များဝယ်ယူရန် လိုအပ်ကြောင်း မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် အသားတိုးကြက်မွေးမြူရောင်းချသူများအသင်း တို့ပူးပေါင်းပြုလုပ်သည့် စက်တင်ဘာ ၂၆ ရက် အလုပ်ရုံဆွေးနွေးပွဲမှ သိရသည်။

''လက်ရှိမွေးမြူနေတဲ့ ကြက်သားပေါက်တွေက ဝိတ်ထိန်းမညီဘူး။ ဒါကြောင့် ပြည်ပက ကြက်သားပေါက်တွေမှာယူပြီး လုပ်ငန်းရှင်တွေ ကြက်တွေရဲ့ ဝိတ်ထိန်းညီအောင် မွေးမြူဖို့လိုတယ်။ အသားတွေဝယ်ယူမယ်ဆိုရင် ဒီမှာထားဖို့ ကုန်လှောင်ရုံတွေ အနေအထားက အခက်ခဲရှိတယ်။ ဒါကြောင့် ပြည်ပကအရည်အသွေးပြည့်မီတဲ့ ကြက်သားပေါက်များဝယ်ယူမွေးမြူရန် လိုအပ်နေပါတယ်''ဟု အသားတိုးကြက်မွေးမြူရောင်းချသူများအသင်း ဒုတိယဥက္ကဋ္ဌ ဦးဟန်စိန်က ပြောသည်။

လက်ရှိမြန်မာနိုင်ငံတွင် လာရောက်ဖွင့်လှစ်ရောင်းချသည့် ကြက်ကြော်ဆိုင်များအတွက် ကြက်ရောင်းချရာတွင် ဝိတ်ထိန်းမညီမှုသည့်အတွက် အခက်အခဲများရှိနေခြင်းကြောင့် ပြည်ပမှ ကြက်သားပေါက်များ တင်သွင်းရောင်းချရန် လိုအပ်ကြောင်း သိရသည်။

ကြက်သားရောင်းချမှုဈေးကွက်တွင် ဝိတ်ထိန်းမညီမှုကြောင့် ရောင်းချရာတွင် ဈေးနှုန်းကွာခြားမှုဖြစ်ပေါ်စေပြီး အရှုံးခံရောင်းချရခြင်းများ ဖြစ်ပေါ်နေကြောင်းသိရသည်။

''ဒီမှာ ဖောက်တဲ့ကြက်တွေက နည်းပညာ အခက်အခဲကြောင့် ဝိတ်ထိန်းမညီဘူး။ ပြည်ပက ကြက်သားပေါက်တွေက ဖောက်လုပ်တည်းက ဝိတ်တွေက ညီတယ်။ ပြည်ပက ကြက်သားပေါက်တွေကို မွေးမယ်ဆိုရင် အသားလည်းနူးညံ့မယ်၊ မွေးရချိန်လည်းကြာမယ်။ အစာကျွေးရတာလည်းပိုများမယ်။ ဒါပေမယ့် ဈေးကွက်ထဲမှာတော့ ရောင်းတန်းဝင်နိုင်ပါတယ်''ဟု ကြက်မွေးမြူရေးလုပ်ငန်းရှင် ဦးထွန်းထွန်းဦးကပြောသည်။

မြန်မာနိုင်ငံအသားစားကြက်မွေးမြူထုတ်လုပ်မှုလက်ရှိအခြေအနေတွင် ထုတ်လုပ်မှုစရိတ်နှင့် စားသုံးသူစရိတ်ဈေးနှုန်းကွာဟမှုများ၊ ထုတ်လုပ်မှုစရိတ်လျှော့ချရန်နှင့် အသားအရည်အသွေးမြင့်မားရန် ခေတ်မီနည်းစနစ်ဖြင့် မွေးမြူခြင်း၊ ကြက်အရှင်ဈေးကွက်မှ အသားပြုပြင်ထုတ်လုပ်မှုစနစ်စသည်တို့ကို ဆွေးနွေးခဲ့ကြောင်းသိရသည်။

**ထက်ထက်**

2.10.2015, / Vol-1, No-19

The Reporter NEWS JOURNAL



# ဒေမီယန်လူးဝစ္စ ဂျိမ်းစ်ဘွန်းမင်းသားသစ်ဖြစ်လာမှာလား

ဒေမီယံလူးဝစ္စက ဒင်နီယယ်ခရိတ် နေရာမှာ အစားထိုးဝင်ရောက် ပြီးကမ္ဘာကျော် ဗြိတိန်စပိုင်အဖြစ် သရုပ်ဆောင်ဖို့ စာချုပ်ချုပ်ဆိုဖွယ်ရှိတယ်ဆိုတဲ့ ကောလာဟာလတွေ ကြောင့် ဒေမီယန်လူးဝစ္စအနေနဲ့ ဂျိမ်းစ် ဘွန်းအသစ် ဖြစ်လာနိုင်ခြေတွေ ရှိနေပါတယ်။

မင်းသားဒန်နီရယ်ခရိတ် ဂျိမ်းစ်ဘွန်းရုပ်ရှင်ဇာတ်လမ်းတွဲတွေကနေထွက်ခွာသွားတဲ့အခါမှာ ဘွန်းအသစ် အဖြစ်နဲ့ သရုပ်ဆောင်မယ့်သူဟာ လူးဝစ္စဖြစ်လိမ့်မယ်လို့ သတင်းရင်းမြစ်တစ်ခုက ပြောဆိုခဲ့ပြီးဂျိမ်းစ်ဘွန်းရုပ်ရှင်ထုတ်လုပ်သူတွေကလည်း Homeland ဇာတ်လမ်းတွဲသရုပ်ဆောင်ဟာ ဂျိမ်းစ်ဘွန်းအသစ်အတွက် သင့်တော်တဲ့သူဖြစ်တယ်ဆိုတာ ယုံကြည်လက်ခံနေတယ်လို့ ထပ်လောင်းပြောဆိုခဲ့တဲ့အကြောင်း ဗြိတိန်ကြေးမုံ သတင်းစာကရေးသား ဖော်ပြချက်အရ သိရှိရပါတယ်။

လူးဝစ္စဟာ ဂျိမ်းစ်ဘွန်းနေရာအတွက် ပြီးပြည့်စုံမှုရှိတဲ့ နိုင်ငံတကာအောင်မြင်မှုနဲ့ သရုပ်ဆောင်ကြယ်ပွင့် တစ်ယောက်ဖြစ်ပြီး ပြောဆိုဆက်ဆံရေးချောင်ပြေပြစ်သလိုခေတ်မီတဲ့သူတစ်ယောက်ဖြစ်တယ်လို့ သတင်းရင်းမြစ်က ထပ်လောင်းပြောဆိုခဲ့ပါတယ်။

Luther ဇာတ်လမ်းတွဲကခေါင်းဆောင်မင်းသား Idris Elba ဟာ ခရိတ်ရဲ့ ဆက်ခံသူဖြစ်လာနိုင်ပြီး ပထမဦးဆုံး လူမည်းဂျိမ်းစ်ဘွန်းဖြစ်လာနိုင်တယ်ဆိုတဲ့ ကောလာဟာလ တွေလည်းရှိနေပါတယ်။

လက်ရှိဂျိမ်းစ်ဘွန်းမင်းသား ခရိတ်ကတော့ ဂျိမ်းစ်ဘွန်းအဖြစ် နောက်တစ်ကြိမ်သရုပ်ဆောင်ချင်ဦးမလားလို့ မေးမြန်းခဲ့တဲ့အခါမှာဂျိမ်းစ်ဘွန်းနေရာက နုတ်ထွက်ဖို့ အဆင်သင့်ဖြစ်နေပြီဆိုတဲ့အကြောင်း အရိပ်အမြွက်ပြောဆိုခဲ့ပါတယ်။

ငါးလေး

# မိခင်တစ်ယောက်ဖြစ်ရတာမလွယ်ဘူးလို့ပြောလာတဲ့ ရှာကီရာ

သားနှစ်ယောက်မွေးဖွားပိုင်ဆိုင်ထားပြီဖြစ်တဲ့ အဆိုတော်ရှာကီရာက မိခင်တစ်ယောက်ဖြစ်ရတာဟာ မလွယ်ကူဘူးလို့ ပြောဆိုခဲ့ပါတယ်။ အမေတစ်ယောက်လုပ်ရတာဟာဘဝမှာ လုပ်ဖူးသမျှအရာအားလုံးထဲမှာ အခက်ခဲဆုံးအရာပဲဖြစ်တယ်လို့ ရှာကီရာက ပြောဆိုခဲ့ပါတယ်။

မိခင်ဘဝရဲ့ အစောပိုင်းကာလစိန်ခေါ်မှုတွေအကြောင်း အဓိကအာရုံစိုက်ပြီး တင်ဆက်ပြသတဲ့ Happy Factor အစီအစဉ်မှာ ရှာကီရာက သူမဟာ အချိန်ပြည့် အင်တာနက်ပေါ်မှာ မိခင်ဘဝနဲ့ တာဝန်တွေအကြောင်း စာဖတ်သုတေသနလုပ်ပြီး သတင်းအချက်အလက်နဲ့ အကူအညီကိုရှာဖွေနေတယ်လို့ ဖွင့်ဟပြောဆိုခဲ့ပါတယ်။

"ကျွန်မက စာတွေဖတ်၊ သုတေသနတွေလုပ်ပြီး အင်တာနက်ပေါ်မှာသတင်းအချက်အလက်နဲ့ အကူအညီရှာဖွေနေတဲ့ မိခင်တွေထဲကတစ်ယောက်ပါပဲ။ မိခင်တစ်ယောက်ဖြစ်ရတာ မလွယ်ပါဘူး"လို့ အမေရိကန်နိုင်ငံ နယူးယောခ်မြို့မှာ ပြုလုပ်တဲ့ Fisher Price ရဲ့ Happy Factor Panel မှာ အဆိုတော်က ပြောဆိုခဲ့တာပါ။ ဒါ့အပြင် WakaWaka သီချင်းအဆိုရှင်က သူမဟာကမ္ဘာ့ခေါင်းဆောင်တွေနဲ့လည်း တွေ့ဆုံဖူးသလို စိန်ခေါ်မှုအများဆုံးဆိုတဲ့ စင်မြင့်တွေပေါ်မှာလည်း ဖျော်ဖြေခဲ့ဖူးပေမယ့် ဘယ်အရာကမှ မိခင်တစ်ယောက်လုပ်ရတာလောက်စိတ်မလှုံ့မလဲမဖြစ်စေဘဲ မိခင်တစ်ယောက် ဘဝဟာ သူမရဲ့ဘဝမှာလုပ်ခဲ့ဖူးသမျှ အခက်ခဲဆုံးတွေထဲကတစ်ခုပဲဖြစ်တယ်လို့ ပြောဆိုခဲ့ပါသေးတယ်။



SHAKIRA
INTERNATIONAL
ENTERTAINMENT



# ၁၂ နှစ်ကြာပြီးမှ ရုပ်ရှင်ကားကြီးပြန်ရိုက်ဖို့ စဉ်းစားနေတဲ့ ကင်ဟီးဆွန်း

မင်းသမီးကင်ဟီးဆွန်းဟာ ၁၂ နှစ်ကြာပြီးတဲ့ နောက်မှာတော့ ငွေရောင်ပိတ်ကားကြီးပေါ်ကို ပြန်ရောက်လာတော့မှာ ဖြစ်ပါတယ်။

ရုပ်ရှင်လောကအတွင်း လူတစ်ဦးရဲ့ အဆိုအရ မကြာသေးခင်ကမှ ကင်ဟီးဆွန်းကို Everyday With You (ယာယီအမည်) ဆိုတဲ့ ရုပ်ရှင်ကားမှာ ဝင်ရောက်သရုပ်ဆောင်ဖို့ ချဉ်းကပ်ခဲ့တယ်လို့ဆိုပါတယ်။ ဒီရုပ်ရှင်ကားဟာ ဒါရိုက်တာ Kim Jang Hee ရဲ့ ပထမဦးဆုံးရုပ်ရှင်ကားကြီးဖြစ်ပါတယ်။ ဒါရိုက်တာ ကင်ဂျန်ဟီးဟာ Lump of Sugar နဲ့ Champ အစရှိတဲ့ ဗီဒီယိုဇာတ်ကားတွေ ထုတ်လုပ်မှုမှာအတွေ့အကြုံအများကြီးရှိခဲ့သူ ဖြစ်ပါတယ်။ Everyday With You ရုပ်ရှင်ဇာတ်ကားဟာ နေ့စဉ်အထူးအခမ်းအနားပွဲတွေကို စီစဉ်ရတဲ့အမျိုးသမီးတစ်ယောက်နဲ့ နံဘေးနားကနေ တိုးတိုးတိတ်တိတ် ကူညီပေးနေတဲ့ ခင်ပွန်းသည်တစ်ဦးရဲ့ အကြောင်းပဲဖြစ်ပါတယ်။

တကယ်လို့သာ ဒီကမ်းလှမ်းမှုကိုလက်ခံလိုက်မယ်ဆိုရင်တော့ ဒါဟာ Shin Ha Kyun နဲ့အတူ Man Who Went To Mars ရုပ်ရှင်ကားကိုနောက်ဆုံးသရုပ်ဆောင်ခဲ့တဲ့ ကင်ဟီးဆွန်းအတွက် ၁၂ ကြာပြီးနောက် ပထမဦးဆုံး ရုပ်ရှင်ကားဖြစ်လာမှာပါ။

MBC ရုပ်သံက ရိုက်ကူးထုတ်လွှင့်ပြသတဲ့ Angry Mom ဇာတ်လမ်းတွဲ ပြီးဆုံးချိန်ကတည်းက ကင်ဟီးဆွန်းကို ရုပ်ရှင်ဇာတ်ညွှန်းပေါင်းများစွာနဲ့ ဇာတ်လမ်းတွဲတွေကချဉ်းကပ်ခဲ့ပြီး ကင်ဟီးဆွန်းကတော့ Everyday With You ကိုဦးစားပေးစဉ်းစားနေတယ်လို့ ဆိုပါတယ်။

EverydayWith You အဖွဲ့သား တွေကတော့ သူတို့ရဲ့ အဓိကအမျိုးသား၊ အမျိုးသမီးသရုပ်ဆောင်ရွေးချယ်မှုကို မကြာခင်မှာအပြီးသတ်ပြီး လာမယ့်နှစ်မှာ ရိုက်ကူးဖို့ရည်ရွယ်ထားပါတယ်။



# အသက် ၁၀၅ နှစ်ရှိ ဂျပန်အဘိုးအို အသက်အကြီးဆုံးတာတိုစံချိန်သစ်တင်




ဂျပန်နိုင်ငံမှ အသက်ရာကျော် အဘိုးအိုဟီဒဲကီချီမီယာဇာကီသည် အသက် ၁၀၅ နှစ်ပြည့်ပြီးတစ်ရက် အကြာ ယခုသတင်းပတ်အတွင်း ကမ္ဘာ့အသက်အကြီးဆုံးတာတို အပြေးပြိုင်သမားအဖြစ် တာတိုစံချိန်သစ်တစ်ခုကို စိုက်ထူနိုင်ခဲ့သည်။ သို့သော်လည်းအဘိုးအိုက ၎င်း၏ အကောင်းဆုံးကိုယ်ပိုင်စံချိန်ကို မမီခဲ့သဖြင့် စိတ်ပျက်မိသည်ဟုပြောဆိုခဲ့သည်။

အနီရောင်တောက်တောက် တီရှပ်ကို ဝတ်ဆင်ကာ တာတိုပြေးနေသည့် အဘိုးအိုက ၎င်း၏စံချိန်ကို ၄၂.၂၂ စက္ကန့်ဖြင့် ပြေးနိုင်ခဲ့ပြီးနောက် ''ကျွန်တော်လေ့ကျင့်နေတုန်းက ၃၆ စက္ကန့်နဲ့ ရခဲ့တာကြောင့် စက္ကန့်အနည်းငယ်လောက် ပိုနည်းသွားစေချင်ခဲ့ပါတယ်'' ဟုပြောဆိုခဲ့သည်။

အဘိုးအိုသည် အသက် ၁၀၃ နှစ်တွင် ၎င်း၏ကိုယ်ပိုင်စံချိန် ၃၄.၁၀ စက္ကန့်ကိုတင်ထားခဲ့ပြီး ယခုတိုင် အသက်ရာကျော်များအတွက် အဆိုပါစံချိန်ကိုကျော်လွန်နိုင်သူမရှိသေးပေ။

စက်တင်ဘာလ ၂၂ ရက် ၁၉၁၀ ခုနှစ်တွင် မွေးဖွားခဲ့သူမီယာဇာကီသည် ပထမကမ္ဘာစစ်ပြီးဆုံးချိန်တွင် အသက် ၈ နှစ်ရှိနေပြီဖြစ်ပြီး ဒုတိယကမ္ဘာစစ်ဂျပန်စစ်ရှုံးနိမ့်ခဲ့ချိန်တွင် အသက် ၃၄ နှစ်ရှိပြီဖြစ်သည်။ အသက် ၉၀ မတိုင်မီအထိအပြေးအားကစားကို ပြုလုပ်ခဲ့ခြင်းမရှိပဲအသက် ၉၀ ကျော်လွန်လာသည့်အခါမှသာ ၎င်းနှင့် ဂျပန်ကဒ်ဘုတ် ကစားနည်း (G0)ကစားဖော်များ ကွယ်လွန်သွားချိန်မှ အပြေးအားကစားကိုစတင်ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်းကမ္ဘာ့ဂင်းနစ်စံချိန်များအရသိရှိရသည်။

ဂျမေကာအပြေးချန်ပီယံအူစိန်ဘော့၏ မိုးကြိုးသွားစတိုင်အောင်ပွဲခံပုံကို ပြုလုပ်လေ့ရှိသဖြင့် Golden Bolt ဟုနာမည်ကျော်ကြားသူအဘိုးအိုမီယာဇာကီကကမ္ဘာ့အမြန်ဆုံးလူသားအားစိန်ခေါ်နိုင်မည့် အခွင့်အရေးကိုတောင့်တမိကြောင်း ကမ္ဘာ့ဂင်းနစ်စံချိန်မှတ်တမ်းတွင် ဖော်ပြထားသည်။

အဘိုးအို၏အောင်မြင်မှုလျှို့ဝှက်ချက်ကို မေးမြန်းခဲ့သည့်အခါ အဘိုးအိုက နေ့စဉ်လေ့ကျင့်ခန်းပြုလုပ်ကာ၊ မျှတအောင်စားသောက်ပြီး အစာကို ကြေညက်အောင်ဝါးစားကြောင်း ပြောဆိုခဲ့သည်။

''ကျန်းမာရေးကောင်းလွန်းလို့ ဆရာဝန်တွေက အံ့အားသင့်ကြရတယ်'' ဟု အဘိုးအိုကသတင်းထောက် များကိုပြောဆိုခဲ့သည်။

ငါးလေး



# အချုပ်သားများနှင့်တွေ့ဆုံမည့် ရှေ့နေအမျိုးသမီးနှစ်ဦးကို အတွင်းခံဘရာစီယာများ ချွတ်ထားရန် ပြောဆိုခဲ့မှု ရဲတပ်ဖွဲ့မှူး တောင်းပန်

အချုပ်ကျခံနေရသည့် အမှုသည်များကို စကားပြောလိုပါက သတ္တုဖမ်းစက်မှ အချက်ပေးသံများ ထွက်ပေါ်မလာစေရန်အတွက် အတွင်းခံအင်္ကျီများ ချွတ်ထားခဲ့ရန် ပြောဆိုခံခဲ့ရသည့် အမျိုးသမီးရှေ့နေနှစ်ဦးကို ရဲအရာရှိတစ်ဦးကစက်တင်ဘာလ ၂၄ ရက်တွင် တောင်းပန်စကားပြောဆိုခဲ့သည်။

အမျိုးသမီးများဖြင့် စကားပြောဆိုခဲ့သည့် လက်အောက်ရဲအရာရှိများ၏ အပြုအမူအတွက် အပြည့်အဝတာဝန်ခံကြောင်း Cumberland ကောင်တီရဲ တပ်ဖွဲ့မှူး ကယ်ဗင်ဂျိုက်စ်ကပြောဆိုခဲ့သည်။ အမျိုးသမီးများက တောင်းပန်စကားကို လက်ခံရန် ငြင်းဆန်ခဲ့ကြပြီး ထွက်ခွာခဲ့ကြကြောင်း သိရှိရသည်။

ဂျိုက်စ်က၎င်းသည် ထိုကဲ့သို့အခြေအနေများအားမည်ကဲ့သို့ ကိုင်တွယ်ဖြေရှင်းရမည်ကို၎င်း၏လက်အောက်အရာရှိများအား ကောင်းမွန်စွာညွှန်ကြားပြသခဲ့ခြင်းမရှိကြောင်း ပြောဆိုခဲ့သည်။ နောက်နောင် လက်အောက်အရာရှိများအနေဖြင့် အလားတူအခြေအနေမျိုးကို သတ္တုဖမ်းကိရိယာများ အသုံးပြုကာဖြေရှင်းလိမ့်မည်ဖြစ်ကြောင်း ၎င်းကပြောဆိုခဲ့သည်။

''ကျွန်တော် ကိုယ်တိုင်ကိုယ်ကျ တောင်းပန်ပြီးပါပြီ။ ကျွန်တော့်မှာရောအဲ့ဒီအရာရှိတွေမှာပါ ဘယ်သူတစ်စုံတစ်ယောက်ကိုမှ အရှက်ရစေ လိုတဲ့သဘောမျိုး မရှိပါဘူးဟု ဂျိုက်ကပြောဆိုခဲ့သည်။

အချုပ်ခန်းအတွင်းသို့ တားမြစ်ကုန်စည်များခိုးသွင်းသည့် ဖြစ်နိုင်ချေများကလည်း စိုးရိမ်ရမှုတစ်ခုဖြစ်သဖြင့် အချုပ်ခန်းစောင့်များအနေဖြင့် လုံခြုံရေးစစ်ဆေးမှုကို အလွန်တင်းကြပ်စွာပြုလုပ်ခြင်းဖြစ်ကြောင်း ဂျိုက်က ပြောဆိုခဲ့သည်။

ရှေ့နေ ၂ ဦးထဲမှ တစ်ဦးဖြစ်သည့် Amy Fairfield က တောင်းပန်မှုကိုအသိအမှတ်ပြုသော်လည်းနဂိုကပင်မဖြစ်ပွားခဲ့လျှင် ပိုကောင်းမည်ဖြစ်ကြောင်းပြောဆိုခဲ့သည်။ ထို့အပြင် ယခုအကြောင်း လူအများသိသွားသဖြင့် အခြားအမျိုးသမီး ၂၀ ကျော်မှာလည်း သတ္တုဖမ်းစက်တွင် အချုပ်ခန်း တာဝန်ခံများ၏ မျှတမှုမရှိဆက်ဆံခြင်းကို ခံခဲ့ရသည်ဟုဖွင့်ဟပြောဆိုခဲ့ ကြောင်းပြောဆိုခဲ့သည်။

ငါးလေး

# အိပ်ယာခင်းကိုကြိုးကျစ်ထွက်ပြေးသည့်အကျဉ်းသား ကြိုးထုံးပြေပြီးပြုတ်ကျ

အမေရိကန်နိုင်ငံကန်တက္ကီပြည်နယ်လွီဗိုက်စ်ဗေးမြို့ အကျဉ်းထောင်မှ အကျဉ်းသားနှစ်ဦးသည် အိပ်ယာခင်းများကိုအသုံးပြုကာထောင်မှ လွတ်မြောက်သွားခြင်းတွင် ကြိုးထုံးကြိုးကျစ်နည်းကို အသုံးပြုခဲ့ခြင်းဖြစ်နိုင်ကြောင်းအာဏာပိုင်များကပြောဆိုခဲ့သည်။

စက်တင်ဘာလ ၂၀ ရက်တနင်္လာ ညကလုံခြုံရေးတင်းကြပ်မှုနည်းပါးသည့် အဆောက်အဦး တစ်ခု၏အမိုးပေါ်သို့ အကျဉ်းသား ၂ ဦး လွတ်မြောက်သွားခဲ့ပြီး ၄ ထပ်ခန့်မှ တွယ်ဆင်းရန် အိပ်ယာခင်းများဖြင့် ပြုလုပ်ထားသည့် ကြိုးတစ်ချောင်းကို အသုံးပြုခဲ့ကြောင်း အာဏာပိုင်များက ပြောဆိုခဲ့သည်။

Metro Corrections အကျဉ်းထောင်မှ ညွှန်ကြားရေးမှူး Mark Bolton က အသက် ၂၉ နှစ်ရှိ Matthew Johnson သည် ကြိုးထုံးတစ်ခုပြေချိန်တွင် တွယ်ဆင်းလျက်ပင်ရှိသေးပြီးပေ ၂၀ ခန့်အမြင့်မှပြုတ်ကျသွားကာ ထွက်ပြေးသွားကြောင်း ပြောဆိုခဲ့သည်။

အသက် ၃၇ နှစ်ရှိဒုတိယ အကျဉ်းသား Christopher Cornelius မှာမှုခုန်ချရန် မစွန့်စားခဲ့ပဲ အမိုးပေါ်တွင် တွေ့ရှိခဲ့ရသည်။

ဂျွန်ဆင်ကို အင်္ဂါနေ့မနက်ပိုင်း ကမီးပွိုင့်တစ်ခုတွင် ကားအတွင်းပုန်းအောင်နေသည်ကို တွေ့ရှိခဲ့ရပြီး ခြေကျင်းဝန်နှင့် ကျောဘက်တွင် ဒဏ်ရာများရရှိထားပြီး ပြန်လည်ခေါ်ဆောင်လာကာ ဆေးရုံတွင် ကုသပေးထားကြောင်း ဘော်လ်တန်ကပြောဆိုခဲ့သည်။




နှစ်ဦးလုံးမှာ မူးယစ်ဆေးဝါးမှုဖြင့် အကျဉ်းကျနေခြင်းဖြစ်သည်။

ငါးလေး

# လက်တစ်ချောင်းသာကျန်တော့သည့်ဂျပန်တောင်တက်သမား ဧဝရက်တောင်ထိပ်တက်ရောက်ရန် ကြိုးပမ်းမှု စွန့်လွှတ်

လက်ကိုးချောင်းဆုံးရှုံးထားသည့် ဂျပန်တောင်တက်သမား တစ်ဦးသည် နှင်းများအလွန်ကျနေခြင်းကြောင့် ဧဝရက်တောင်ကို တက်ရောက်ရန် ကြိုးပမ်းမှုအား အဆုံးသတ်ရန် စက်တင်ဘာလ ၂၇ ရက်က ဆုံးဖြတ်လိုက်သည်။

အသက် ၃၃ နှစ်ရှိ နိဘူကာဇူကူရီကီသည် ကမ္ဘာ့အမြင့်ဆုံးတောင်ထွတ်ပေါ်သို့ တက်ရောက်ရန် ပဥ္စမအကြိမ်ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။ တနင်္ဂနွေနေ့က ကူရီကီသည် ၎င်း၏ ယခင်ကြိုးပမ်းမှုများ အတိုင်းပင် လေထုပါးလွှာလွန်းကာ ရာသီဥတုအခြေအနေအလွန်ဆိုးဝါးခြင်းကြောင့် နောက်ဆုံးကြိုးပမ်းအားထုတ်မှုပြုလုပ်ရပြီး အသက်ပင်သေဆုံးနိုင်သည့် သေမင်းနယ်မြေ (Death Zone) အောက်နားရှိ South Col သို့အရောက်တွင် ရပ်တန့်ခဲ့ရသည်။

''ကျွန်တော်ခွန်အားတွေ အကုန်ထုတ်ပြီး အစွမ်းကုန်ကြိုးစားခဲ့ပါတယ်။ ဒါပမေယ့် နှင်းထုအထူကြီးထဲမှာသွားလာဖို့ အချိန်အများကြီးယူနေခဲ့ရပါတယ်'' ဟု ၎င်း၏ ဖေ့စ်ဘုတ်စာမျက်နှာတွင် ရေးသားခဲ့သည်။ ''ငါဆက်သွားရင် ငါအသက်ရှင်လျက်နဲ့ ပြန်လာနိုင်တော့မှာမဟုတ်ဘူးဆိုတာနားလည်သွားပြီးအောက်ပြန်ဆင်းဖို့ ဆုံးဖြတ်ခဲ့ပါတယ်'' ဟု ၎င်းက ရေးသားခဲ့သည်။

ကူရီကီသည် ၂၀၁၂ ခုနှစ်က ဧဝရက်တောင်ကို တက်ရောက်ကြိုးစားခဲ့မှုတစ်ခုအတွင်း ၎င်း၏လက် ၉ ချောင်းကို နှင်းကိုက်ခြင်းကြောင့် ဆုံးရှုံးခဲ့ရခြင်းဖြစ်သည်။ ယခုနှစ်တွင် လွန်ခဲ့သည့် ဧပြီလအတွင်းနီပေါ၌ ငလျင်လှုပ်ခတ်ပြီး ချိန်မှစတင်ကာ ကူရီကီသည်ဧဝရက်တောင်ထိပ်သို့ တက်ရောက်ရန်ပထမဦးဆုံးကြိုးပမ်းသူဖြစ်သည်။

နီပေါငလျင်ကြောင့် လူပေါင်း ၈,၉၀၀ ကျော် သေဆုံးခဲ့ပြီးတောင်ခြေစခန်းတွင် နှင်းခဲပြိုကျခြင်းများဖြစ်ပေါ်ခဲ့ကာလူ ၁၈ ဦးထပ်မံသေဆုံးခဲ့ရပြီး နွေဦးတောင်တက်ရာသီကိုရုတ်ချည်းအဆုံးသတ်သွားစေခဲ့သည်။

ကူရီကီသည် ဧဝရက်တောင်ထိပ်သို့ တစ်ဦးတည်းတက်ရောက်ရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။ အောက်စီဂျင်များယူဆောင်မသွားပဲ တောင်တက်ခြင်းသည် အလွန်အန္တရာယ်များကာ ခက်ခဲကြောင်း ကျွမ်းကျင်သူများကပြောဆိုခဲ့သည်။ ထို့အပြင် ဆောင်းတွင်း၌ ဧဝရက်တောင်ထိပ်သို့ တက်ရောက်ရန် ကြိုးပမ်းခြင်းသည် လေပြင်းများ တိုက်ခြင်း၊ အပူချိန်နိမ့်ကျခြင်းတို့ကြောင့် သာမန်နွေဦးတောင်တက်ရာသီတွင် တက်ရောက်ခြင်းထက် အန္တရာယ်ပိုများသည်။ လွန်ခဲ့သည့် ၁၅ နှစ်အတွင်း ဧဝရက်တောင်ထိပ်သို့ ဆောင်းဦးကျရာသီတွင် အောင်မြင်စွာတက်ရောက်နိုင်ခဲ့မှု ၃ ကြိမ်ရှိခဲ့သည်။

ပေပေါင်း ၂၉,၀၂၉ မြင့်သည့် ဧဝရက်တောင်သည် ကမ္ဘာပေါ်တွင် အမြင့်ဆုံးထောင်ထွဋ်ဖြစ်ပြီး၁၉၅၃ ခုနှစ် မေလ ၂၉ ရက် လွန်ခဲ့သော ၆၂ နှစ်ကနယူးဇီလန်နိုင်ငံသား Edmund Hillary ESifh Tenzing Norgay တို့က ပထမဦးဆုံးအကြိမ် အောင်မြင်စွာ တက်ရောက်နိုင်ခဲ့သည်။

ငါးလေး

# ဆီးရီးယားရှိ IS အဖွဲ့ကို ပြင်သစ်က ပထမဆုံးအကြိမ် လေကြောင်းတိုက်ခိုက်



ပြင်သစ်နိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသတွင်းအကြမ်းဖက်အဖွဲ့၏ကြီးထွားလာမှုကိုအဟန့်အတားဖြစ်စေရန်နှင့် နိုင်ငံတွင်းလုံခြုံရေးကိုသေချာစေရန်အတွက်ဆီရီးယားရဲ့ IS ပစ်မှတ်များကိုပထမဦးဆုံးအကြိမ်လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း ပြင်သစ်သမ္မတ အိမ်တော်က စက်တင်ဘာလ ၂၇ ရက် တနင်္ဂနွေနေ့တွင် ပြောဆိုခဲ့သည်။

¨ကျွန်တော်တို့ နိုင်ငံက IS အဖွဲ့က ပြုလုပ်လာတဲ့ အကြမ်းဖက်ခြိမ်းခြောက်မှုတွေကိုဆန့်ကျင်တိုက်ခိုက်ဖို့သန္နိဋ္ဌာန်အခိုင်အမာချထားတယ်ဆိုတာကို အတည်ပြုလိုက်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ လုံခြုံရေး အန္တရာယ်ရှိလာတိုင်းမှာတိုက်ခိုက်မှုတွေ ပြုလုပ်သွားမှာပါ¨ ဟု ပြင်သစ်သမ္မတနန်းတော် Elysee က ထုတ်ပြန်သည့် ကြေညာချက်တစ်စောင်တွင် ပြောဆိုထားသည်။

ယခုလအစောပိုင်းက ပြင်သစ်နိုင်ငံသည် IS အဖွဲ့တည်နေရာနှင့် ပစ်မှတ်များ၏ သတင်းအချက်အလက်များကိုစုဆောင်းရန်အတွက် ဆီးရီးယားနိုင်ငံအတွင်းကင်းထောက်ပျံသန်းမှုများကိုစတင်ပြုလုပ်ခဲ့သည်။

ဆီးရီးယားအစိုးရကို အပြင်းအထန်ဝေဖန်ခဲ့သည့် ပြင်သစ်နိုင်ငံသည် အစောပိုင်းကဆီးရီးယားသမ္မတဘာရှာအယ်လ်အာဆက်အကျိုးအမြတ်ဖြစ်ထွန်းမည်ကိုစိုးရိမ်ကာပဋိပက္ခများ ဖြစ်ပွားနေသည့် အာရပ်နိုင်ငံအတွင်းမည်သည့်စစ်ရေးစွက်ဖက်မှုကိုမဆို ပါဝင်ရန် ငြင်းဆန်ခဲ့သည်။

အီရတ်နိုင်ငံအတွင်းရှိလေကြောင်းတိုက်ခိုက်မှုများတွင်သာ ပါဝင်ခဲ့သည့် ပြင်သစ်နိုင်ငံကဆီးရီးယားအစိုးရနှင့် အစွန်းမရောက်သည့်အတိုက်အခံများပါဝင်ကာအာဆက်အလွန်ခေတ်အတွက် ပြင်ဆင်မည့်နိုင်ငံရေးအသွင်ကူးပြောင်းမှုတစ်ခုဖြင့် ဆီးရီးယားနိုင်ငံအတွင်း ပရမ်းပတာအဖြစ်အပျက်များကိုတုံ့ပြန်မှုပြုလုပ်ရန် တိုက်တွန်းပြောဆိုခဲ့သည်။

ငါးလေး



# လစ်ဗျားစစ်တပ် ဘန်ဂါဇီမြို့ကို ဝင်ရောက်တိုက်ခိုက်ရာ IS စစ်သွေးကြွ ၇ ဦးသေဆုံး ၉ ဦးဖမ်းဆီးရမိ

စက်တင်ဘာလ ၂၇ ရက် တနင်္ဂနွေနေ့ကလေတပ်နှင့် အမြောက်တပ်တို့၏ပစ်ကူးများဖြင့် လစ်ဗျားစစ်တပ်သည် အရှေ့ပိုင်းဘန်ဂါဇီမြို့တွင် IS စစ်သွေးကြွ ၉ ဦးဖမ်းဆီးရမိကာ ၇ ဦးကိုသုတ်သင်နိုင်ခဲ့ကြောင်း စစ်ဘက်သတင်းရင်းမြစ်တစ်ခုအရသိရှိရသည်။

ဗိုလ်ချုပ်ကြီးခါလီဖာဟက်ဖ်တာကဘန်ဂါဇီမြို့တွင် အမြောက်တပ်၊ လေတပ်များအပါအဝင် အင်အားပြည့်စစ်ဆင်ရေးတစ်ခုပြုလုပ်ရန် စက်တင်ဘာလ ၂၆ ရက် စနေနေ့က တိုက်ရိုက်အမိန့်ပေးခဲ့ကြောင်းနှင့် လစ်ဗျားစစ်တပ်သည် အယ်ဆာဘရီဒေသအထိချီတက်နိုင်ခဲ့ကြောင်းလစ်ဗျားပြန်ကြားရေးဝန်ကြီးရုံးအကြီးအကဲခါလီဖာအယ်လ်အိုဘာအီဒီက ဆင်ဟွာသတင်းဌာနသို့ ပြောဆိုခဲ့သည်။

¨ခြေလျင်တပ်က အယ်လ်ဆာဘရီ ဒေသက အယ်လ်နီရန်ဟိုတယ်ကို ထိုးဖောက်ဝင်ရောက်ခဲ့တာမှာ IS နဲ့ဆက်နွယ်နေတဲ့ လက်နက်ကိုင်စစ်သွေးကြွ ၇ ဦးကိုသုတ်သင်နိုင်ခဲ့ပြီး နိုင်ငံခြားသား ၃ ဦးအပါအဝင် အခြား ၉ ဦးကိုဖမ်းဆီးရမိခဲ့ပါတယ်¨ ဟု အယ်လ်အိုဘာအီဒီကပြောဆိုခဲ့သည်။

ဗိုလ်ချုပ်ကြီး ခါလီဖာဟက်ဖ်တာကီသသာ အမည်ရ စစ်ဘက်စစ်ဆင်ရေးစတင်ကြောင်းလွန်ခဲ့သောသတင်းပတ်ကကြေညာခဲ့သည်။ လစ်ဗျားနိုင်ငံအတွင်းရှိအကြမ်းဖက်အဖွဲ့များကိုတိုက်ခိုက်ရန် ပြုလုပ်ခဲ့ပြီး ၂၀၁၄ ခုနှစ် မေလကစတင်ခဲ့သည့် Dignity စစ်ဆင်ရေး၏ နောက်ဆုံးအဆင့်ဖြစ်ကြောင်း ဗိုလ်ချုပ်ကြီး ဟက်ဖ်တာက ပြောဆိုခဲ့သည်။

လစ်ဗျားခေါင်းဆောင်ဟောင်း မွမ်မာဂဒါဖီ ၂၀၁၁ ခုနှစ်တွင် ရာထူးမှ ဖယ်ရှားခံခဲ့ရပြီးဆူပူအုံကြွမှုများ မွေးဖွားလာရာပင်မဇာတိဖြစ်သည့် ဘန်ဂါဇီမြို့အတွင်းအစွန်းရောက်လက်နက်ကိုင်စစ်သွေးကြွများနှင့် အငြိမ်းစားဗိုလ်ချုပ်ကြီး ခါလီဖာဟက်ဖ်တာ ဦးဆောင်သည့် လစ်ဗျားစစ်တပ်တို့တိုက်ပွဲများ ဆင်နွှဲနေသည်မှာ တစ်နှစ်ကျော်ကြာ မြင့်ခဲ့ပြီဖြစ်သည်။

လစ်ဗျားနိုင်ငံသည် ခေါင်းဆောင်ဟောင်း ဂဒါဖီရာထူးမှ ဖယ်ရှားခံခဲ့ရသည့် ၂၀၁၁ ခုနှစ်မှ စတင်ကာပရမ်းပတာနှင့် မလုံခြုံသည့် အခြေအနေတစ်ခုသို့ လျှောကျသွားခဲ့ပြီး ထိုအချိန်မှစတင်ကာ မြောက်အာဖရိကနိုင်ငံဖြစ်သည့် လစ်ဗျားသည် ရင်ဆိုင်တိုက်ပွဲများ၊ အကြမ်းဖက်မှုများဖြင့် မငြိမ်မသက်ဖြစ်နေခဲ့သည်။

ငါးလေး

# ဆီးရီးယားပဋိပက္ခဖြေရှင်းရန် ရုရှားက ဒေသတွင်းပူးပေါင်းလိုဟုဆို

ရုရှားသမ္မတ ဗလာဒီမာပူတင်က IS အဖွဲ့အားတိုက်ခိုက်ရန်အတွက် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုတစ်ခုပြုလုပ်ရန် ပြောဆိုခဲ့သည်။

မစ္စတာပူတင်က အနောက်နိုင်ငံများနှင့် ဆီးရီးယားအတိုက်အခံများကဖယ်ရှားပစ်လိုသည့် ဆီးရီးယားသမ္မတ ဘာရှာအယ်လ်အာဆက်အား ၎င်း၏အားပေးထောက်ခံမှုကို ထပ်မံပြောကြားခဲ့သည်။

စက်တင်ဘာလ ၂၈ ရက် တနင်္လာနေ့တွင် မစ္စတာပူတင်သည် အမေရိကန် သမ္မတဘားရက်အိုဘားမားနှင့် အဆိုပါ ကိစ္စကိုဆွေးနွေးမည်ဖြစ်သည်။



အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗရော့တို့ ဆီးရီးယားပဋိပက္ခအတွက် တွေ့ဆုံဆွေးနွေးခဲ့ကြစဉ်

လွန်ခဲ့သော ၂၀၁၄ ခုနှစ်တွင် အရှေ့ယူကရိန်းရှိခရိုင်းမီးယားကျွန်းဆွယ်အားသိမ်းသွင်းနှင့် ခွဲထွက်ရေးသူပုန်များကိုထောက်ခံအားပေးမှုအတွက် ရုရှားနှင့် အနောက်နိုင်ငံများ၏ ဆက်ဆံရေးမှာတင်းမာနေခဲ့သည်။

အစောပိုင်းကဗြိတိန်ဝန်ကြီးချုပ်ကင်မရွန်း၊ အမေရိကန်သမ္မတအိုဘားမားနှင့် ပြင်သစ်သမ္မတဟော်လန်တို့က မည်သည့်ငြိမ်းချမ်းရေး သဘောတူညီမှုတွင်မဆိုဆီးရီးယားသမ္မတဘာရှာအယ်လ်အာဆက်ကို ရာထူးမှဖယ်ရှားပစ်ရန်တောင်းဆိုခဲ့ပြီး ရုရှားသမ္မတ ပူတင်ကမူ ၎င်းအဆိုကို ငြင်းဆန်ခဲ့သည်။

ဆီးရီးယားသမ္မတအာဆက်၏ ဒေသတွင်းအဓိကမဟာမိတ်တစ်ဦးဖြစ်သည့် အီရန်သမ္မတရူဟာနီကလည်း IS စစ်သွေးကြွများကို တိုက်ခိုက်အနိုင်ယူရန်အတွက် ဒမတ်စကတ် အစိုးရကို အင်အားချည့်နဲ့အောင်ပြုလုပ်၍မဖြစ်ကြောင်း ပြောဆိုခဲ့သည်။

အီရတ်နိုင်ငံကလည်း စက်တင်ဘာလ ၂၇ ရက် တနင်္ဂနွေနေ့တွင် ရုရှား၊ အီရန်နှင့် ဆီးရီးယားတို့သည် IS အားတိုက်ခိုက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် လုံခြုံရေးနှင့်ထောက်လှမ်းရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်တစ်ခုကို လက်မှတ်ရေးထိုးခဲ့ကြောင်း ကြေညာခဲ့သည်။

ငါးလေး

# ကမ္ဘာ့ဖွံ့ဖြိုးမှုအတွက် ဒေါ်လာ ၂ဘီလျံမတည်မည်ဟု တရုတ်ကကတိပေး

ရင်းနှီးမြှုပ်နှံမှုများသိသိသာသာမြင့်တက်လာရန်နှင့် ဖွံ့ဖြိုးဆဲနိုင်ငံများကိုအထောက်အကူပေးရန် ဒေါ်လာ ၂ ဘီလျံ ရန်ပုံငွေတစ်ခုကိုထူထောင်ပေးမည်ဖြစ်ကြောင်း တရုတ်သမ္မတကျီကျင်းပင်က ကတိပေးပြောဆိုခဲ့သည်။

ဖွံ့ဖြိုးရေးရည်မှန်းချက်များနှင့် စပ်လျဉ်းကာပြုလုပ်သည့် ကုလသမဂ္ဂညီလာခံတစ်ခုတွင် သမ္မတမစ္စတာကျီက လာမည့် ၁၅ နှစ်အတွင်းရင်းနှီးမြှုပ်နှံမှုလည်း ဒေါ်လာ ၁၂ ဘီလျံအထိရှိလာမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

ထို့အပြင် သေးငယ်သည့်ကျွန်းနိုင်ငံများအပါအဝင် ကမ္ဘာ့ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ၏ အကြွေးများကို ပယ်ဖျက်ပေးမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

လာမည့် ၅ နှစ်အတွင်း ပြည်ပစီမံကိန်း ၆၀၀ ကျော်ကိုအကူအညီပေးမည်ဖြစ်ပြီး ပညာသင်ဆုများကိုလည်း ပိုမိုပေးအပ်သွားမည်ဖြစ်ကြောင်း တရုတ်သမ္မတက ထပ်လောင်း ပြောဆိုခဲ့သည်။

ကမ္ဘာတစ်ဝှမ်းတွင်ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးသည် ခေတ်အဆက်ဆက်အဓိကအကြောင်းရပ်များအဖြစ် ကျန်ရှိနေကြောင်းနှင့် မကြာသေးမီကဖြစ်ပွားခဲ့သည့် ဥရောပပြောင်းရွှေ့လုပ်သားဒုက္ခသည်ကိစ္စအပါအဝင် ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများကိုဖြေရှင်းရန်အတွက် အခြေခံကျသည့် အဖြေများသည် ဖွံ့ဖြိုးတိုးတက်မှုကိုနားလည်ခြင်းနှင့် ငြိမ်းချမ်းရေးရှာဖွေခြင်းတို့တွင်ရှိနေကြောင်း ပြောဆိုခဲ့သည်။

¨စိန်ခေါ်မှုတွေ၊ ပြဿနာတွေနဲ့ရင်ဆိုင်တဲ့နေရာမှာ ကျွန်တော်တို့ဟာ ဖွံ့ဖြိုးမှုရဲ့သော့ချက်ကိုဆုပ်ကိုင်ထားရပါမယ်။ ဖွံ့ဖြိုးမှုကသာ ပဋိပက္ခဖြစ်စေတဲ့အကြောင်းရင်းတွေကိုအဆုံးသတ်ပေးနိုင်ပါတယ်¨ ဟု မစ္စတာကျီက ပြောဆိုခဲ့သည်။

ငါးလေး

## စာဖတ်ပရိသတ်သို့တောင်းပန်ခြင်း

ပြီးခဲ့သည့် စက်တင်ဘာ ၂၅ ရက်ထုတ် ရီပိုတာဂျာနယ် အတွဲ (၁)၊ အမှတ် (၁၈) ပါ နိုင်ငံတကာသတင်းအချို့၌ အယ်ဒီတာအဖွဲ့၏ ပေါ့လျော့မှုကြောင့် သတင်းနှင့် ဓာတ်ပုံလွဲမှားမှုဖြစ်ပွားခဲ့ခြင်းအတွက် စာဖတ်ပရိသတ်အား တောင်းပန်ပါကြောင်း လေးစားစွာအစီရင်ခံပါသည်။

အယ်ဒီတာအဖွဲ့

# တရုတ်တရားသူကြီးတစ်ဦး အကျင့်ပျက်ခြစားမှုဖြင့် ရာထူးမှဖယ်ရှားခံရ



တရုတ်နိုင်ငံ၏ အကြီးတန်းတရားသူကြီးများထဲမှ တစ်ဦးကို အကျင့် ပျက်ခြစားမှုစွဲချက်များဖြင့် ပါတီ အဖွဲ့ဝင်ဖြစ်မှုသာမကအစိုးရ ရာထူးများအားလုံးမှ ဖယ်ရှားခဲ့သည်။

စည်းကမ်းဥပဒေစုံစမ်းစစ်ဆေးရေးဗဟိုကော်မရှင်ကကျီရှောင်းမင်သည် နိုင်ငံရေးစည်းကမ်းများကို ဆိုးဆိုးဝါးဝါးချိုးဖောက်ခဲ့ပြီး ဥပဒေအတိုင်းဆောင်ရွက်ခြင်းမရှိခဲ့ကြောင်း ပြောဆိုခဲ့သည်။

မစ္စတာကျီသည် တရုတ်ဗဟိုတရားရုံးလက်ထောက်တရားသူကြီး ၉ ဦးထဲမှ တစ်ဦးဖြစ်သည်။

၎င်းအနေဖြင့် လာဒ်စားခြင်းများနှင့် ၎င်း၏ရာထူးကိုအသုံးပြု ကာ အခြားသူများအတွက် အကျိုးစီးပွားရှာ ဖွေပေးခြင်းတို့အတွက် ရာဇဝတ်မှုစွဲချက်များကို ရင်ဆိုင်ရဖွယ်ရှိသည်။

မစ္စတာကျီအားစုံစမ်းစစ်ဆေးမှုကိုလွန်ခဲ့သည့် ၂ လကျော်ကစတင်ခဲ့ခြင်းဖြစ်ပြီး ယခုမှ ပါတီအပေါ်မရိုးမသားပြုလုပ်ကာသစ္စာဖောက်ဖျက်ခြင်းနှင့် ပုဂ္ဂိုလ်ရေးကိစ္စများဖုံးကွယ်ထားခြင်းတို့ပြုလုပ်ခဲ့သည်ဟု ကောက်ချက်ချခဲ့ခြင်းဖြစ်သည်။

အသက် ၆၁ နှစ်ရှိမစ္စတာကျီသည် စီးပွားရေးဥပဒေအမှုအခင်းများကို အထူးတာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်ပြီး ယခုစုံစမ်းစစ်ဆေးမှုသည် ဒါဇင်ချီသည့် ရာထူးမြင့်တရုတ်အာဏာပိုင်များကို ဖမ်းဆီးအကျဉ်းချခဲ့သည့် အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးတွင် နောက်ဆုံးထွက်ပေါ်လာသည့်ကိစ္စဖြစ်သည်။

ငါးလေး

# IS အဖွဲ့အားလေကြောင်းမှတိုက်ခိုက်မှုတွင် ပူးပေါင်းပါဝင်ရန် ရုရှားစဉ်းစား



ရုရှားနိုင်ငံသည် IS ပစ်မှတ်များကိုလေကြောင်း တိုက်ခိုက်ရေးပြုလုပ်ခြင်းတွင် အမေရိကန်နှင့် မဟာမိတ်များ၏ခြေလှမ်းကိုလိုက် မည် မလိုက်မည်ကို စဉ်းစားလျက်ရှိကြောင်း ရုရှားသမ္မတပူတင်ကပြောဆိုခဲ့သည်။

မစ္စတာပူတင်သည် ကုလသမဂ္ဂအထွေထွေညီလာခံ (UNGA) တွင် သမ္မတအိုဘားမားနှင့် တွေ့ဆုံပြီးနောက် ယခုကဲ့သို့ပြောဆိုခဲ့ခြင်းဖြစ်သည်။

သို့သော် UNGA တွင်ပြောဆိုခဲ့သည့် ကမ္ဘာ့ခေါင်းဆောင်များ၏ မိန့်ခွန်းများကဆီးရီးယားစစ်ပွဲကိုမည်ကဲ့သို့ အဆုံးသတ်မည်ဆိုသည့် အကြောင်းအရာတွင် သဘောထားကွဲလွဲမှုများရှိနေကြောင်းလည်း ဖော်ပြခဲ့သည်။

ရုရှားက IS အဖွဲ့ကိုဟန့်တားရန်အတွက် ဆီးရီးယားသမ္မတဘာရှာအယ်လ်အာဆက်ဒ်နှင့် မပူးပေါင်းခြင်းသည် အမှားကြီးတစ်ခုဖြစ်လိမ့်မည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

စက်တင်ဘာလ ၂၇ ရက်တွင် အမေရိကန်နှင့်ပြင်သစ်တို့ကဆီးရီးယားသမ္မတအာဆက်ဒ်ကိုရာထူးမှဖယ်ရှားရမည် ထပ်မံပြောဆိုခဲ့ကြသည်။ သို့တော် တုံ့ပြန်မှုအနေဖြင့် မစ္စတာပူတင်က ''သူတို့က ဆီးရီးယားနိုင်ငံသားတွေ မဟုတ်ပါဘူး။ ဒါကြောင့် အခြားနိုင်ငံကခေါင်းဆောင်တစ်ဦးကိုရွေးချယ်ရာမှာသူ တို့ဝင်မပါသင့်ပါဘူး'' ဟုပြောဆိုခဲ့ သည်။

ရုရှားအနေဖြင့် ကုလသမဂ္ဂ၏ ခွင့်ပြုချက်ရရှိမှသာ လေကြောင်းတိုက်ခိုက်မှုများကို ပြုလုပ်မည်ဖြစ်ကြောင်းနှင့် ဆီးရီးယားရှိမြေပြင်စစ်ဆင်ရေးတစ်ခုအတွင်း ရုရှားတပ်ဖွဲ့များပါဝင်ခြင်းကို ထည့်သွင်းပြောဆိုခြင်း မပြုခဲ့ပေ။

ငါးလေး

# အိန္ဒိယဗဟိုဘဏ် အတိုးနှုန်း မျှော်လင့်ထားသည်ထက် လျှော့ချ

အိန္ဒိယဗဟိုဘဏ်က ၎င်း၏ အတိုးနှုန်းများကို ယခုနှစ်အတွင်း စတုတ္ထ အကြိမ်မြောက် လျှော့ချရာမှုလပြီး မျှော်လင့်ထားသည်ထက်ပိုများခဲ့သည်။

အိန္ဒိယအရန်ဘဏ် (RBI) က စီး ပွားရေးဘဏ်များသို့ချေးငွေအတိုးနှုန်းကို ၇ဒသမ၂၅ ရာခိုင် နှုန်းမှ ၆ဒသမ၇၅ ရာခိုင်နှုန်းသို့ လျှော့ချလိုက်ခြင်းဖြစ်ပြီး စီးပွားရေးပညာရှင်များကဗဟိုဘဏ်သည် ချေးငွေအတိုးနှုန်းထားကို ၇ ရာခိုင်နှုန်းအထိလျှော့ချလိမ့်မည်ဟု ခန့်မှန်းထားခြင်းဖြစ်သည်။

ဩဂုတ်လတွင် အရောင်းကုန်စည်ဈေးနှုန်းများ ကျဆင်းမှုကြောင့် ငွေကြေးဖောင်းပွမှုနှုန်းသည် ၃ဒသမ ၆ ရာခိုင်နှုန်းအထိ စံချိန်တင် နိမ့်ကျသွားပြီးနောက် စီးပွားရေး ဖွံ့ဖြိုးမှုကိုအရှိန် မြှင့်တင်ပေးရန်ဖိအားများ အိန္ဒိယ ဗဟိုဘဏ်ပေါ်သို့ ကျရောက်လာခဲ့သည်။

ယခုလျှော့ချလိုက်သည့် ချေးငွေအတိုးနှုန်းထားသည် လေးနှစ်ခွဲကာလအတွင်းအိန္ဒိယနိုင်ငံအတွင်းအနည်းဆုံးနှုန်းထားဖြစ်သည်။

RBI သည် ယခုနှစ်အတွင်း ဇန်နဝါရီ၊ ဖေဖော်ဝါရီနှင့် ဇွန်လများတွင် လျှော့ချပေးခဲ့ခြင်းနှင့်အတူချေးငွေအတိုးနှုန်းထားကို စုစုပေါင်း သုညဒသမ ၇၅ အထိလျှော့ချထားပေးခဲ့ပြီးဖြစ်သည်။

''အိန္ဒိယနိုင်ငံမှာစီးပွားရေးနာလန်ထူမှုဟာအစပျိုးလာပါပြီ။ ဒါပေမယ့် ကြံ့ခိုင်မှုရှိဖို့ အဝေးကြီးလိုပါသေးတယ်'' ဟု RBI ဥက္ကဋ္ဌ RaghuramRajan က ကြေညာချက်တစ်ခုတွင် ပြောဆိုခဲ့သည်။



''လည်ပတ်မှုထဲမှာဘဏ္ဍာရေးဆိုင်ရာလုံ့ဆော်မှုပမာဏနဲ့ပတ်သက်လို့ သေချာရေရာမှုရှိတာများလာမယ်ဆိုရင် ရင်းနှီးမြှုပ်နှံမှုကလည်း အားကောင်းကောင်းနဲ့ ပိုတုံ့ပြန်လာပြီး ပြည်တွင်းဝယ်လိုအားတွေကို မြင့်တက်စေမှာပါ'' ဟု ၎င်းက ပြောဆိုခဲ့သည်။

ငါးလေး



# တိုင်ဖုန်းမုန်တိုင်းတုယွမ်ကြောင့် ထိုင်ဝမ်တွင် လူနှစ်ဦးသေဆုံး

စက်တင်ဘာလ ၂၈ ရက်က ထိုင်ဝမ်တွင် အင်အားကြီးမုန်တိုင်း တစ်ခုတိုက်ခတ်ခဲ့ခြင်း ကြောင့် လူ ၂ ဦး သေဆုံးခဲ့ရသည်။

လေတိုက်နှုန်းတစ်နာရီလျှင် ၁၄၁ မိုင်နှုန်း အထိအင်အားရှိခဲ့သည့် တိုင်ဖုန်းမုန်တိုင်းတုယွမ်တိုက်ခတ်နေစဉ် နေအိမ် ပေါင်း ၁ဒသမ၈ သန်းခန့် လျှပ်စစ်မီးပြတ်တောက်ခဲ့သည်။

မုန်တိုင်းမတိုက်ခတ်မီလူထောင်ပေါင်းများစွာကို အန္တရာယ်ရှိနိုင်သည့်နေရာများမှ ပြောင်းရွှေ့ထားခဲ့ပြီးတပ်ဖွဲ့ဝင်ထောင်ပေါင်းများစွာကိုအဆင်သင့်နေရာချထားခဲ့သည်။

အချို့နေရာများတွင် တစ်ရက်တည်းအတွင်း မိုးရေချိန် ၉၀၀ မီလီမီတာအထိ ရွာသွန်းမှုရှိခဲ့ပြီး ထိုင်ဝမ် နှစ်စဉ်ပျမ်းမျှမိုးရေချိန်၏ သုံးပုံတစ်ပုံခန့် ရှိခဲ့သည်။

တိုင်ဖုန်းမုန်တိုင်းတုယွမ်မှာ စက်တင်ဘာလ ၂၈ ရက်တွင် တရုတ်နိုင်ငံ၏ အရှေ့တောင်ပိုင်းဖူ ကျန်းပြည်နယ်သို့ ဦးတည်သွားခဲ့ပြီးနောက် အားလျော့သွားခဲ့သည်။

သက်ကြီးရွယ်အိုတစ်ဦးနှင့် ဆောက်လုပ်ရေးလုပ်သားတစ်ဦးသေဆုံးခဲ့ပြီးလူပေါင်း ၃၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။ ကျောင်းများကိုလည်းပိတ်ထားကာလေကြောင်းနှင့် မီးရထားပို့ဆောင်ရေးများမှာလည်း အဟန့်အတားဖြစ်နေရသည်။ ကမ်းခြေဒေသများတွင် လှိုင်းလုံးကြီးများနှင့် မြေပြိုသည့် အန္တရာယ်များရှိနေသေးကြောင်း အာဏာပိုင်များက သတိပေးထားသည်။

ငါးလေး

# ယီမင်မင်္ဂလာဆောင်တိုက်ခိုက်မှု သေဆုံးသူ ၁၃၁ ဦးအထိမြင့်တက်

စက်တင်ဘာလ ၂၉ ရက်က ယီမင်နိုင်ငံရှိ မင်္ဂလာပွဲပါတီတစ်ခုကိုလေကြောင်းတိုက်ခိုက်မှုတွင် သေဆုံးသူ အနည်းဆုံး ၁၃၁ ဦးရှိသွားပြီဖြစ်ကြောင်း ကုလသမဂ္ဂနှင့် ဒေသခံဆေးတပ်ဖွဲ့တို့ကပြောဆိုခဲ့သည်။

ဟူသီသူပုန်လှုပ်ရှားမှုနှင့် ဆက်နွယ်ရှိသည့် အမျိုးသားတစ်ဦး၏ မင်္ဂလာဆောင်ကျင်းပနေသည့်ပင် လယ်နီဆိပ်ကမ်းမြို့ မိုခါအနီးရှိ ကျေးရွာတစ်ခုတွင် တဲ ၂ လုံးကိုဒုံးကျည်များ ထိမှန်ခဲ့ခြင်းဖြစ်သည်။

သို့သော်လည်းဟူသီသူပုန်များ ကို ၆ လကြာ ဗုံးကြဲတိုက်ခိုက်နေခဲ့သည့် ဆော်ဒီဦးဆောင်သောညွန့်ပေါင်းတပ်ဖွဲ့ကမူတိုက်ခိုက်မှုအတွက် ၎င်းတို့တွင်တာဝန်မရှိကြောင်း ငြင်း ဆန်ခဲ့သည်။

ယီမင်နိုင်ငံအတွင်းလူ့အသက်ကိုဘက်ပေါင်းစုံမှ အလေးမထားလျစ်လျူခြင်းအား ကုလသမဂ္ဂက ပြစ်တင်ပြောဆိုခဲ့သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဘန်ကီမွန်းကပဋိပက္ခကိုစစ်ရေးအရဖြေရှင်းရန် နည်းလမ်းမရှိကြောင်းနှင့် စစ်ရေးအရ ဆက်လက်ဆောင်ရွက်နေပါက လူသားများဒုက္ခခံစားရခြင်း နှင့် ပျက်စီးခြင်းတို့သာပိုမိုဖြစ်ပွားလာမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

ဟူသီသူပုန်များနှင့် မဟာမိတ်တပ်ဖွဲ့များက နိုင်ငံတကာအသိအမှတ်ပြုထားသည့် ယီမင်သမ္မတကို နိုင်ငံအတွင်းမှ ထွက်ပြေးတိမ်းရှောင်သွားရအောင် ဖိအားပေးခဲ့ပြီးနောက် မတ်လ ၂၆ ရက်နေ့မှစတင်ကာ ကြည်း၊ လေ တိုက်ခိုက်မှုများကြောင့် အရပ်သား ၂,၃၅၅ ဦးအပါအဝင် လူပေါင်း ၅၀၀၀ ကျော် သေဆုံးခဲ့ရပြီဖြစ်သည်။

ငါးလေး

2.10.2015, / Vol-1, No-19

The Reporter NEWS JOURNAL

# နိုဝင်ဘာ ၈ ရက်တွင် ကျင်းပပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ရွေးချယ်ခံမည့် နိုင်ငံရေးပါတီအချို့၏ မဲဆွယ်စည်းရုံးမှုမြင်ကွင်းများ




















လွတ်လပ်ပြီး အမှီအခိုကင်းသော ရီပိုတာ

The Reporter
NEWS JOURNAL

**နောက်ထပ် မများစေချင်ဘူး**

စာ - ၂၃

အတွဲ (၁) အမှတ် (၁၉) | ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့တွင် စတင်ထုတ်ဝေသည် | ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၂ ရက်

# မဲစာရင်းအမှားများကြောင့် ရွေးကောက်ပွဲ တရားမျှတနိုင်ပါ့မလား

စာ - ၁၆



ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး



အခြေခံ မဲစာရင်းလာရောက်ကြည့်ရှုနေသူတစ်ဦး
ဓာတ်ပုံ - အွန်လိုင်း

## ကရင်တိုင်းရင်းသားလက်နက်ကိုင်နယ်မြေရှိ ကျေးရွာ ၁၀၀ ကျော်၌ မဲရုံမထားရှိနိုင်

စာ - ၁၂

## ဂေါက်ကွင်းသိမ်းလယ်မြေများ လျော်ကြေးရရှိရေးတောင်သူများ ထွန်တုံးတိုက်ပွဲဆင်

စာ - ၁၅



## မဲစာရင်းမပါသည့် ပြည်တွင်းရွှေ့ပြောင်းလုပ်သား နှစ်သိန်းကျော် အနက် နှစ်သောင်းခန့်သာ မဲစာရင်းသွင်း

စာ - ၁၁

## NLD ပါတီအောင်နိုင်ရေး မင်္ဂလာတောင်ညွန့်မြို့နယ် အနေးယာဉ်လုပ်သားများ ကူညီမဲဆွယ်

စာ - ၅

# တက္ကသိုလ်ကျောင်းသားနှင့် ကျောင်းသူကို အုပ်စုဖွဲ့ ရိုက်နှက်လုယက်မှု ပြည်မြို့၌ ဖြစ်ပွား

စာ - ၁၄

# ရွေးကောက်ပွဲစောင့်ကြည့်ရေးသင်တန်းနှင့် ပါတီစုံစကားဝိုင်း ပြည်၌ သုံးရက်ကြာ ပြုလုပ်

**ပြည်မြို့၊ စက်တင်ဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့တွင် ပါတီပေါင်းစုံပါဝင်တက်ရောက်သည့် ရွေးကောက်ပွဲစောင့်ကြည့်ရေး၊ ပါတီကိုယ်စားလှယ် သင်တန်းနှင့် ပါတီစုံစကားဝိုင်းကို စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၁ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

``ရွေးကောက်ပွဲတစ်ခုမှာ ပါတီတွေရဲ့ ရွေးကောက်ပွဲကိုယ်စားလှယ်တွေရှိမယ်။ ပြီးရင်သူတို့ ခန့်အပ်ထားတဲ့ ကမ်ပိန်းကိုယ်စား လှယ်တွေရှိမယ်။ ရွေးကောက်ပွဲကို စောင့်ကြည့်မယ့် မဲရုံကိုယ်စားလှယ်တွေရှိမယ်။ သူတို့ကို ရွေးကောက်ပွဲရဲ့ ဖြစ်စဉ်အဆင့်ဆင့်မှာ သူတို့ရဲ့အခန်းကဏ္ဍ၊ လုပ်ပိုင်ခွင့်၊ အငြင်းပွားမှု၊ လူလုပ်တဲ့ အမှားတွေကို သိရှိပြီး ပါတီတွင်းမြို့နယ်၊ ကျေးရွာတွေအလိုက် ရွေးကောက်ပွဲ အစီအစဉ်တွေ ဆွဲနိုင်ဖို့ အခုလိုသင်တန်းတွေ ကို ပြုလုပ်တာပါ`` ဟု ပါတီများနှင့်ဒီမိုက ရေစီဆိုင်ရာ ဒိန်းမတ်အင်စတီကျု (DIPD) မှ မြန်မာကိုယ်စားလှယ် ဒေါ်ခင်သဇင်မြင့်က ပြောသည်။

အဆိုပါ သင်တန်းတွင် ရွေးကောက်ပွဲအစမ်းလေ့ကျင့်ခြင်း၊ ကြိုတင်မဲကိစ္စ၊ နိုင်ငံရေးပါတီများနှင့် ရွေးကောက်ပွဲ ကိုယ်စားလှယ်များ၏ ကျင့်ဝတ်ဆိုင်ရာများ၊ နိုင်ငံရေးပါတီများ၏ ရွေးကောက်ပွဲစောင့်ကြည့်ခြင်းနှင့် ပတ်သက်သည့်အကြောင်းအရာများ ရွေးကောက်ပွဲ ကာလအတွင်း ကြုံတွေ့နိုင်သည့်အခက်အခဲများ၊ ပါတီအချင်းအချင်း ပူးပေါင်းဖြေရှင်းနိုင်သော နည်းလမ်းများ စသည့် အကြောင်း အရာများကို ဆွေးနွေးပို့ချခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

``ပါတီတွေ စုံစုံလင်လင်နဲ့လုပ်တာတော့ ကောင်းတာပေါ့။ အခုလို သင်တန်းတွေတက်ထားတာ ရွေးကောက်ပွဲနဲ့ ပတ်သက်လို့ မသမာမှုတွေရှိလာတဲ့အခါ သေသေချာချာ သိရှိနိုင်တယ်။ စောင့်ကြည့်လို့လည်း ရတယ်`` ဟု ပြည်မြို့နယ် လူ့ဘောင်သစ် ဒီမိုကကရက်တစ်ပါတီ ဒုတိယဥက္ကဋ္ဌ ဒေါ်ဇင်မာဝင်းက ပြောသည်။

အဆိုပါ သင်တန်းကို ပါတီများနှင့်ဒီမိုကရေစီဆိုင်ရာ ဒိန်းမတ်အင်စတီကျု (DIPD) ၏အစီအစဉ်ဖြင့်ပြုလုပ်ပေးခြင်းဖြစ်ပြီး မြစ်ကြီးနား၊ မန္တလေး၊ ပြည်မြို့များ၌ပြုလုပ်နေပြီး မုံရွာ၊ ရွှေဘို၊ ပုသိမ်၊ တောင်ကြီး၊ ကလေးမြို့များတွင်လည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။




# အနိုင်ရာယ်ကင်းပရိတ်ရွတ်ပြီး ဒီချုပ်အောင်နိုင်ရေး အလံလွှဲပြောင်းပေးအပ်




**တောင်တွင်းကြီး၊ စက်တင်ဘာ ၂၉**

နိုင်ငံရေးပါတီများမဲဆွယ်စည်းရုံးခွင့်ပြုသည့် စက်တင်ဘာ ၈ ရက်မှ စတင်ကာ နိုင်ငံရေးပါတီများအပြိုင်အဆိုင်မဲဆွယ်ကြရာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင်များ တိုက်ခိုက်ခံရသဖြင့် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အောင်နိုင်ရေးယာဉ်ပေါ်၌ အန္တရာယ်ကင်းပရိတ်ရွတ်ပြီးအောင်နိုင်ရေး အလံလွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

``နံနက် ၅ နာရီခွဲက သံဃာတော် ၅ ပါးပင့်ဖိတ်ပြီး အောင်နိုင်ရေးကားပေါ်မှာ အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ရပါတယ်။ ရွတ်ဖတ်ပြီး အောင်နိုင်ရေးအလံကိုလွှင့်ထူပြီး ဒီချုပ်အောင်နိုင်ရေးထံ အလံလွှဲပြောင်းပေးအပ်ခဲ့ပါတယ်`` ဟု တောင်တွင်းကြီးအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အောင်နိုင်ရေး ဥက္ကဋ္ဌ ဦးဝင်းအောင်က ပြောသည်။

စက်တင်ဘာ ၂၆ ရက်က တောင်တွင်းကြီးမြို့နယ်မျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မြို့တွင်းဖျော်ဖြေရေးယာဉ်များဖြင့် လှည့်လည်မဲဆွယ်စည်းရုံးခဲ့ကြောင်း သိရသည်။

**ပွင့်ထူး(တောင်တွင်းကြီး)**

# အကောက်ခွန်မဲ့ကျောက်စိမ်း ဖြတ်စများနောင်ချိုအဝင်၌ ဖမ်းဆီး

**နောင်ချို၊ စက်တင်ဘာ၂၉**

ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့အဝင်တွင် မော်တော်ယာဉ်တစ်စီးပေါ်မှ ၁ ကီလိုဂရမ်လျှင် ကျပ် တစ်သိန်းတန်ဖိုးရှိသော ကျောက်စိမ်းဖြတ်စ လက်ဝတ် ရတနာ စုစုပေါင်း အလေးချိန် ၇၂ ဒသမ ၃၀ ကို ဖမ်းဆီးရမိခဲ့ကြောင်း ကုန်သွယ်ရေး ဦးစီးဌာနမှ သတင်းရရှိသည်။

အဆိုပါ ကျောက်စိမ်းဖြတ်စ လက်ဝတ်ရတနာများကို စက်တင်ဘာ ၂၇ ရက် နံနက် ၈ နာရီတွင် နောင်ချိုမြို့ အဝင် တရားမဝင်ကုန်သွယ်မှု အကောက်ခွန်မဲ့ကုန်ပစ္စည်းများ ထိန်းချုပ်ရေး လှုပ်ရှားမှုအဖွဲ့ (၁) ပူးပေါင်းအဖွဲ့က ဖမ်းဆီးရမိခဲ့ခြင်းဖြစ် ပြီးအဆိုပါ မော်တော်ယာဉ်မှာ စစ်ဆေးရေးအဖွဲ့ထံ စစ်ဆေးမခံဘဲ ဆက်လက်မောင်းနှင်သွားခြင်းကြောင့် စုံစစ်ဆေးရေးအဖွဲ့က လိုက်လံဖမ်းဆီးခဲ့ရခြင်းဖြစ်သည်။

``မန္တလေးဘက် ကလာတဲ့ ယာဉ်အမှတ်7H/--- ယာဉ်က စစ်ဆေးရေးဂိတ်ကို အစစ်ဆေးခံဖို့ဝင်လာတယ်။ အစစ်မခံဘဲ ပြန်ပြီး မောင်းနှင်သွားလို့ ပူးပေါင်းအဖွဲ့က မသင်္ကာဖြစ်ပြီး လိုက်တာခဲ့တာ ဂုတ်တွင်းတံတားနားမှာ ပြန်တွေ့လို့ စစ်ဆေးတော့ မော်တော်ယာဉ် ဒတ်ရှ်ဘုတ်နဲ့ မှန်အောက်ကြား နေရာအနှံ့မှာ ဝှက်ထားတဲ့ ကျောက်စိမ်းဖြတ်စ၊ လည်ဆွဲ၊ ကျောက်ချောထည် စုစုပေါင်းအလေးချိန် ၇၂ ဒသမ ၃၀ တို့ကို ရှာဖွေသိမ်းဆည်းရမိခဲ့တယ်`` ဟု ကုန်သွယ်ရေးဦးစီးဌာနမှ ဦးသန့်ဝင်းက ပြောသည်။

မော်တော်ယာဉ်ကို အဖွဲ့စုံက ရှာဖွေစစ်ဆေးနေချိန်တွင် ယာဉ်မောင်း ဖြစ်သူမှာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် ဖမ်းဆီးရမိသည့် မော်တော်ယာဉ်နှင့် သက်သေခံပစ္စည်းများကို အကောက်ခွန်ဌာနသို့ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သိရသည်။

စက်တင်ဘာလ ပထမပါတ်အတွင်းက မူဆယ်မြို့အဝင် ၁၀၅ မိုင် စစ်ဆေးရေးစခန်းတွင် ၆ ဘီး ကုန်တင်ယာဉ်ကြီးပေါ်မှ အခွန်ပေးဆောင်ပြီးသည့် ကုန်များအောက်တွင် ဝှက်ယူသယ်ဆောင်လာသည့် ကျောက်စိမ်းအရိုင်းဖြတ်စများ ဖမ်းဆီးရမိခဲ့သော်လည်း စစ်ဆေးရေးအဖွဲ့က စစ်ဆေးနေစဉ် ယာဉ်မောင်းမှာ တိမ်းရှောင်ခဲ့သည့် ဖြစ်ရပ်များရှိခဲ့ကြောင်း ကုန်သွယ်ရေး ဦးစီးဌာနမှ သိရသည်။

**မမ**

# မှုခင်းကျူးလွန်ရေးပုံပြောင်းကားဖြင့် ကင်းလှည့်ရန်စီစဉ်

**မန္တလေး၊ စက်တင်ဘာ ၂၉**

မန္တလေးခရိုင်အတွင်း မှုခင်းကျဆင်းရေး ကင်းလှည့်ရာတွင် အရပ်သား ကားမောင်းသည့် သဏ္ဍာန်ဖြင့် ကင်းလှည့်ရန် စီစဉ်နေကြောင်း မန္တလေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရှိရသည်။

``မြို့နယ်တွေမှာ လုံခြုံရေးလုပ်တဲ့အခါ ပြစ်မှုကျူးလွန်သူတွေ ရဲတပ်ဖွဲ့ဝင်ပါဝင်တဲ့ မော်တော်ယာဉ်လှည့်ကင်းတွေကို မသိရှိအောင် ဝိုင်ယာလက်မီးမထွန်းဖို့ ပြောထားပြီးဖြစ်ပါတယ်`` ဟု မန္တလေးခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးက ပြောသည်။

မန္တလေးမြို့တွင် ဖြစ်ပွားနေသည့် ဆိုင်ကယ်ဖြင့် လုယက်မှုများ၊ ဆိုင်ကယ်ရှေ့ဘီးထောင်မောင်းနှင်ခြင်း၊ ပြိုင်ကားများ အရှိန်နှုန်းမြင့်စွာမောင်းနှင်ခြင်းနှင့် သူခိုးများ၊ ခါးပိုက်နှိုက်များကို ဖမ်းဆီးနိုင်ရန် ပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်။

`` ညပိုင်းလှည့်ကင်းဆောင်ရွက်ရာမှာ Police ဆိုတဲ့စာတန်းပါတဲ့ကားနဲ့သွားတာထက်စာရင် အဲဒီလိုစာတန်း မပါတဲ့ကားတွေနဲ့ Surprise တစ်ခါတလေလုပ်ဆောင်ရင်ကောင်းမယ်ထင်တဲ့အတွက်တင်ပြထားပါတယ်`` ဟု ၎င်းက ပြောသည်။

မန္တလေးတိုင်းအတွင်းရှိ ၇ မြို့နယ်တွင် ရပ်ကွက်ပေါင်း ၉၇ ရပ်ကွက်ရှိရာ ၂၀၁၄ ခုနှစ်တွင် အမှုကြီး ၅၂ မှု၊ ၂၀၁၅ ခုနှစ် စက်တင်ဘာလအထိ ၃၆ မှုရှိပြီး ဆိုင်ကယ်လုယက်မှုသည် ၂၀၁၄ ခုနှစ်တွင် အမှု ၁၄၀ ကျော်ဖြစ်ပွားခဲ့ပြီး ၂၀၁၅ ခုနှစ် စက်တင်ဘာလအထိ ၇၅ မှုဖြစ်ပွားခဲ့ကာ အမှုများကျဆင်းလာကြောင်း မန္တလေးခရိုင်ရဲတပ်ဖွဲ့မှ သိရသည်။

မန္တလေးမြို့တွင် လိုင်စင်မဲ့ ဆိုင်ကယ်များကို ရောင်းချနေခြင်း၊ စီးနင်းနေခြင်းများ ရှိနေခြင်းကြောင့် အဓိကရောင်းချမှုများပြုလုပ်နိုင်သည့် နေရာများကို Mobile Team အဖွဲ့များဖြင့် ပူးပေါင်းကာ စစ်ဆေးအရေးယူမှုများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထက်မြက်**

# ဥရောပနိုင်ငံများသို့တရားဝင် သစ်တင်ပို့ရောင်းချနိုင်ရေးစီစဉ်

**ရန်ကုန်၊ စက်တင်ဘာ ၂၉**

မြန်မာနိုင်ငံမှ ထွက်ရှိသည့် သစ်များကို ဥရောပနိုင်ငံများသို့ တရားဝင်သစ်များရောင်းချနိုင်ရေး အတွက် စီစဉ်ဆောင်ရွက်နေကြောင်း စက်တင်ဘာ ၂၉ ရက်က ကျင်းပပြုလုပ်သော သစ်တောဥပဒေစိုးမိုးမှု၊ အုပ်ချုပ်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲမှ သိရသည်။

``လက်ရှိမှာ တရားဝင် ဥရောပနိုင်ငံကို သစ်များရောင်းချဖို့ ဆွေးနွေးနေတယ်။ တရားမဝင်သစ်ထုတ်လုပ်မှုတွေကြောင့် နိုင်ငံတော်အတွက်လည်း ထိခိုက်နစ်နာတယ်။ ဒါကြောင့် ဥရောပနိုင်ငံကိုတရားဝင်တင်ပို့ဖို့အတွက် သစ်တောဥပဒေစိုးမိုးမှု၊ အုပ်ချုပ်မှုနှင့် ကုန်သွယ်မှုတိုးတက်ကောင်းမွန်ဖို့အတွက် လက်ရှိမှာ Forest Law Enforcement Governance and Trade ကို ရေးဆွဲနေပါတယ်`` ဟု မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဒေါက်တာစိန်ဝင်းက ပြောသည်။

ဥရောပနိုင်ငံသို့တရားဝင်သစ်တင်ပို့နိုင်ရန် ရေးဆွဲမည့် ဥပဒေသစ်တွင် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးဆုံးရှုံးမှုများမရှိသေးဘဲ သစ်တောများကို ရေရှည်တည်တံ့သော စီမံခန့်ခွဲမှုများဖြင့် ပြဋ္ဌာန်းဆောင်ရွက်ရန်၊ ပုဂ္ဂလိကကဏ္ဍမြှင့်တင်နိုင်ရန် သစ်တောထွက်ပစ္စည်းများ၊ ထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်းစဉ်များတွင် အလုပ်သမားများ၏ ကျန်းမာရေး၊ လုပ်ငန်းခွင့်လုံခြုံစိတ်ချရေးနှင့် လုပ်အားတန်ဖိုးများ ဒေသခံတိုင်းရင်းသားများ၏ အခွင့်အရေးများနှင့် ဓလေ့ထုံးစံများကို ထိခိုက်မှုမရှိဘဲဆောင်ရွက်ရန် ထည့်သွင်းရေးဆွဲထားကြောင်း အဆိုပါအလုပ်ရုံဆွေးနွေးပွဲမှ သိရသည်။

``လက်ရှိမှာ သစ်တောပြုန်းတီးမှုတွေက တစ်နှစ်ထက်တစ်နှစ် တိုးလာတယ်။ ဘာကြောင့်လဲဆိုရင် သစ်ခိုးထုတ်မှုတွေ၊ ပြည်သူတွေ အတွက် လုံလောက်တဲ့ စွမ်းအင်မရရှိတာတွေကြောင့် သစ်တောတွေပြုန်းတီးလာတယ်။ နောက်တစ်ခုက သစ်တောကဏ္ဍမှာ ဥပဒေစိုးမိုးမှုမရှိဘူး။ ဒါတွေအားလုံးအတွက် သစ်တော ဦးစီးဌာနမှာ တာဝန်ရှိပါတယ်`` ဟု ဂေဟာစနစ်ထိန်းသိမ်းရေးနှင့် ပြည်သူ့အစုအဖွဲ့ဖွံ့ဖြိုးရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာကျော်တင့်က ပြောသည်။

မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုသည် ၁၉၇၄ ခုနှစ်တွင် ၆၁ရာခိုင်နှုန်းရှိရာမှ ၂၀၁၀ ခုနှစ်တွင် ၄၇ ရာခိုင်နှုန်းအထိ လျော့နည်းလာခဲ့ပြီး သစ်တောဖုံးလွှမ်းမှုပျမ်းမျှနှစ်စဉ် ၀ ဒသမ ၉၅ ရာခိုင်နှုန်းဆုံးရှုံးခဲ့ရကြောင်း သိရသည်။

**ထက်ထက်**

# ကန့်ကွက်လွှာကြောင့် အတိုက်အခံအင်အားစုများရှုံးမည်ကို ၈၈ ကိုကိုကြီး စိုးရိမ်

**ရန်ကုန်၊ စက်တင်ဘာ ၂၉**

လာမည့် ရွေးကောက်ပွဲတွင် အတိုက်အခံအင်အားစုများအနိုင်ရနိုင်သော်လည်း ကန့်ကွက်လွှာများကြောင့် ရှုံးမည်ကိုစိုးရိမ်ကြောင်း ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးကိုကိုကြီးက စက်တင်ဘာ ၂၉ ရက်တွင် ပြုလုပ်သည့် ``Electoral Management for Free and Fair Flection`` ဆွေးနွေးပွဲတွင် သတိပေးပြောကြားခဲ့သည်။

``ကျွန်တော်စိုးရိမ်တာကတော့ တောင်ပြို၊ ကမ်းပြိုပြီးမှ အကုန်ပျော်သွားမှာကိုစိုးရိမ်ပါတယ်။ နိုင်တော့နိုင်တယ်။ နိုင်ပြီးမှ ကန့်ကွက်လွှာတွေနဲ့ ပြန်ပြီးတော့ ရုပ်သိမ်းခံရတဲ့ ကိစ္စမျိုးတွေ ကန့်ကွက်လွှာကြောင့် ရှုံးသွားတာကြုံရနိုင်တယ်`` ဟု ၎င်းက ပြောသည်။

မဲဆွယ်စည်းရုံးရာတွင် ကိုယ်စားလှယ်လောင်း ကိုယ်တိုင်က မကျူးလွန်ခဲ့သော်လည်း အခြားသူတစ်ဦးက မိမိအမည်သုံးစွဲပြီးကျူးလွန်ပါက ရွေးကောက်ပွဲနည်းဥပဒေအရ ပြစ်မှုမြောက်သဖြင့် သတိထားသင့်ကြောင်း ၎င်းက ပြောသည်။

``ကျွန်တော်တို့က အားကျီးမာန်တက်ကားကြီးတွေဆောင်းဘောက်တွေနဲ့လှည့်လိုက်ရတာ။ နိုင်လည်းနိုင်ရော ကန့်ကွက်လွှာနဲ့ ရှုံးသွားရင် ဒုတိယမဲအများဆုံးရတဲ့ ကိုယ်စားလှယ်ကအနိုင်ကိုယ်စားလှယ်ဖြစ်နိုင်တဲ့ ပြဿနာရှိပါတယ်`` ဟု ဦးကိုကိုကြီးက သတိပေးပြောသည်။

ရွေးကောက်ပွဲဆိုင်ရာ အကန့်အသတ်များအကြား ကိုယ်စားလှယ်လောင်းများ ဂရုတစိုက်ဆောင်ရွက်ကြရန်လိုအပ်ကာ ပြိုင်ဆိုင်မှုပြင်းထန်လာပြီး အနိုင်အရှုံးအငြင်းပွားမှုများ ပိုမိုများလာနိုင်ကြောင်း ၎င်းက ပြောသည်။

**တေဇလင်း**

# နောက်ဆုံးရသတင်းတိုများ

■ အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်ရန်တောင်းဆိုမှုကြောင့် သာယာဝတီအကျဉ်းထောင်တွင်ဖမ်းဆီးခံထားရသည့် ကျောင်းသား၊ ကျောင်းသူများနှင့်ဝန်းရံပြည်သူများ၏အမှုကိုပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်ချုပ်ရုံးတွင် အမှုတွဲနောက်ကျ၍ အမှုစစ်ဆေးခြင်းမရှိဘဲ အောက်တိုဘာ ၆ ရက်သို့ ရုံးချိန်းပြန်လည်ချိန်းဆိုခဲ့ကြောင်း ကျောင်းသားများဘက်မှ အမှုလိုက်ပါဆောင်ရွက်ပေးနေသူ ရှေ့နေ ဒေါ်ခင်ခင်ကျော်က ပြောသည်။

■ အခြေခံ မဲဆန္ဒရှင်စာရင်း အပြည့်အစုံ မှန်ကန်မှုမရှိခြင်းသည် မီဒီယာများကြောင့် ဖြစ်ကြောင်းနှင့် မဲဆန္ဒရှင်များသည် ရွေးကောက်ပွဲကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်မှုမရှိခြင်းကြောင့်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးက ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၉ ရက်တွင် တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ ကျင်းပသည့် နိုင်ငံရေးပါတီများနှင့် တွေ့ဆုံပွဲတွင် ပြောကြားခဲ့သည်။

■ ပြည်ထောင်စုလွှတ်တော်နာယကသူရဦးရွှေမန်းက ၎င်းဝင်ရောက်အရွေးခံမည့်ဖြူးမြို့နယ်သို့စက်တင်ဘာ ၂၉ ရက်တွင်သွားရောက်ကာ ဒေသခံလူထုနှင့်တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

■ လက်ပံတောင်းတောင်ကြေးနီစီမံကိန်း ရုပ်သိမ်းပေးရေး ကန့်ကွက်ဆန္ဒပြကြသော ရဟန်းရှင်လူများကို မီးလောင်ဗုံးပစ်ကာ အကြမ်းဖက်ဖြိုခွင်းခဲ့သည့် ၃၄ လပြည့်အထိမ်းအမှတ်အဖြစ် လက်ပံတောင်းတောင်ဒေသခံများက ကျိန်စာတိုက်ဆုတောင်းမှုပြုလုပ်ခဲ့ကြသည်။

# မွန်ပြည်နယ်အတွင်း မဲဆန္ဒရှင် သက်သေခံ လက်မှတ်အောက်တိုဘာလကုန်တွင် ဖြန့်ဝေမည်

**မော်လမြိုင်၊ စက်တင်ဘာ ၂၉**

မွန်ပြည်နယ်အတွင်း မဲဆန္ဒရှင်များမဲပေးရာတွင် လွယ်ကူမှုရှိစေရန် မဲဆန္ဒရှင်သက်သေခံလက်မှတ်ကို ရွေးကောက်ပွဲ မကျင်းပမီ တစ်ပတ်အလို၌ မဲဆန္ဒရှင်ပြည်သူများထံ ဖြန့်ဝေသွားမည် ဖြစ်ကြောင်းမွန်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံမှ သိရှိရသည်။

သက်သေခံလက်မှတ်ထုတ်ပေးခြင်းဖြင့် မဲဆန္ဒရှင်မှာ မဲရုံအမှတ်နှင့် မဲဆန္ဒရှင်စာရင်းအမှတ်စဉ်ကို ကြိုတင်သိရှိနိုင်မည်ဖြစ်သောကြောင့် မဲပေးရာတွင်လွယ်ကူမှုရှိစေခြင်း၊ လက်မှတ်ထုတ်ပေးသူအနေဖြင့်လည်း မဲစာရင်းအလွယ်တကူရှာဖွေနိုင်ခြင်း၊ စာမဖတ်တတ်သူများအနေဖြင့်လည်း သက်သေခံလက်မှတ်ကြိုတင် ရရှိမည့်အတွက် မဲပေးရာတွင်လွယ်ကူမှုရှိစေနိုင်ခြင်းတို့ကြောင့် ထုတ်ပေးသွားမည်ဖြစ်ကြောင်း မွန်ပြည်နယ်၊ ရွေးကောက်ပွဲတာဝန်ခံအရာရှိ ဦးဟိဏ်းလင်းထက်က ပြောသည်။

``မဲဆန္ဒရှင်ပြည်သူတွေကို ရွေးကောက်ပွဲမကျင်းပမီ တစ်ပတ်အလိုမှာ သက်သေခံလက်မှတ်ကို ဖြန့်ဝေပေးသွားမယ်။ ဒီလိုသက်သေခံ လက်မှတ် ဖြန့်ဝေလိုက်တဲ့အတွက် ပြည်သူတွေ မဲပေးရာမှာ လွယ်ကူသွားမယ်။ မဲစာရင်းမကြည့်လိုက်ရတဲ့ ပြည်သူတွေအတွက်လည်း အဆင်ပြေသွားတယ်။ ဒါကြောင့် သက်သေခံလက်မှတ် ထုတ်ပေးမှာဖြစ်တယ်။ ဒီသက်သေခံလက်မှတ်ကိုတော့ မဲပေးပြီးတာနဲ့ အခြားနေရာမှာ အသုံးပြုလို့ မရအောင်မင်တို့တဲ့ နေရာမှာ ထားခဲ့ရမှာဖြစ်တယ်`` ဟု ဦးဟိဏ်းလင်းထက်က ပြောသည်။

အဆိုပါသက်သေခံလက်မှတ်ထုတ်ပေးခြင်းနှင့်ပတ်သက်၍ ရပ်၊ ကျေးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ မဲစာရင်း ပုံစံ(၁)တွင် ပါဝင်သော အချက်အလက်များအတိုင်း သက်သေခံလက်မှတ်တွင် ဖြည့်သွင်း၍ မဲဆန္ဒရှင်ပြည်သူများထံသို့ရွေးကောက်ပွဲမကျင်းပမီတစ်ပတ်အလိုတွင် ကြိုတင်ထုတ်ပေးရမည်ဖြစ်ကြောင်း သိရသည်။

ပါဝင်သော အချက်အလက်များ ယွင်းနေပါက သက်ဆိုင်ရာရပ်/ကျေးကော်မရှင်အဖွဲ့ခွဲသို့ တင်ပြရမည်ဖြစ်ပြီး တင်ပြရန် ပျက်ကွက်ခဲ့ပါက မဲပေးသည့်နေ့တွင် အချက်အလက်များ ယွင်းမှုကို ပြင်ဆင်ပေးနိုင်ရန် မဲရုံမှူးသို့ တင်ပြရမည်ဖြစ်ကြောင်း သိရသည်။

မဲရုံမှူးမှ အဆိုပါ မဲဆန္ဒရှင်မှာ မဲပေးခွင့်ရှိသူအမှန်ဖြစ်ပါက မှားယွင်းမှုကို ပြင်ဆင်ရေးမှတ်၍ ဆန္ဒမဲပေးခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

``ဒီသက်သေခံလက်မှတ် ထုတ်ပေးမယ်ဆိုတာက ရပ်ကွက်လူကြီးတွေ၊ ရပ်ကျေးကော်မရှင်တွေ ဖြစ်တယ်။ သူတို့ကအများအားဖြင့် အာဏာပိုင်တွေနဲ့ နီးစပ်တဲ့လူတွေဖြစ်နေတယ်။ ဒါကြောင့် ကျွန်တော်တို့ပါတီတွေ အနေနဲ့ ဒီလုပ်ရပ်က စဉ်းစားစရာဖြစ်နေတယ်။ သူတို့က အာဏာရပါတီတွေအတွက် အနိုင်ရအောင်လုပ်မယ့် နည်းလမ်းတစ်ခုလားဆိုတာ စဉ်းစားစရာဖြစ်နေတယ်။ တကယ်ဆိုရင် မှတ်ပုံတင်ပါတယ်။ မဲစာရင်းမှာ နာမည်ပါရင် မဲပေးလို့ရပြီပေါ့။ အခုတော့ကြားမှာ အလုပ်တစ်ခုပိုရှုပ်တယ်။ ဒါတွေက တကယ်တမ်းလွှတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲတစ်ခုဖြစ်ဖို့ ထိန်းချုပ်တာလားဆိုတာ ကျွန်တော်တို့နိုင်ငံရေးပါတီတွေအနေနဲ့ သံသယ ဖြစ်မိတယ်`` ဟု မွန်အမျိုးသားပါတီမှ ပြောရေးဆိုခွင့်ရှိသူ ဦးနိုင်စိုးမြင့်က ပြောသည်။

မွန်ပြည်နယ်တွင် အခြေခံဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၁၄ သိန်း ၆ သောင်းကျော်ရှိပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူစာရင်းအတိအကျကို အောက်တိုဘာ ၁၀ ရက်နောက်ပိုင်းတွင် သိရှိနိုင်မည်ဖြစ်ကြောင်း မွန်ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲထံမှ သိရသည်။

**ချိုမာအောင်**

# မီးအားမြှင့်စက် အပူရှိန်လွန်ကဲမှု နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံး

**မိုးညှင်း၊ စက်တင်ဘာ၂၉**

ကချင်ပြည်နယ်၊ မိုးညှင်းမြို့ ဇောမိကုန်းကျေးရွာတွင် စက်တင်ဘာလ ၂၈ ရက်နေ့ နံနက် ၅ နာရီခန့် အချိန်က မီးအားမြှင့်စက် အပူရှိန်လွန်ကဲရာမှ လူနေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း မိုးညှင်းမြို့နယ် ရဲစခန်းမှ သိရှိရသည်။

ဖြစ်စဉ်မှာ အိမ်ရှင်များဘုန်းကြီးကျောင်းသွားစဉ် မီးအားမြှင့်စက်မှ အပူရှိန်လွန်ကဲကာ မီးလောင်မှုဖြစ်ပွားရခြင်းဖြစ်ကြောင်း မိုးညှင်းရဲစခန်း၏ ထုတ်ပြန်မှုအရ သိရသည်။

မီးလောင်ခဲ့သည့် အိမ်မှာ ၃ ခန်းပတ်လည်၊ ခြေတံရှည်၊ ပျဉ်ထောင်ပျဉ်ခင်း၊ သွပ်မိုးပျဉ်ကာထားသည့် နှစ်ထပ်အိမ် ဖြစ်ကြောင်း သိရသည်။

``မီးလောင်တာသိလို့ ချက်ခြင်းသွားတဲ့အချိန်မှာ အိမ်ပေါ်ထပ်က လောင်နေပြီ အိမ်ဘေးကစပါးကျီတွေကို ဆက်ပြီး မီးမလောင်စေဖို့ ၅ မိနစ်အတွင်း မီးညွှန့်ကြိုးအောင်ငြိမ်းသတ်နိုင်ခဲ့ပါတယ်`` ဟု မိုးညှင်းခရိုင် မီးသတ်ဦးစီး ဌာနခရိုင်မှူး ဦးဟိန်းမင်းထိုက်က ပြောသည်။

မီးလောင်မှုအား မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင် ၁၄ ဦး၊ မိုးညှင်းမြို့နယ် အရန်မီးသတ်တပ်ရင်းမှူး ဦးဆောင်သော မီးတပ်တပ်ဖွဲ့ဝင် ၁၅ ဦး၊ မီးသတ်ကား ၅ စီးတို့မှ ဝိုင်းဝန်းငြိမ်းသတ်နိုင်ခဲ့သဖြင့် အခြားအိမ်များသို့ မီးကူးစက်လောင်ကျွမ်းခြင်း မရှိကြောင်း သိရသည်။

အဆိုပါ မီးလောင်ကျွမ်းမှုကြောင့် အိမ်ပိုင်ရှင် ဦးရာကျော်အား ပ/၁၁၄ မီးပေါ့ဆမှု ပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း မိုးညှင်းမြို့နယ်ရဲစခန်းမှ သိရသည်။

**သန်းထွန်း**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြည်ခိုင်ဖြိုးပါတီကိုယ်စားလှယ်လောင်းအများဆုံး ဝင်ရောက်ယှဉ်ပြိုင်

**မုံရွာ၊ စက်တင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ကိုယ်စားလှယ်လောင်းအများဆုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှာ ဒုတိယများဆုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရှိရသည်။

``ကိုယ်စားလှယ်လောင်း အများဆုံးဝင်ရောက်ယှဉ်ပြိုင်မယ့် ပါတီက ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီပါ။ ဒုတိယအများဆုံးက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ တတိယအများဆုံးက တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီဖြစ်ပါတယ်`` ဟု စစ်ကိုင်းတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်မျိုးလွင်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၇ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၂ဦး၊ တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ် အမှတ်(၁) အတွက် ၃၇ဦးနှင့် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ်(၂) အတွက် ၃၇ ဦး စုစုပေါင်း ကိုယ်စားလှယ်လောင်း ၁၂၃ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ထို့အပြင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၃၇ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၂ ဦး၊ တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) အတွက် ၃၇ဦးနှင့် တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်အမှတ် (၂) အတွက် ၃၆ဦး စုစုပေါင်း ကိုယ်စားလှယ်လောင်း ပေါင်း ၁၂၂ ဦးတို့ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရိုင် ၉ ခု၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၁ ခုရှိပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာ ၃၇ နေရာ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နေရာ ၁၂ နေရာ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်နေရာ ၇၄ နေရာနှင့် တိုင်းရင်းသားကိုယ်စားလှယ် နေရာ ၂နေရာ စုစုပေါင်း ၁၂၅ နေရာရှိကြောင်း၊ စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း မဲပေးခွင့်ရှိသူ ၃၈ သိန်းကျော်ရှိပြီး၊ မဲရုံပေါင်း ၃၇၁၀ ရှိကြောင်း သိရသည်။

**နန္ဒ**

## The Reporter ကာတွန်း



